


www.burmeseclassic.com
စိုးမိုးစာပေ
BURMESE CLASSIC .com
(လုံးချင်းဝတ္ထုသစ်)
ဆုအာဝူလီ
ချစ်ရည်ဇာ
L လင်း
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဆုအဉ္ဇလီ

ချစ်ရည်တူ

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်စိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံယဉ်အော့ဖ်ဆက် ၆၈၊ စကားဝါလမ်း၊ အုတ်ကြီးမှယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

ဆုအဥ္စလီ
ချစ်ရည်တူ / ဆုအဥ္စလီ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ချစ်ရည်တူ


BURMESE CLASSIC .com

## အခန်း(၁)

လေယာဉ်က တိမ်ဆိုင်တိမ်လိပ်များအပေါ်မှ ဖြတ်သန်းသွားနေ၏။ အားလုံး ကိုယ့်အာရုံနှင့်ကိုယ်ဆိုပေမယ့် သွန်းအတွေးထဲမှာ ခံစားချက် အမျိုးမျိုး၊ အတွေးစိတ်ကူး အဖုံဖုံဖြင့် ချယ်ရီမြိုင်က ဘွားအကြောင်း တွေးနေမိ၍ တခြား ဘာကိုမှ စိတ်မဝင်စားမိ။

တစ်ယောက်ကိုတစ်ယောက် ကောင်းစွာ မြင်ဖူးကြတာ မဟုတ်။ တစ်ဖက်က ဖုန်းနှင့် လှမ်းဆက်သွယ်သလို သွန်းဘက်ကလည်း ဖုန်းဖြင့် အကြောင်းပြန်ကာ ချယ်ရီမြိုင်သို့ လာခဲ့ရသည့် ခရီးမှာ အဘွား၏ အမွေကို မက်လွန်းတာ တစ်ခုတည်းအတွက် မဟုတ်။ သွန်းကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အသွားဆိုသူကို တွေ့ချင်မြင်ချင်လွန်း၍ စွန့်စားလာရသောခရီး ဖြစ်သည်။

မာမီကတော့ အားလုံး သွန်းဆန္ဒအတိုင်း ဆုံးဖြတ်ပါဟုဆိုကာ ဤခရီးနှင့်ပတ်သက်ပြီး ဘာတစ်ခုမှ ဝင်ရောက်စွက်ဖက်ခြင်းမပြု။ ဘွားက ဒက်ဒီနှင့် မာမီကို လုံးဝသဘောမတူ၍ မာ့မီကို ချွေးမအဖြစ် အသိအမှတ် မပြုခဲ့။

မာမီကလည်း ဒါကို စိတ်နာခဲ့ပုံရသည်။ ဒက်ဒီ ဆုံးသွားပေမယ့် သားအမိနှစ်ယောက် ဣန္ဒြေမပျက် နေနိုင်ခဲ့သည်။ ဒက်ဒီ့ဈာပနသို့ ဘွား ရောက်မလာခဲ့။ ဤမျှ အသည်းမာနိုင်သော ဘွားက မြေးဖြစ်သူ သွန်းကို တွေ့ချင်ပါသည်ဆိုတော့ မာမီက သွန်းသဘောဟုဆို၍ ဤခရီးကို သွန်းဆန္ဒ၊ သွန်းသဘောဖြင့် ထွက်လာခဲ့ခြင်းဖြစ်သည်။

အလွန်မာနကြီးသော ဘွား၏ ဘဝနောက်ဆုံးအချိန်မှာ တစ်ဦးတည်းသော မြေးလေးကို နောက်ဆုံးအနေနဲ့ တွေ့ချင်မြင်ချင်ရှာမည့် ဘွားအဖြစ်က သနားစရာ။ အတွေးဖြင့် တစ်ဖက်ကို ဖျတ်ခနဲအလှည့်…

"အို်း…"

စူးရှတောက်ပသည့် မျက်ဝန်းအကြည့်နှင့်ဆုံ့ရိုက် နှုတ်ခမ်းနှစ်လွှာကို





တင်းတင်းစေ့ပိတ်လျက် သွန်းမျက်နှာလှလှလေးကို တစ်ဖက်သို့ ပြန်လွှဲလိုက်ရသည်က သွန်းကို ခပ်ရဲရဲ ခပ်ကဲကဲ စိုက်ကြည့်နေသည့် ချာတိတ်လေးတစ်ယောက်ကြောင့် ဖြစ်သည်။ မျက်နှာက သွန်းထက် ငယ်ရွယ်သူဖြစ်ကြောင်း ဖော်ပြနေပေမယ့် လူဟန်က ထွားကျိုင်းသူ တစ်ယောက်ဖြစ်၍ အကြောင်းမသိလျှင် သွန်းနှင့် သက်တူရွယ်တူဟု ထင်စရာ။

အရပ်အတော်မြင့်သူဖြစ်ကြောင်း ထိုင်နေတာကို ကြည့်၍ သိနိုင်သလို အသားဖြူဖြူ၊ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ မျက်လုံးတောက်တောက်၊ နှုတ်ခမ်းအစုံ ရဲရိုနေအောင် နဖတ်နေသည့် လူချော တစ်ယောက်ဖြစ်ခြင်းကိုက ငြင်း၍ မရ။

သွန်းကိုယ်သွန်း တကယ့် လူကြီးတစ်ယောက်လို ဝတ်စားထားသော်လည်း သွန်းမျက်နှာလှလှလေးမှာ ငယ်ရွယ်နုပျိုမှုကို ဖုံးအုပ်၍ မရနိုင်။ ပေါ်လွင်ထင်ရှားလွန်းသည့် သွန်းအလှက မြင်သူငေးချင်စရာ အလှမျိုး။ အစက်အပြောက်ဆို၍ မှဲ့တစ်လုံးတလေပင် မရှိ။ သွန်းမျက်နှာက ချောမွတ်နူးညံ့နေပြီး ရွှေဝါရောင်ဝင်းနေသော အသားအရေ၊ ငါးပေနှစ်လက်မ အရပ်အမောင်း၊ အချိုးအစား ကျနလှပသည့်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ် ကောက်ကြောင်းအလှကို ပိုင်ဆိုင်သူ။ နက်မှောင်ရှည်လျား သည့် ဆံဝင်တထွေးကြီးနှင့် ဘဲဥပုံလှပသည့် မျက်နှာလေးထက်မှာ စင်ရော်တော်မျက်ခုံး၊ မျက်တောင်ကော့များ ခပ်စိပ်စိပ် ဝန်းရံထားသည့် ကြည်လင်ရှင်းသန့်သည့် မျက်ဝန်းအစုံက ရွှန်းလဲ့တောက်ပလျက် နှုတ်ခမ်းလှလှ၊ နှုတ်ခမ်းထူထူ စုစုလေးက ဆေးမကူဘဲ နီရဲနေတွေးနေ၏။

လှပလွန်းသော သွန်းကို မြင်သူတိုင်းက စိတ်ဝင်စားကြသည်။ အဆန်းတကြယ် တအံ့တသြ ကြည့်ကြသည်။ သည်လို အကြည့်ခံရတာမျိုး သွန်း သွားလေရာ နေရာတိုင်းမှာ တွေ့ကြုံနေကြဖြစ်ပေမယ့် အယ်သူမှ သူ့လို သွန်းမျက်နှာကို တောက်ပရွှန်းလဲ့သော မျက်ဝန်းများဖြင့် အနေရခက်အောင် စိုက်ကြည့်နေသူမျိုးတော့ မရှိ။

သူ့အကြည့်တွေ စူးရှလွန်း၍ ရိုင်းလွန်းသည်။ ကိုယ့်ကြောင့် တစ်ဖက်သား အနေရခက်မှာကို မတွေးတော့ပြီလား မသိ။ ထိုအကြည့်မျိုးကို သွန်း မုန်းသဖြင့် ထိုလူကိုလည်း သွန်း မုန်းပါသည်။

ဒီလို ခရီးသွားမျိုးနှင့် ခရီးရှည်ကြီး အတူမသွားမိတာ ကံကောင်းသည်။ လေယာဉ်ခရီးက သိပ်မကြာ၍ တော်တော့သည်။ ခြေလှမ်းများ အသက်ရှူမှားစေ၍ လူကို အနေခက်စေသော အကြည့်ရှင်ထံ





နောက်ထပ် အကြည့်မရောက်စေရန် ကိုယ့်ကိုယ်ကို သတိထား၍ မျက်နှာလှလှလေးကို ပိုတင်းထားလိုက်၏။ သွန်းအလှကို စိတ်ဝင်စား နေကြောင်း သူ့အပြုအမူများက သက်သေခံနေတာကို သွန်း မကြိုက်။

သွန်းအသက် နှစ်ဆယ့်သုံးနှစ်ရှိပြီ။ ထိုကောင်လေးအသက်က အလွန်ဆုံးရှိ ဆယ့်ခွန်၊ ဆယ့်ရှစ်ပေါ့။ အရွယ်နဲ့မလိုက်၊ သွန့်ကို ကြည့်နေပုံက မုန်းစရာ။

သွန်း စိတ်ကူးယဉ်ထားသည့် ချစ်သူစာရင်းမှာ သွန်းထက် အသက်ငယ်သူမျိုး မပါ။ သွန်းထက် အသက်ကြီး၍ သွန်းကို အစစ အရာရာ ဦးဆောင်နိုင်မည့် သဘောထားကြီးသော၊ သွန်း ဆိုးနွဲ့သမျှ အလိုလိုက်သော ချစ်သူမျိုးကိုသာ မျှော်လင့်ထားသည်။

ဤမျှ ခြေသိက္ခာရှိသော အချစ်မျိုးကို အလိုရှိသော သွန်းနှင့်ကြမှ သွန်းအလှမှာ အရူးအမူးဖြစ်နေပုံနှင့် သွန်းကို စူးစိုက်ကြည့်နေသော အကြည့်ရိုင်းလှသည့် ထိုကောင်လေးမျိုးနှင့်ကြမှ ဘာကြောင့် လာဆုံ နေရသည်မသိ။

အတွေးနှင့် သွန်းစိတ်ကူးထဲမှာ ဆရာ့ပုံရိပ်က ဖျတ်ခနဲ ပေါ်လာ၏။ တက္ကသိုလ်ဆရာတစ်ယောက်ပီပီ ဆရာ့ကို အမြဲငေးမော အားကျ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။

ယောက်ျားပီသသော ဆရာဦးစောနိုင်က မင်းသားတစ်ယောက်လို ချောမောမယ့် ခွဲဆောင်မှုရှိသည်။ သွန်းထက် အသက်ဆယ်နှစ်ခန့်ကြီး၍ ရှူးကြီးဆန့်သည်။ သွန်းအပေါ် အစစအရာရာ နားလည်မှု ရှိသည်။ အလိုလိုက်သည်။

သွန်းချစ်သူ ဖြစ်ရမယ့်လူတွင် ရှိရမည့် အရည်အချင်းအားလုံး ဦးစောနိုင်မှာ ရှိနေပေမယ့် သွန်းနှင့် ဆရာဦးစောနိုင်တို့ ချစ်သူမဖြစ်ကြသေးပါ။ ဆရာက သွန်းကို အခုချိန်ထိ ချစ်ရေးမဆိုသေးတာကို သွန်းလည်း မစဉ်းစားတတ်။ ဒါပေမယ့် အတူတွဲသွား တွဲလာတော့ ရှိသည်။ တစ်နေ့ ချစ်သူတွေဖြစ်လာလိမ့်မည်ဟု အများက ထင်ကြေးပေးကြသလို ဆရာနှင့် သွန်း မလိုက်ဖက်ဟု ဆိုကြသူတွေကလည်း အများကြီး။

ဆရာက သွန်းထက် အသက်ကြီးတာလည်း ပါသည်။ ဆရာက ဣန္ဒြေကြီး၍ သွန်းက လူငယ်ပီပီ ဟိုဟိုဒီဒီ သွားလာချင်တာမျိုးကြတော့ ဆရာက ခွင့်မပြု။

သွန်းကို သူလိုချင်သည့် ပုံစံမျိုး မရ,ရအောင် သွင်းယူတတ်





သည့်နေရာမှာ ဆရာ့ကို လိုက်မမီမည့်သူမရှိ။ အကြောင်းပြချက် အမျိုးမျိုးအောက်မှာ သွန်းကပဲ ဆရာ့ကို အမြဲအရှုံးပေးရသည့်အဖြစ်ကို ပြန်တွေးမိတော့ သွန်း ပြုံးမိသည်။

တကယ်ဖြစ်သင့်တာက ဆရာကပဲ သွန်းကို အရှုံးပေးရမှာ မဟုတ်လား။ အခုတော့ သွန်းကချည်း ဆရာ့အကြိုက်၊ ဆရာ့သဘောကျ ဖြစ်အောင် အမြဲ ကြိုးစားနေရတာ ဘာကြောင့်လဲ။

ဆရာက သွန်းကို ချစ်လို့လား။ ဒါမဟုတ် သွန်းကချည်း ဆရာ့ကို ချစ်လွန်း၍ ဉာဏ်မှူ သည်းခံလိုက်လျော အရှုံးပေးနေခြင်းပဲလား။ သွန်းကိုယ်သွန်းလည်း သေချာမသိ။

မကြာမီ ဉာဏ်ခရီးစဉ် ပြီးဆုံးတော့မည်ဖြစ်ကြောင်း လေယာဉ်မယ်လေးက ကြေညာသလို ထိုင်ခုံခါးပတ်များ ပတ်ထားရန် သတိပေးသည်။

လေယာဉ်က ကွင်းကိုပျံဝဲပြီး စတင် ဆင်းသက်သည်။ လေယာဉ်ကွင်းထဲ ရောက်သည့်အထိ ရွှေမင်းသားက သွန်းနားမှာ ယောင်လည်လည်လုပ်ရင်း သွန်းနှင့် မျက်လုံးချင်း ဆုံခွင့်ရရန် ဖန်တီးနေသည်။ သွန်းက သူ့ကို တစ်ချက်မကြည့်။ လာကြိုမည့်သူကို ရှာပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် မတွေ့။

"ဘယ်သွားမလို့လဲ မမ၊ ကျွန်တော် လိုက်ပို့ပေးရမလား၊ ကျွန်တော့်နာမည် ဇေ…ပါ"

ထင်သည့်အတိုင်း သူ့ကိုယ်သူ ဇေလို့ပြောသည့်ကောင်လေးက အရပ်မြင့်ပြီး အုပ်မိုးမတတ် သွန်းကို ငေးကြည့်ရင်း သူ့ကိုယ်သူ မိတ်ဆက်လာ၍ သွန်း မျက်နှာလေးကို တင်းထားလိုက်သည်။

"တို့ကို လာကြိုမှာပါ၊ အခုလို ပြောတာ သင့်ခ်ယူ"

ဒါပဲပြောပြီး သူ့ကို သွန်း ကျောခိုင်းပြီး တခြား ခပ်ဝေးဝေးမှာ သွားနေဖို့ ကြိုးစားပေမယ့် ဇေဆိုသူက သွန်းနားက မသွား။

နောက်ဆုံး အငှားကားတစ်စီးပေါ် လှမ်းတက်လိုက်မှ ဇေ့ကို တခြားကောင်လေးအုပ်စုက လာခေါ်သွားတာ မြင်လိုက်မှ ရင်ပေါ့သွားသည်။

"ဘယ်ကို ပို့ပေးရမလဲ ခင်ဗျာ"

"ချယ်ရီမြိုင်ကိုပါ"

❖❖❖





ချယ်ရီမြိုင်…။

ပန်းချယ်ရီတို့ အုံ့ဆိုင်းစိမ်းညိုနေသော ခြံဝန်းကျယ်ကြီးတစ်ခု။ ခြံဝန်းကျယ်ကြီး၏ အလယ်မှာ ရှေးဆန်သော နှစ်ထပ်တိုက်မြင့်ကြီးက ကြီးမားခန့်ညားသောအသွင်ဖြင့် အခုချိန်ထိ ခိုင်ခန့်သပ်ရပ်စွာ မားမား မတ်မတ် ရှိနေဆဲ။ ခြံကြီးထဲရှိ ရောင်စုံပန်းဥယျာဉ်၊ နှစ်ရှည်သီးနှံပင်များ အားလုံး စိမ်းစိမ်းစိုစို စနစ်တကျရှိနေ၍ ချယ်ရီမြိုင်၏ အရှင်သခင်၏ စီမံအုပ်ချုပ်နိုင်စွမ်း အတာယ်မျှရှိကြောင်း ဖော်ပြထားပြီးသား ဖြစ်နေတာကို သဘောကျမိသည်။

ဘွားဆိုတာ အသက်ကြီးပေမယ့် မပျက်စီးသေးပါဘူးလို့ ပြောချင်တာလား။ ချယ်ရီမြိုင်ကို မြင်ရတာနှင့် စိတ်ထဲ လန်းဆန်းသွားရခြင်းကိုက ဝန်မခံဘဲ မနေနိုင်။

"ရောက်ပြီလား"

"ဟုတ်ကဲ့"

ဦးခေါင်းတစ်ခုလုံး ငွေမင်ရောင် ဖြူဖွေးနေသည့် ဘွားက ဆံပင်များကို ရွှေဘီးတစ်ချောင်းဖြင့် ခပ်ရိုးရိုးထုံးထွဲ့ထား၏။ ကျယ်ပြန့်သော မဟာနဖူးနှင့် ကျက်သရေအလွန်ရှိသော အမျိုးသမီးကြီးက သွန်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘွားပါလား။ အခုချိန်ထိ တောက်ပနေသော မျက်လုံးများကား ဘွား ငယ်ရွယ်နုပျိုစဉ်က မည်မျှ ထက်မြက်ကြောင်း ဖော်ပြနေသည်။ ဘွား ငယ်စဉ်က မည်မျှထက်မြက် ချောမောလှပလိုက်မည်နည်းဟု သွန်း တွေးလိုက်မိသလို ဘာကြောင့် ဘွားက သူ့ရဲ့ တစ်ဦးတည်းသောသားနဲ့ မာမို့လို-သာမန်မိသားစုမှ ပေါက်ဖွားလာသည့် မိန်းကလေးနှင့် သဘော မတူနိုင်ခြင်းအဖြစ်ကို ခမ်းနားလှပသော အသုံးအဆောင်ပစ္စည်းများက သက်သေခံနေ၏။

ညှို့ခန်းအလယ်တွင် ရပ်နေသည့် သွန်းရှိရာသို့ ဘွား ရောက် လာပြီး သွန်းမျက်နှာကို စေ့စေ့ကြည့်ပြီး သွန်း တစ်ကိုယ်လုံးကို ကြည့်သည်။

“အဖေ၊ အမေဆီက အချောအလှတွေအားလုံး စုရထားလိုက်တာ ဘယ်လောက်များ ကံကောင်းလိုက်တဲ့ မိန်းကလေးလဲ”

“ဘွား မြေးလောက် ချောလှတဲ့သူ ရှိမှရှိပါဦးမလားကွယ်၊ ဘွားမြေးက ဘွား ထင်ထားတာထက် ပိုလှတယ်”

“ကျေးဇူးတင်ပါတယ် ဘွား”

“ဘွားကသာ မြေးကို ကျေးဇူးတင်ရမှာပါကွယ်၊ ခေါ်သာ





ခေါ်ရတာ၊ စိတ်ထဲမှာ လာမယ်လို့ကို ထင်မထားဘူး”

“လာ… ဘွားနားမှာ ထိုင်ပါဦး”

ဘွားက သွန်းလက်ကလေးကို ဆွဲပြီး သူ့နားမှာ နီးကပ်စွာ ထိုင်စေပြီး သွန်းဆံပင်ရှည်ကြီးကို စိတ်ဝင်စားစွာ ကြည့်သည်။

“မြန်မာမိန်းကလေးဆိုတာ ဒီလိုပဲ ဖြစ်ရမှာပေါ့ကွယ်၊ မိန်းမတို့ ဘုန်း ဆံထုံးဆိုတာ မြေးလည်း သိမှာပေါ့”

“ဟုတ်ကဲ့ပါ အဘွား”

“ကေသီက သူ့သမီးကို ကောင်းကောင်း သွန်သင်ဆုံးမနိုင်ခဲ့ သားပဲ၊ ဒါကိုတော့ ဘွား ချီးကျူးတယ်၊ သူရော နေကောင်းရဲ့လား”

“ကောင်းပါတယ် ဘွား၊ မာမီက ဘွားအတွက် လက်ဆောင် တွေလည်း ပေးလိုက်ပါတယ်”

ဘွားက သွန်းမျက်နှာကို သေသေချာချာ စိုက်ကြည့်နေပြီး သက်ပြင်းချလိုက်သည်။ ဘွားကိုယ်တိုင် ဘယ်တုန်းကမျှ ချွေးမအဖြစ် အသိအမှတ် မပြုခဲ့သော ခေါ်ကေသီကို အခုချိန်မှာ ဘွား ပြန်ချီးကျူး နေရပါပြီ။

“မြေးကို မောင်သိန်း လာကြိုတယ် မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"သွန်းဘာသာ အငှားကားနဲ့ လာတာပါ ဘွား၊ လာကြိုတဲ့ လူနဲ့ လမ်းမှာ လွဲခဲ့တယ် ထင်ပါတယ်"

"အေးလေ… ဘာပဲဖြစ်ဖြစ် ဘွားမြေးလေးကို ဘွားမသေခင် အခုလို တွေ့ခွင့်ရတာ ဘွား ဝမ်းသာတယ်၊ ကျေနပ်တယ်၊ မြေးကို ဘွားဆီ လွှတ်ပေးတဲ့ ကေသီကိုလည်း ကျေးဇူးတင်တယ်"

"တီ… တီ"

"မြေးကို သွားကြိုတဲ့ကား ပြန်လာပြီ၊ မြေး ဒီကိုရောက်နေတာ မြင်ရင် အံ့သြဦးမယ်"

ဘွားက သွန်းမျက်နှာကို ကြည့်ပြီး မျက်နှာက ပြုံးနေ၏။ ဘွား ခေါင်းတစ်ချက် လှုပ်လိုက်တိုင်း ဘွားနားက တစ်လုံးထဲ စိန်နားကပ်က ဖျတ်ခနဲ ဖျတ်ခနဲ အရောင်လက်ဖြာသွား၏။

"မမကြီး မြေးကို ကျွန်တော် မတွေ့ဘူးဗျာ"

"ဒီမှာလေ… မောင်သိန်း၊ ငါ့မြေးလေး ဘယ်လောက်ချော၊ ဘယ်လောက်လှလဲ"

မောင်သိန်းဟု ဘွားခေါ်သည့် ဦးသိန်းက အသက်ခြောက်ဆယ် ခန့်ရှိသော အတိုးအိုဖြစ်၍ ဘွားနားမှာရှိသည့် သွန်းကိုကြည့်ကာ





ခေါင်းတဆတ်ဆတ် ညိတ်သည်။

"မောင်မောင်နဲ့ သူ့အမေဆီက အချောအလှတွေ စုရထားတာပဲ ဗျာ၊ မမကြီး မြေးကြောင့် မျက်နှာပွင့်ဦးမှာပဲ"

"ဘွား မြေးပဲကွယ်၊ ဒီလိုပဲ ဖြစ်ရမှာပေါ့၊ မငြိမ်းတို့ကို ခေါ်လိုက် မောင်သိန်း၊ မြေးလေးနဲ့ မိတ်ဆက်ပေးရအောင်"

ချယ်ရီမြိုင်ရှိ အလုပ်သမားအားလုံး ဦးသိန်းနှင့်အတူ သွန်းရှေ့ ရောက်လာကြ၏။ အားလုံးက သိပ်လှသည့် သွန်းကို စိတ်ဝင်စား၍ ကြည့်နေကြပုံက တအံ့တသြ။

"အားလုံး မှတ်ထားကြ၊ ဒါ… ဘွားမြေး၊ ချယ်ရီမြိုင်ကို ဆက်ခံမယ့်သူ သွန်းတဲ့၊ မြေး လိုအပ်တာအားလုံး အလိုက်တသိ လုပ်ပေးကြပါ၊ သွားနိုင်ပြီ"

"ဟုတ်ကဲ့ပါ ဘွား"

ဦးသိန်းက သွန်းကို ထားခဲ့ပြီး ထွက်သွားသည်။ ရှေးကျ သော်လည်း ခမ်းနားထည်ဝါသော အဆောင်အယောင်များကို မြင်ရ သည်။ ဒက်ဒီ ချမ်းသာကြွယ်ဝမှုများစွာဖြင့် လိုတရ သူဌေးသားအဖြစ် ကြီးပြင်းလာခဲ့ရာမှ ဘွားသဘောတူသည့် သူဌေးမလေးကို မပျက်



www.burmeseclassic.com

www.burmeseclassic.com



သူ့သဘောနဲ့သူ မာ့မီကို အချစ်တစ်ခုတည်းဖြင့် လက်ထပ်ခဲ့သူ။

မိခင်တစ်ယောက်အနေဖြင့် တစ်ဦးတည်းသော သားအပေါ်ထားရှိသည့် ချစ်ခြင်းမေတ္တာကို သွန်း ခံစားနားလည်ပေးနိုင်ခဲ့ပါပြီ။ မာမီ့မှာ အပြစ်မရှိသလို မိခင်တစ်ယောက်ဖြစ်သော ဘွားဘက်က အချစ်ကြီးသူရဲ့ အမျက်ကြီးခြင်းအပေါ်မှာလည်း အပြစ်ဆိုစရာမရှိ။ အရာအားလုံး ကံတရားကြောင့်ဟု တွေးသည်။ ဘွားက အမွေဖြတ်ပေမယ့် ဒက်ဒီက ကြိုးစားသည်။ စီးပွားဖြစ်အောင် လုပ်နိုင်၍ အခုချိန်ထိ သွန်းတို့သားအမိ မပူမပင် နေနိုင်ခဲ့သည်။

"အားလုံးအမြင်မှာတော့ ဘွားက သားကို ပစ်ပယ်တဲ့ ဒေါ်စိမ်းကားကြီးပေါ့ မြေးရယ်၊ တကယ်လည်း ပြတ်သားနိုင်ခဲ့တာကိုး။ ဒါပေမယ့် ကိုယ့်သားလေး ဒုက္ခမရောက်အောင် ပြည့်စုံအောင် ဘွားက သား မသိအောင် စောင့်ရှောက်ပေးခဲ့တာ နောက်ဆုံးအချိန်ထိ သား သိမသွားဘူး"

"ဘွားရယ်"

အခုမှ ဒက်ဒီ စီးပွားဖြစ်အောင် နောက်မှ ကြိုးကိုင်ပေးခဲ့သူမှာ ဘွားဖြစ်ကြောင်း သိလိုက်ရ၍ သွန်းစိတ်ထဲ ဘွားကိုရော ဒက်ဒီ့ကိုပါ





သနားသွား၏။

"ကံတရားပေါ့ကွယ်၊ ဘွားကိုယ်တိုင် ငယ်ရွယ်တုန်းဆိုတော့ စိတ်က သိပ်ထက်သလို မာနလည်း ကြီးကြီးဆိုတော့ ကိုယ့်အမှားကိုယ်မမြင်နိုင်ခဲ့ဘူးလေ"

ဘွားထံမှ ချစ်ခြင်းမေတ္တာနှင့် အသိအမှတ်ပြုခြင်းကို သွန်း ရရှိခြင်းမှာ ကံကောင်းပါသည်။

"အခုတော့ ဘွားလည်း အသက်ကြီးပြီ၊ အမွေဆက်ခံမယ့်သူဆိုလို့ ဘွား မြေးလေးတစ်ယောက်တည်း ရှိတာဆိုတော့ ဟိုတုန်းက မာန်မာနတွေကို လျှော့လိုက်ပါပြီ၊ မြေးစိတ်ထဲ ဘွားကို မမုန်းဘူးလား ကွယ်"

"မမုန်းပါဘူး ဘွားရယ်၊ ဘွားကို သွန်း ချစ်ပါတယ်။ မာမီကိုယ်တိုင်ကလည်း ဘွားကို မမုန်းပါဘူး၊ သွန်းတို့မှာ နှစ်ဖက်ပေါင်းမှ ဆွေမျိုးနည်းနည်းလေးပဲရှိလို့ ဘွားက သွန်းကို မြေးအဖြစ် အသိအမှတ်ပြုတာကိုပဲ သွန်း ဝမ်းသာလှပါပြီ"

"ဘွားက သွန်းရဲ့ အဘွားပါကွယ်၊ ဘယ်တုန်းကမှ ဘွား မြေးလေးကို အသိအမှတ်မပြုဘဲ မနေခဲ့ပါဘူး၊ ဘွားမြေးကို ဘွား



www.burmeseclassic.com

www.burmeseclassic.com



ချစ်ပါတယ်''

''ဘွားရဲ့ နောက်ဆုံးအချိန်မှာ ဘွားနားမှာ မြေးလေးရှိနေရင် ဘွား သေပျော်ပါပြီ''

''မပြောကောင်း မဆိုကောင်း ဘွားရယ်၊ ဘွားက သွန်းနဲ့ အချိန်ကြာကြီး ကျန်းကျန်းမာမာ နေရဦးမှာပါ၊ အခုချိန်ကစပြီး ဘွားနားမှာ သွန်း နေမယ်၊ ဘွားလည်း စိတ်ချမ်းသာအောင် နေပါနော်''

''သာဓုပါကွယ် သာဓု… သာဓု၊ မြေးဆီက ဒီစကားလေး ကြားရတာနဲ့တင် ဘွား စိတ်ချမ်းသာလှပါပြီ''

''ဘွားရယ်''

အရိုးပြိုင်းပြိုင်းထနေသော ဘွားလက်လေးကို သွန်းဆုပ်ကိုင်ရင်း စိတ်မကောင်း၍ ဆိုလိုက်မိ၏။ ဘွားက သွန်းကိုသာ တစိမ့်စိမ့်ကြည့်လျက် ကျေနပ်ဝမ်းသာနေ၏။

''ကဲ… မြေးအတွက် ဘွားကိုယ်တိုင် ပြင်ထားတဲ့အခန်းကို လိုက်ပို့မယ်… လာ''

ဘွားက သွန်းလက်လေးကို ဆွဲပြီး ရှေ့မှ ဦးဆောင်သွား၍ သွန်း ဘွားနောက်က လိုက်ခဲ့၏။ အိမ်ကြီးက ကြီးသလို အဆောင်ဆောင်





အခန်းခန်းတွေကလည်း များသည်။ တစ်အိမ်လုံး ဖုံတစ်စက်မရှိအောင် သန့်ရှင်းတောက်ပနေပုံက စီမံခန့်ခွဲမှုအပိုင်း၊ အုပ်ချုပ်မှုအပိုင်းမှာ အဘွယ်မျှ စွမ်းဆောင်မှုရှိကြောင်း ဖော်ပြနေ၏။

''မြေးအတွက် နေရမယ့်အခန်းကို သားနေတဲ့ အခန်းကိုပဲ ရွေးထားတယ်၊ ဒါမှ မြေးဖေဖေ ဘယ်လိုနေသိုင်ခဲ့လဲဆိုတာ မြေး ကိုယ်တိုင် ခံစားကြည့်ဖြစ်သွားတာပေါ့ ဟုတ်လား''

ဘွားအစီအစဉ်ကို သွန်းဘက်က ဘာမှ ပြောစရာမရှိ။ ချယ်ရီမြိုင် ကို စထွက်လာကတည်းက အားလုံး ဘွားသဘော၊ ဘွား စိတ်တိုင်းကျ ဖြစ်အောင် ကြိုးစားမည်ဟု စဉ်းစားဆုံးဖြတ်ထားပြီးသား ဖြစ်သည်။

''ဒီအခန်းပဲ မြေး၊ ဘယ့်နှယ့်လဲ… ကြိုက်ရဲ့လား''

အားလုံး ပန်းနုရောင်ကြွရွနေပုံကို ငေးခနဲ့ဖြစ်သွား၏။ သွန်း အကြိုက်ကို ဘွား ကြိုတင်စုံစမ်းထားပြီး သေချာပြင်ဆင်ပေးထားမှန်း သိ၍ ဘွားကို ပိုချစ်၊ ပိုကျေးဇူးတင်သွား၏။

''ဘွားက သွန်းအကြိုက်ကို သေချာပြင်ပေးထားတာ ကျေးဇူး တင်ပါတယ် ဘွား''

''မြေးလေး စိတ်ချမ်းသာတယ်၊ ပျော်တယ်ဆိုရင် ဘွားလည်း



www.burmeseclassic.com

www.burmeseclassic.com



ပျော်တယ်၊ ဘွားအခန်းတိုတော့ အောက်ထပ်မှာပဲ ထားတယ်၊ အသက်ကြီးတော့ အတက်အဆင်းတွေ မလုပ်နိုင်ဘူး၊ မြေးအခန်းကို ဘွားကိုယ်တိုင် ပြချင်လို့ အခုလို တက်လာတာ"

"ကြည့်ပါဦး၊ သွန်းကြောင့် ဘွား ပင်ပန်းသွားပြီ"

"ပင်ဝန်းစမ်းပါစေကွယ်၊ ဘွားမြေးလေးအတွက်ပဲ"

"သွန်းလည်း ဘွားနဲ့ နီးနီးနေရအောင် အောက်ထပ်ကို ပြောင်းလိုက်မယ်နော် ဘွား"

ဘွားကို သနားလွန်း၍ ပြောတော့ ဘွားက သွန်းစေတနာကို နားလည်စွာ သွန်းကို ချစ်စနိုး ပြုံးကြည့်သည်။

"မြေးဘာသာ လွတ်လွတ်လပ်လပ် နေစမ်းပါကွယ်၊ ဘွားဘဝက ဒီလိုပုံနဲ့ နေသားကျလာခဲ့တာ နှစ်တွေအများကြီး ကြာခဲ့ပါပြီ၊ ဘွားကြောင့် မြေးစိတ်ထဲမှာ ဘာတစ်ခုမှ ဝန်ထုပ်ဝန်ပိုး မဖြစ်နဲ့…ဟုတ်ပြီလား"

"ဘွားကို သွန်း အောက်ထပ် လိုက်ပို့ပေးမယ်"

"မလိုပါဘူးကွယ်၊ ဟိုမှာ မစိန် လာနေပြီ၊ သူနဲ့ဘွား ပြန်လိုက်သွားရုံပဲ၊ မြေးဘာသာ စိတ်ချမ်းသာအောင်နေ၊ အပျင်းပြေ အိမ်ကြီးကို





လှည့်ပတ်ကြည့်ချင်ကြည့်"

"ကဲ… ဘွား သွားမယ်"

"ဟုတ်ကဲ့ပါ ဘွား"

ဒေါ်စိန်က သွန်းကို ပြုံးပြပြီး ဘွားကို တယုတယ တွဲခေါ်ပြီး အောက်ထပ်ကို ပြန်ဆင်းသွား၍ အပေါ်ထပ်မှာ သွန်းတစ်ယောက်တည်း ကျန်ခဲ့သည်။

အေးချမ်းတိတ်ဆိတ်နေသော အိမ်ကြီးထဲ ဘာသံမှ မကြားရ။ အလေးသူငယ်လည်း မရှိ။ လူငယ်ပိုင်းဆိုင်ရာ ငယ်ရွယ်သူလည်း ရှိသဖြင့် တေးသီချင်းသံ၊ စကားပြော ရယ်မောသံတို့ ကင်းဝေးနေပုံက သွန်းစိတ်ထဲ တစ်မျိုးဆန်းကြယ်နေ၏။

ဘွားက အသက်ကြီးပေမယ့် သူ့မြေးအတွက် ခေတ်မီအသုံးအဆောင်ပစ္စည်းများကို စိတ်ကြိုက်ရှာဖွေဟန်ဖြင့် သွန်းအတွက် ပြင်ဆင်ပေးထားသည့် အိပ်ခန်းက ချစ်စရာကောင်းအောင် လှနေ၍ အိပ်ရာပေါ်သို့ချလိုက်၏။

အိခနဲ နစ်ဝင်သွားသော အတွေ့ကို သဘောကျရင်း ဒီလောက်နှစ်အကြာကြီး တစ်ယောက်တည်း သတ္တိရှိရှိ နေထိုင်သွားသော



www.burmeseclassic.com

www.burmeseclassic.com



ဘွားသတ္တိကို ချီးကျူးမိ၏။

သွန်းက ဘွားနေရာမှာ ဘွားလို နေနိုင်မည်မထင်။ ဘွားကတော့ အာဂအမျိုးသမီးဖြစ်သည်။ ဒါကြောင့်လည်း ကျန်းမာနေခြင်းလား မသိ။ စိတ်မာတ်တစ်ချက်မကျဘဲ နေနိုင်တာကို အံ့သြသည်။ သွန်းအတွက် ပြင်ဆင်ထားပေမယ့် အခန်းက ဒက်ဒီအခန်းဆိုတော့ ဒက်ဒီ ငယ်ငယ်က ရိုက်ထားသည့် ဓာတ်ပုံကအစ ဒက်ဒီအသုံးအဆောင် ပစ္စည်းအားလုံး ရှိသည်။

ဒက်ဒီက လူလတ်ပိုင်းအရွယ်မှာ ကားအက်ဆီးဒင့်ဖြစ်ပြီး ကွယ်လွန်သွားသည့်အတွက် ဘွားက မာမီကို ပိုစိတ်နာသည်။ ပိုမုန်းသွားသည်ဟု မာမီ ပြောပြ၍ သွန်း သိခဲ့ရသည်။

ဘွားက သူ့သား သေရတာ မာမီ့ကြောင့်ဟုဆိုကာ သား ဖြစ်သူ၏ နောက်ဆုံးခရီးကိုပင် မလာ။ မြေးဖြစ်သူကိုလည်း လှည့်၍ပင် မကြည့်။ အခုမှ ဘွားက သူ့စိတ်ကို လျှော့ချလိုက်ဟန်ဖြင့် သွန်းတို့ကို စဆက်သွယ်လာခြင်း ဖြစ်သည်။

ဒါတောင် မာမီနှင့် လုံးဝ စကားမပြော။ သွန်းနှင့်ပဲ ဖုန်းထဲမှာ ပြောဆိုပြီး ချယ်ရီမြိုင်ကို သွန်းလာရန် တစ်ယောက်တည်းရွေးပြီး





ခေါ်ခြင်းဖြစ်သည်။ ပထမတော့ မာမီ မပါဘဲ သွန်း တစ်ယောက်တည်း မသွားချင်။

နောက်တော့ အခြေအနေအရပ်ရပ်ကို သေချာပြန်စဉ်းစားကြည့်ပြီးမှ ဘွားကို သနားစိတ်ဖြင့် ချယ်ရီမြိုင်ကို သွားရန် ဆုံးဖြတ်ခဲ့သည်။

လေယာဉ်ကအစ မာမီကပဲ အားလုံး စီစဉ်ပေးပေမယ့် ဘွား အကြောင်း အကောင်းအဆိုး ဘာမှမပြော။

"သမီး ပျော်သလောက်နေပြီး ပြန်ခဲ့ပါ၊ မာမီ့မှာ ဒေါ်အေး ရှိနေတော့ နောက်ပိုင်းအတွက် လုံးဝ စိတ်မပူနဲ့၊ သမီး ဘွားအတွက် မာမီ လက်ဆောင် ဝယ်ပေးလိုက်မယ်"

ဘွားအတွက်ဆိုတော့ မာမီက သွန်းကို ပွဲတက်ပဝါနှစ်ထည်နှင့် တခြားလက်ဆောင်တွေ ဝယ်ထည့်ပေးလိုက်သည်။ ဘွားလို သူဌေးမကြီးတစ်ယောက်အတွက် မာမီ့လက်ဆောင်တွေက ဘာမှမဟုတ်ပေမယ့် တစ်ယောက်က အသိအမှတ် မပြုပေမယ့် တခြားတစ်ယောက်က အသိအမှတ်ပြုပါကြောင်း ဖော်ပြနေခြင်းဖြစ်သည့် ချွေးမနှင့် ယောက္ခမ။

မာမီ့ဆီကို ဖုန်းဆက်တော့ သွန်းက ဘွားကို သနားကြောင်း ထည့်ပြောတော့ မာမီက ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အသက်တွေ ကြီးလာပြီဆိုတော့ ဒီလိုပေါ့ သမီးရယ်၊ မာန်မာန တွေ မချချင်ဘဲ ချလာရတာပေါ့၊ သမီး ဒက်ဒီသာ သူ့အမေစိတ်တွေ ပြောင်းလာတာသိရင် သူ့ခမျာ ဘယ်လောက် ဝမ်းသာရှာလိုက်မလဲ"

မာမီ့အသံက ပြောရင်း စိတ်မကောင်းသံဖြစ်သွား၍ မာမီ့ ရင်ထဲက ခံစားချက်ကို သွန်းသိ၍ နှစ်သိမ့်စကားဆိုရသည်။

"အခုလည်း ဒက်ဒီက ဝမ်းသာနေမှာပါ မာမီရယ်"

ချယ်ရီမြိုင်က သွန်း ထင်ထားတာထက် ပို၍ နွေးထွေးနေ၍ သွန်းစိတ်ထဲ ဒက်ဒီနှင့် မာမီကို ပိုသတိရမိသည်။ သွန်းအခန်းထဲမှာပဲ ရေပူရေနွေး၊ ဘိုထိုင်အိမ်သာ အားလုံးရှိနေ၍ အဆင်ပြေသည်။ သွန်း ရေချိုးပြီးချိန်မှာ ဒေါ်စိန်က သွန်းကို ထမင်းစားရန် လာခေါ်သည်။ ဟင်းတွေစုံနေပေမယ့် သွန်း မစားနိုင်တာကို ဘွားက အားမလို အားမရ ဖြစ်နေ၍ သွန်း ပြုံးမိ၏။ ဘွားကတော့ စားနိုင်သည်ဆိုပေမယ့် တစ်ပန်းကန်ပင် မကုန်။ အသီးအနှံ အချိုပွဲမှာတော့ အတော်လေး စားပြလိုက်၍ ဘွားက ကျေနပ်သည်။

ဒေါ်စိန်၊ မတူးနှင့် တခြားအလုပ်သမားနှစ်ယောက်က ချယ်ရီမြိုင် အိမ်ကြီးနှင့် ခြံဝန်းတစ်ခုလုံး လှပနေအောင် ဂရုစိုက် ပြုပြင်မွမ်းမံ





ထားကြခြင်းဖြစ်သည်။ ဦးသိန်းက ဘွား၏ လူယုံတော်ဖြစ်ကာ ဒရိုင်ဘာလည်းဖြစ်၍ အပြင်စီးပွားရေးလုပ်ငန်းပိုင်းကို ဦးဆောင်သူ ဖြစ်သည်။

အိမ်ထောင်မရှိ၊ အသောက်အစားကင်းသော ဘွား၏ မောင်ဝမ်းကွဲ ဖြစ်သော်လည်း ငယ်စဉ်တည်းက ချယ်ရီမြိုင်ကို ရောက်နေသည့် မိဘမဲ့ တစ်ကောင်ကြွက် ဖြစ်သည့်အတွက် ဘွားက ဦးသိန်းကို ယုံကြည်အားကိုးသည်။ ဦးသိန်းကလည်း အိမ်မှာ အမြဲမရှိ။ အလုပ် ထဲမှာ အချိန်ကုန်ပြီး ညမိုးချုပ်မှ ပြန်လာသူ။

"ဘွားက မွေးစားထားတဲ့ ကလေးတစ်ယောက် ရှိသေးတယ်ကွဲ့၊ သူက ဒီမှာ မနေဘူး၊ ခြံထဲမှာပဲ မောင်သိန်းနဲ့နေတာ၊ တစ်နေ့ မြေးနဲ့ မိတ်ဆက်ပေးမယ်၊ အလုပ်မှာ သိပ်အားကိုးရတဲ့ကလေး၊ ဘွား ဘာမှ ပြန်လှည့်ကြည့်စရာ မလိုဘူး"

"သူ့နာမည်က စက်"

ဘွာက သွန်းကို သူ ဖြတ်သန်းခဲ့ရသည့် ဘဝ၊ စိတ်နေသဘော ထား၊ ဘွား ခံယူချက်အားလုံး ဟိုတစ်စ ဒီတစ်စ ပြောနေတာကို နားထောင်နေရသည်။ မျိုးရိုးစဉ်ဆက် ချမ်းသာလာသည့် ဘွားက



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသလောက် မာန်မာနကြီးသူ ဖြစ်လာခဲ့ရသည်မှာ ဘာမှမဆန်း။ ဆန်းနေတာ ဘွားရဲ့ ခင်ပွန်း။ သွန်းရဲ့အဘိုးက ဘွားနှင့်ဆန့်ကျင်ဘက်။ ဘာဟိတ်ဟန်၊ ဘာမာန်မာနမှ မရှိသော လူစားမျိုးဖြစ်နေခြင်းပင်။

ဘိုးကိုယ်တိုင် ပိုက်ဆံရှိသူ သူဌေးသားဖြစ်ပေမယ့် ပျော်ပျော်နေတတ်သူ။ လူတန်းစားမရွေး ပေါင်းသင်းသူ။

သွန်းဒက်ဒီ မာမီနှင့် အိမ်ထောင်ကျချိန်မှာ ဘိုးက ဘာမှမကန့်ကွက်။ ဘွားကို ဖျောင်းဖျနားချတာ မရတာနှင့် လက်ပိုက်ကြည့်နေတုန်း နှလုံးရောဂါနှင့် ရုတ်တရက် ဆုံးသွားသည်။

မာနကြီးသော ဘွားက အဘိုးဆုံးတာကိုပင် သားဖြစ်သူကို အသိမပေးခဲ့။ နောက်အကြာကြီးနေမှ ဘိုး မရှိကြောင်း ဒက်ဒီ သိရချိန်မှာ အားလုံးလွန်ခဲ့ပြီ။

"အဲဒီအကြောင်းတွေ ပြောရရင်တော့ အရှည်ကြီးပဲ မြေးရယ်၊ သားတုန်းက ဘွား ဖြစ်စေချင်တဲ့အတိုင်း ဘာတစ်ခု ဖြစ်ခွင့်မရခဲ့ဘူး၊ ဘွားရဲ့ မြေးမလေးကိစ္စမှာတော့ ဘွား စိတ်တိုင်းကျ ဖြစ်ချင်တယ်"

"မြေးမှာ ချစ်သူရှိနေပြီလား"

"မရှိပါဘူး ဘွား"





ဘွားက သွန်းကို သူ့စိတ်တိုင်းကျ ဖြစ်စေချင်သည်ဆို၍ သွန်း စိတ်ထဲမှာ လန့်မိပေမယ့် အမှန်အတိုင်းပဲ သွန်း ဖြေလိုက်သည်။ တကယ်လည်း သွန်းမှာ ချစ်သူရည်းစား မရှိ။ ထားဖို့လည်း စိတ်မကူးပါ။

"မြေးမှာ ချစ်သူမရှိရင်တော့ ဘွားမြေးနဲ့ သဘောတူထားတဲ့ သူတစ်ယောက် ဘွားမှာ ရှိတယ်ကွဲ့၊ မြေး သူ့ကို အကဲခတ်ကြည့်ပါ၊ မြေး သဘောမကျဘူးဆိုရင် ငြင်းလို့ရတယ်၊ မြေး စိတ်တိုင်းကျမှ ဘွား သူ့ကို လက်ခံမယ်… ဟုတ်လား"

"ဒီကိစ္စတွေက စောပါသေးတယ် ဘွားရယ်၊ နောက်မှပဲ"

"ဘယ့်နှယ် စောရမှာလဲ မြေးရယ်၊ သမီးကညာ အခါမလင့်ဘဲ ဘွားမြေး အချောအလှလေးကို မတော်တရော်လူတွေ တွေ့သွားမှာ ဘွား စိတ်မချပါဘူးကွယ်"

"ဒီကိစ္စ ဘွားဘာသာ ကြည့်စီစဉ်ပါ့မယ်"

ဘွားက သူ့သားတုန်းက မဖြစ်လိုက်ရသည့် မင်္ဂလာကိစ္စကို မြေးဖြစ်သူ သွန်းနှင့်ကြမှ စိတ်ကြိုက်ကျင်းပချင်နေဟန် တူပါသည်။

ချိုသည်၊ ခါးသည်မပြောဘဲ သွန်း ဘွားကို ပြုံးကြည့်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အခုချိန်မှာ ဘွားနှင့် ဘာတစ်ခုမှ ငြင်းခုန်ရတာမျိုး မဖြစ်ချင်တာလည်း ပါသည်။ ဘွား တွေ့စေချင်သူနှင့်တွေ့ပြီး သွန်း ဘာသာကြည့်ကောင်းအောင်ပြောပြီး ငြင်းရန် ဆုံးဖြတ်လိုက်သည်။

ဘွားက သွန်းဘက်က ဘာမှ ဆက်မပြော၍ ပြုံးပြုံးကြီး ကျေနပ်သွားတာ မြင်လိုက်ရသည်။ သွန်းအတွက် ဘွားမှာ ဘာအစီအစဉ်တွေရှိနေမှန်းမသိ။ ချယ်ရီမြိုင်ခြံကြီးထဲ သွန်းတစ်ယောက်တည်း လမ်းလျှောက်ဆင်းခဲ့သည်။ ခြံက ကျယ်သလို သစ်ပင်တွေလည်း စုံသည်။

ခြံထောင့်မှာ အိမ်ကလေးတစ်လုံး တွေ့ရတော့ သွန်း စိတ်ဝင်စားမိသည်။ ဘယ်သူနေတဲ့ အိမ်လေးပါလိမ့်ဟု တွေးရင်း အိမ်လေးနားရောက်တော့ သော့ခတ်ထားတာနှင့် မဝင်ခဲ့ရ။ ခြံစည်းရိုးအဆုံး ချောက်ကမ်းပါးစွန်းမှာရပ်မိတော့ လေတိုက်လွန်း၍ သွန်း အင်္ကျီလုံ့ချည်စများ၊ ဆံပင်ရှည်များအားလုံး လေနှင့်အတူ တဖျတ်ဖျတ် လွင့်ခါနေ၏။ ပြာမှိုင်းသည့် ပတ်ဝန်းကျင်ကို အပေါ်စီးမှ မြင်တွေ့နိုင်သည့် နေရာတစ်ခုဖြစ်သော်လည်း လေသိပ်တိုက်နေသဖြင့် ကြာကြာရပ်မနေနိုင်၍ ထိုနေရာမှ သွန်း ပြန်ဆင်းခဲ့သည်။

အခုဆိုလျှင်ဆိုလျှင် ချယ်ရီမြိုင်မှာ သွန်း ရောက်နေသည်မှာ





နှစ်ရက်ရှိပါပြီ။ မာမီ့ဆီကိုလည်း မကြာခဏ ဖုန်းဆက်ဖြစ်သည်။ အားပေးစကား ပြောသည်။ မာမီက သွန်း စိတ်ချမ်းသာသလို နေဖို့ပြောပြီး သူ့အတွက် စိတ်မပူရန် ပြောသည်။ ထိုရက်ပိုင်းအတွင်း ဘွားကိုယ်တိုင်လည်း ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။

ဘာတွေ စီစဉ်နေမှန်း မသိ။ ဖြစ်နိုင်ရင် သွန်းက ဘွားကို အေးအေးဆေးဆေး နေစေချင်သည်။ ဒါပေမယ့် ဘွားက သွန်းစကားကို နားထောင်မှာမဟုတ်၍ ဘာမှ မပြောတော့။ ဘွား စိတ်ချမ်းသာသလို လုပ်ချင်တာ လုပ်ပါစေ။ သွန်းဘက်က အလိမ္မာသုံးပြီး ရှောင်တတ်တိမ်းတတ်လျှင် ပြီးပြီဟု သဘောပိုက်ထား၏။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ညက သွန်း အိပ်မက် မက်သည်။

အိပ်မက်ထဲမှာ လေယာဉ်ပေါ်မှာ သွန်းနှင့် အကြည့်ချင်းဆုံခဲ့သည့် လူချောလေးနှင့် ပြန်တွေ့နေ၏။

သွန်း အိပ်ရာမှနိုးတော့ သူမနှင့် တွေ့ခဲ့သော လေယာဉ်ပေါ်မှ ရှေ့မင်းသားလေးကို ဖျတ်ခနဲ သတိရလိုက်သည်။ သွန်းအလှကို သဘောကျ၍ လိုက်ကြသူတွေ၊ ကြိုက်ကြသူတွေ များစွာနှင့် သွန်း ကြုံဖူးသည်။ မည်သူကမှ သွန်းကို ရင်ခုန်အောင် မစွမ်းနိုင်ကြ။ သူတို့ကပဲ ညံ့ဖျင်းလို့လား၊ သွန်းကပဲ နှလုံးသား မာကျောလို့လား ဆိုတာ သွန်း မသိ။ ဖွဲကြီးကြီးနှင့် လိုက်လံပိုးပန်းသူများ ရှိသော်လည်း





သူတို့ကို သွန်း ချစ်၍မရသည့်အပြင် စိတ်ပင်ညစ်မိသည်။

လေယာဉ်ပေါ်မှာ ဆုံခဲ့သည့် ချာတိတ်၏ အကြည့်များကို သွန်း သဘောမကျဘဲ ဘာကိစ္စ အိပ်မက်မက်နေသည် မသိ။ သွန်းနှင့် ဘာမှ မဆိုင်သူက သွန်းအိပ်မက်ထဲ ဘာကြောင့် အလည်ရောက်လာသနည်း။ အတွေးများကို ချက်ချင်း မောင်းထုတ်ပစ်လိုက်သည်။

မိန်းကလေးလှလှမြင်တိုင်း ငေးတတ်တဲ့ ယောကျ်ားမျိုး သွန်း လုံးဝ အထင်မကြီး။ မုန်းစရာကောင်းသော အကြည့်များကိုလည်း မနှစ်သက်။ နောက်ထပ် ထိုကောင်လေးမျိုးနှင့် မဆုံမိအောင်ပဲ ဆုတောင်းသည်။

မနက်စောစော ရေချိုး၊ ဆံပင်များကို ရှင်းလင်းရင်း မျက်နှာလှလှလေးကို ခပ်ပါးပါး လိမ်းခြယ်ပြင်ဆင်လိုက်သည်။ ခေါင်းစွပ်ယုန်မွေးဆွယ်တာနီနီနှင့် အနီရောင်မှာ အဖြူရောင်ပါသည့် လုံချည်နှင့် သွန်းအလှက သိပ်ပြီး ထင်ရှားပေါ်လွင်သွားသည်။

ခပ်ထိုင်းထိုင်း ရှိနေဆဲဖြစ်သော ဆံပင်ရှည်များကို သည်အတိုင်း ဖြန့်ချထားလိုက်သည်။ ရှေ့ကြိုးမျှင်မျှင်မှာ စိန်လော့ကတ်၊ စိန်နားကပ်၊ စိန်လက်စွပ်၊ စိန်ဟန်းချိန်းတို့ဖြင့် သိပ်လှနေသည့် သွန်းကို မတူးက



www.burmeseclassic.com

www.burmeseclassic.com



ငေးနေ၏။

"သွန်းက သိပ်လှတာဆိုတော့ ချစ်သူတွေ အများကြီး ရှိမှာပဲနော်"

"သွန်းကို ချစ်တဲ့သူတွေ ရှိတာတော့ မှန်ပါတယ်၊ သွန်းက ချစ်ရမယ့်သူတော့ အခုချိန်ထိ မတွေ့သေးဘူး"

"ဖြစ်ရလေကွယ်၊ မတူးသာဆို..."

"တီ... တီ"

"ဟော... ကားဟွန်းသံ ကြားတယ်၊ ခဏနေဦးနော် သွန်း"

မတူးစကားမဆုံးခင် သွန်းနားမှ ပြေးထွက်သွား၏။

"အဘွားညှို့သည်တွေ ရောက်လာပြီ သွန်းရေ"

မတူးထံမှ ဘွားညှို့သည်ဆိုသည့် အသံကြောင့် သွန်းကိုယ်လေး တွန့်ခနဲဖြစ်သွားသည်။ အဘွား ညှို့သည်ဆိုတာ ဘယ်သူတွေလဲ။ သွန်းနဲ့ လက်ထပ်ပေးချင်ပါသည်ဟု ဆိုထားသူလား။

"သွန်းရေ... ဘွားက လာပါဦးတဲ့"

"ဟော... ဟိုမှာ မြေးလေးလာပြီ"

ဧည့်ခန်းထဲ လှမ်းဝင်လိုက်တာနှင့် ဘွားအသံကို သွန်း ကြား





လိုက်ရသည်။ ဧည့်ခန်းမှာ လူစုံနေသည်။ ဘွားနှင့် တခြား သွန်း မသိသူတွေ အများကြီး။ ငယ်ရွယ်သော မိန်းမလှလေးနှင့် ကောင်လေး တစ်ယောက်။ သူတို့အားလုံးက သွန်းကို ကြည့်နေကြ၍ ဣန္ဒြေမပျက် လျှောက်လာရာက အားလုံး၏ အကြည့်ဒဏ်ကို မခံနိုင်သလို သွန်းမှာ အနေရခက်စွာ မျက်လွှာချလိုက်သည်။

"လာ... မြေး၊ ဒီမှာထိုင်"

ဘွားက သူထိုင်နေသည့်ခုံမှာ သွန်းကို ထိုင်ခိုင်းသဖြင့် ဘွား ဘေးမှာ သွန်း ညင်သာစွာ ဝင်ထိုင်လိုက်သည်။ မျက်လွှာကိုတော့ ချထားနေမိဆဲ။

"မြေး... ဟောဒါက ဒေါ်မာလာ၊ မြေးဖေဖေ သူငယ်ချင်း၊ သူက မာလာ့သမီး ပန်းအိ၊ သားက ဇေ၊ မြေးတို့လည်း မှတ်ထား၊ ဒါက ဦးမောင်မောင်ရဲ့ သမီး၊ မင်းတို့ရဲ့ မမသွန်း"

"ကိုမောင့်သမီးက အချောပဲ၊ တွေ့ရတာ ဝမ်းသာပါတယ်ကွယ်"

"သွန်းလည်း ဝမ်းသာပါတယ် အန်တီ"

မိတ်ဆက်စကားအတိုင်း သွန်း အားလုံးကို အလိုက်သင့် ပြုံးပြရင်း တစ်နေရာအရောက်မှာတော့ သွန်းမျက်နှာလှလှလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



အပြုံးလေး တန့်သွား၏။

"အို..."

သွန်း မြင်လိုက်ရသူက သွန်းနဲ့ လေယာဉ်ပေါ်မှာ ဆုံခဲ့ရသည့် ချာတိတ်။ ဓေကိုယ်တိုင်ကလည်း သွန်းကိုကြည့်ပြီး အံ့ဩဝမ်းသာနေပုံက မဖုံးနိုင်။

ရွှန်းလဲ့တောက်ပသော မျက်လုံးများဖြင့် မျက်တောင်မခတ်စတမ်း သွန်းကို စူးစိုက်ကြည့်နေ၍ လူကြီးတွေရှေ့မှာ သွန်း အနေရ ခက်နေမိသည်။

"မမက သိပ်လှတာပဲနော် မေမေ၊ မေမေက သမီးကို မမလိုလှလှလေး မွေးပေးတာ မဟုတ်ဘူး"

ပန်းက တကယ့် ကလေးငယ်တစ်ယောက်လို ဟန်မဆောင်ဘဲ သွန်းနားသို့ ပြောင်းထိုင်ကာ သွန်းလက်ကလေးများကို ဆုပ်ကိုင်ရင်း သူ့မေမေကို ချစ်စနိုး ရန်တွေ့စကားဆို၍ အားလုံး ပြုံးကြရသည်။

"ပန်းလည်း လှပါတယ်ကွယ်၊ မမက ပန်း ပြောသလောက်လည်း မလှပါဘူး"

"ဟော့... ဓေ၊ နင်ပြောတဲ့ လေယာဉ်ပေါ်ကတစ်ယောက်နဲ့





မမသွန်းနဲ့ ဘယ်သူပိုလှလဲ"

ပန်းအိက သူမဘာသာပြောရင်း ငြိမ်ငြိမ်မနေဘဲ ဓေဘက်သို့ လှည့်၍ မေးလိုက်လျှင် သွန်း လှုပ်ရှားသမျှကို တစိမ့်စိမ့် ထိုင်ကြည့်နေသော ဓေက သွန်းမျက်လုံးထဲကို ခပ်ရဲရဲ စူးစိုက်ကြည့်ကာ...

"အတူတူလှတယ်"

"တကယ်"

"တကယ်ပေါ့"

"အို..."

ဓေ့ဖြေသံက လိုက်လိုက်လဲ့လဲ့ အားပါးတရ။ သွန်း မသိဘဲ နေပါ့မလား။ ဓေ ပြောသည့် လေယာဉ်ပေါ်မှ တစ်ယောက်ဆိုတာ သွန်းကိုယ်တိုင် ဖြစ်နေ၏။ နှစ်လိုဖွယ် ပြုံးနေသည်ကို တစ်ချက်လှမ်းကြည့်ပြီး သွန်း မျက်နှာလွှဲနေလိုက်သည်။

"ဒီမှာနေရာ အဆင်ပြေရဲ့လား သမီး"

"ဟုတ်ကဲ့... အဆင်ပြေပါတယ် အန်တီ"

"သွန်းကိုမြင်တော့ သွန်းဖေဖေကို သတိရတယ်ကွယ်၊ ဒီမှာ အသိ မိတ်ဆွေမရှိပေမယ့် ဘာမှ အားငယ်စရာမလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဧကေ တာဝန်ယူပြီး သွန်း သွားချင်တဲ့နေရာ၊ မရောက်ဘူးတဲ့ နေရာတွေကို လိုက်ပို့ဖို့ စီစဥ်ပါ၊ ချယ်ရီမြိုင်ကို ရောက်ပြီးတည်းက သွန်း ဘယ်မှ မသွားရသေးဘူးလို့ အမေဦးက ပြောတယ်၊ သား လိုက်ပို့လိုက်"

"ဟုတ်ကဲ့ မေမေ"

"သွန်း ဘယ်သွားချင်လဲ"

"ဟဲ့… သွန်းက ဘယ်သွားရမှန်း ဘယ်လိုသိမှာလဲ၊ သားက ခေါ်သွားမှ ရောက်မှာပေါ့"

"သမီး… သားတို့နဲ့ လိုက်သွား၊ အန်တီတို့က ဒီမှာ ကြာဦးမှာ၊ အေးအေးဆေးဆေး စားသောက်ပြီးမှ ပြန်မှာဆိုတော့ မောင်နှမတစ်တွေ စိတ်ကြိုက် လည်ကြပတ်ကြ"

"သား မင်းမမကို ခေါ်သွား"

"လာ… မမ၊ ပန်းတို့ မမ မရောက်ဘူးတဲ့နေရာ လိုက်ပို့မယ်"

"သွား… ပန်းတို့ သွားပြီနော်"

"ကားကို ဖြည်းဖြည်းမောင်းနော် သား"

"လိုက်သွား… မြေး၊ လိုက်သွား"





"ဟုတ်ကဲ့"

သွန်း ဘာတစ်ခုမှ စကားဆိုခွင့်မရ။ လူကြီးကိုယ်တိုင်က ဝင်စီစဥ်နေပြီဆိုတော့ ပန်း ဆွဲခေါ်ရာနောက် မလိုက်ချင်ဘဲ လိုက်လာရသည်။ ဇေ့ကို မြင်တည်းက သွန်း စိတ်ရှုပ်နေပေမယ့် သွန်းနဲ့ ဆန့်ကျင်ဘက် အပျော်ကြီး ပျော်နေသူက ဇေ။

ပြန်မတွေ့တော့ဘူးလို့ ထင်ထားသည့် ချစ်သူက ဖူးစာမှန်တော့ ဇေ့မျက်စိရှေ့တည့်တည့်မှာ ဘွားခနဲ ရောက်လာတာကိုပဲ အပျော်လွန်ပြီး ရူမ်းထိုးပစ်ချင်နေတဲ့အထိ။

သွန်းကိုယ်တိုင် ဇေ့ကို မှတ်မိနေတာကို ဇေ အပျော်ဆုံး။

လူကြီးတွေ အစီအစဥ်နဲ့ သွန်း သူ့ကားပေါ် ပါလာတော့ လောကကြီးတစ်ခုလုံး အလှဆုံး၊ အလင်းလှဲ့ အတောက်ပဆုံး ဖြစ်သွားသလိုထင်မိသည်။

"မမသွန်းက ကျောင်းပြီးသွားပြီလား"

"အင်း… ပြီးသွားပြီ"

"ဒါဆို မမက သွန်းထက် သုံးနှစ်ကြီးတယ်၊ ဇေက မမထက် နှစ်,နှစ်ငယ်တယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"သွန်းက ဘာမှ ပြန်မပြောဘဲ ကလေးဆန်လွန်းသည့် ပန်းကို ပြုံးကြည့်နေလိုက်သည်။

"ကဲ… ပြော၊ ဖေက မီကို ဘယ်လိုခေါ်မှာလဲ၊ မမလား… မမသွန်းလား"

ရုတ်ထရက် ဖေ့ထံမှ ဘာသံမှ မကြားရ။ သွန်း… ဖေရှိရာသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ဒီလို ပြန်ဆုံလိမ့်မယ်လို့ ထင်မထားပေမယ့် သွန်းနှင့်ဖေ ပြန်ဆုံနေ၏။ ဖေက သွန်းမျက်နှာလေးကို ခပ်တည်တည် စိုက်ကြည့်ပြီးမှ…

"ဟင့်အင်း… သွန်းကို သွန်းလို့ပဲ ခေါ်မယ်"

"ဟွန်း… သူ့ကိုယ်သူ လူကြီး သိပ်လုပ်ချင်တာ… သိလား မမသွန်း"

ပန်းက နှာခေါင်းရှုံ့လျက် ပြောလိုက်တော့ ဖေ့မျက်နှာက ခပ်တည်တည်။

"အခု ဘယ်ကို သွားမှာလဲ ဖေ၊ မမကို ဈေးအရင် ပို့ရအောင်"

"အိုခေ…"

သူတို့အချင်းချင်း တိုင်ပင်ပြီး သွန်းကို ဈေးကို ပို့ပေးသည်။





စည်ကားရှုပ်ထွေးသော ဈေးက ဖေ စိတ်မဝင်စား။ သွန်းကိုပဲ တစ်ချိန်လုံး လိုက်ကြည့်ရင်း ရင်တွေခုန်နေသည်။ သွန်းကို ဖေ စပြီး သတိထားမိတာက သိပ်လှသည့် သွန်းအလှကြောင့်။ တစ်ချိန်လုံးလိုလို သွန်းမျက်နှာလှလှလေးကို အနေအထားအမျိုးမျိုး သူ ခိုးကြည့်ခဲ့သည်။

ဖေ့ကို သွန်း လုံးဝ သတိထားမိပုံမရ။ ခရီးသွားဖော်တစ်ယောက်မှ မပါဘဲ သွန်းတစ်ယောက်တည်း ခပ်တည်တည်။ လောကကြီးမှာ သူမတစ်ယောက်တည်း ရှိနေသည့်ပုံစံနှင့် ဘာကိုမှ ဂရုမစိုက်။

ဖေ့လိုပဲ သွန်းအလှကို စိတ်ဝင်စားနေကြသည့် ယောကျ်ားများစွာ၏ အကြည့်များကြောင့် ဖေ့ရင်ထဲ ပူလောင်ကာ မျက်ခုံးကြီးကို တွန့်ကုတ်လျက် ဘာကိုမှန်းမသိ သူတစ်ယောက်တည်း ဒေါသတွေ ဖြစ်ခဲ့ရတာ လေယာဉ်ကွင်းမှာထဲကပါ။

ဖြစ်နိုင်လျှင် သွန်းအလှကို ဘယ်သူမှ မကြည့်စေချင်။ သူ တစ်ယောက်တည်း အပိုင်သိမ်းထားချင်တယ်။ ဘယ်တုန်းကမှ မခုန်ခဲ့သည့်ရင်က သွန်းနှင့်ကြတော့ ပေါက်ထွက်မတတ် ရင်တွေခုန်နေခဲ့တာ အခုချိန်ထိ။

ကိုယ့်ပစ္စည်းမဟုတ်ဘဲနှင့် သွန်းရှေ့က လျှောက်ပြန်ပေး



www.burmeseclassic.com

www.burmeseclassic.com



နေသည့် ကောင်တွေကို လူမိုက်ပုံစံဖမ်း၍ ကြည့်ပစ်လိုက်သည်။ ပြီးတော့ သွန်း ထိုင်နေသည့်ခုံနားမှာ နေရာယူထိုင်ရင်း ကိုယ့်ဘာသာ တစ်ယောက်တည်း ဥစ္စာခြောက်နေမိသည့်အဖြစ်တွေနှင့် ဖူးစာမှန်ရင် ပြန်ဆုံပါစေလို့ ဆုတောင်းခဲ့ရတာ အကြိမ်ကြိမ်။

ဘယ်သူ့ဆီသွားမှာလဲ၊ သူမမှာ ချစ်သူ ရှိနေပြီလား၊ ပိုင်ဆိုင်သူနဲ့လား၊ အမျိုးမျိုးအတွေးတွေနှင့်။ မြင်မြင်ချင်း ချစ်မိတာပါလို့ သူများတွေ ပြောတုန်းက ဇေက မယုံသလို ရယ်ပစ်သူ။

အခု ကိုယ်တိုင်ကြုံမှ ကိုယ့်ဘာသာ မရှုနိုင် မကယ်နိုင်ဖြစ်ခဲ့သမျှ အခုတော့ ဇေ ဆုတောင်းခဲ့သလို ဆုတောင်းပြည့်ခဲ့ပြီ။

ချယ်ရီမြိုင်မှာ သွန်းအဖြစ် ချစ်ရသူကို တွေ့လိုက်ရတော့ ရင်ထဲမှာ ဘုရားပွဲလှည့်နေသလို ရင်ခုန်သံတွေ ဆူညံပျော်ရွှင်သွားသည်။ ဒီတစ်ခါတော့ ဘယ်သူတွေ ဘာပြောပြော ဂရုမစိုက်။ သွန်းကို အပိုင်သိမ်းပိုက်ရယူမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ထားသည်။

သွန်းကတော့ သူ့စိတ်ကူးထဲက အကြံဉာဏ်ကို မသိ။ သူ့ကို မြင်တာနှင့် စိတ်ရှုပ်ထွေးသွားသည့် အမူအယာလေးဖြင့် မျက်နှာလှလှလေးကို ခပ်တင်းတင်း ခပ်တည်တည်။





ချယ်ရီမြိုင်က ဘွားဘွားဦးမြေးလို့ မပြောရ။ သူ့အဘွားလိုပဲ ခေါင်းမာမာ၊ မာနကြီးကြီးပုံစံမျိုး ဖြစ်နေတာကို ဇေ မအံ့သြ။ ဇေဆိုတာကလည်း လိုချင်တာကိုရမှ ကျေနပ်သူ။ သွန်းက သူ့ကို ဂရုမစိုက်သလို ဇေကလည်း သွန်းအချစ်ကို ရမည်ဆိုလျှင် ဘာဖြစ်ဖြစ် ဂရုမစိုက်။

ဇေကိုယ်တိုင်ကလည်း ဘယ်မိန်းမကိုမှ ဂရုမစိုက်တတ်။ စိတ်ဝင်စားတတ်တဲ့ ကောင်မျိုးမဟုတ်။ ဇေက မဆွတ်လိုက်နှင့်၊ ညွတ်ချင်နေကြတဲ့ သူတွေက သူ့ပတ်ဝန်းကျင်မှာ အပြည့်။ ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့။ ချစ်ဖို့ဆိုတာ စိတ်ကူးထဲမှာပင် မရှိ။ သွန်းနှင့်ကြုံမှ ဇေ့နှလုံးသားက ချစ်တတ်လာခဲ့သည်။ ချစ်မိတော့လည်း အရူးအမူး။ မြတ်မြတ်နိုးနိုး ချစ်မိခြင်းဖြစ်သည်။

တခြားသူတွေ ဂရုမစိုက်တာ ဘာမှမဖြစ်။ ကိုယ်ချစ်မိသူက ကိုယ့်ကို ဂရုမစိုက်တာကြတော့ ဇေ့နှလုံးသားက မခံနိုင်အောင် နာကျင်သည့် ဝေဒနာကို ခံစားရသည်။

ဇေဆိုတာ သွန်းလို မာန ခပ်ကြီးကြီးထဲကကောင်မှန်း သူမကို သိစေချင်သည်။ မာနချင်းပြိုင်ရင်တောင် ဇေက သွန်းကို အရှုံးပေးရ



www.burmeseclassic.com

www.burmeseclassic.com



တော့မလို ဖြစ်နေသည်။ မာနတော့ အရှုံးပေးမည်။ ဒါက သွန်းကို ချစ်လို့။ အချစ်ကိုတော့ အရှုံးပေးရန်မရှိ။ သွန်းအချစ်ကို သူကလွဲပြီး တခြား ဘယ်သူမှ မပိုင်စေရဟု ကျိတ်ပြီး သစ္စာဆိုလိုက်သည်။ စားသောက်ဆိုင် ကောင်းကောင်းရွေးပြီး ပန်းက ထိုင်သည်။ အချစ်တွေနှင့်ပြည့်နေသည့် ဇေမှာ ဘာမှာလို့ မှာမိမှန်းမသိ။ အပျော်လွန်ပြီး ဘာအရသာကိုမှ မမှတ်မိဖြစ်နေ၏။

"မမ"

"ဟင်"

"ပန်း တစ်ခုမေးမယ်နော်၊ စိတ်မဆိုးကြေး"

ပန်းစကားကြောင့်ပင် သွန်း ပြုံးလိုက်သည်။ ပန်းက ချစ်စရာကောင်းသလောက် သွန်း အနေရခက်အောင် မျက်လုံးလဲ့လဲ့တွေနှင့် လိုက်ကြည့်နေသည့် ဇေ့ကို သွန်း မုန်းမိသည်။

"မမမှာ ချစ်သူရှိလားဟင်"

"ရှိတယ် ပန်း၊ မကြာခင်မှာ မမတို့က လက်ထပ်တော့မှာ"

"ဟယ်… ပျော်စရာကြီးနော်"

ပန်းမျက်နှာလှလှလေး ပြုံးနေသလောက် ဇေ့မျက်နှာချောချောက





ပန်းနှင့် ဆန့်ကျင်ဘက် တင်းမာမှုန်ကုတ်သွားတာကို သွန်း မမြင်ချင်ဟန်ဆောင်ပြီး အလှဆုံး ပြုံးလိုက်သည်။

သွန်းကို စိတ်ရှုပ်အောင် လုပ်နေသည့် ချာတိတ်မှာ သွန်းစကားကြောင့် ထိသွားတာကို သွန်း ကျေနပ်သည်။ အခုတည်းက သွန်းမှာ လက်ထပ်ရမည့်ချစ်သူ ရှိနေပြီဆိုမှ နောက်ထပ် ဇာတ်လမ်းမရှုပ်တော့မှာ မဟုတ်လား။

"မမက သိပ်လှတော့ မမချစ်သူက မမကို သိပ်ချစ်မှာပဲနော်"

"ဒါပေါ့… မမကလည်း သူ့ကို ချစ်တယ်၊ ချစ်လို့ လက်ထပ်မှာ"

"ငါ သွားတော့မယ်"

"ဟဲ့… နင်က ဘယ်ကို သွားမလို့လဲ၊ နေဦး… ပန်းတို့ပါ တစ်ခါတည်း လိုက်မယ်"

"လာ… မမ"

"နေရာတကာ သူ့စိတ်ချည်းပဲ"

ဇေက သွန်းတို့ကို မစောင့်ဘဲ ရှေ့က အရင်ထွက်သွား၍ ပန်းက မကျေမနပ်နှင့် ဇေ့ကို အပြစ်လှမ်းပြောပေမယ့် ဇေက လှည့်မကြည့်။



www.burmeseclassic.com

www.burmeseclassic.com



သွန်းမှာ ချစ်သူရှိသည်။ မကြာမီ လက်ထပ်တော့မည်ဆိုတာနှင့် သူ့ရင်တွေ မီးလိုပူနေ၏။

'ကျွန်တော်ကလွဲပြီး ခင်ဗျား ဘယ်သူ့ကိုမှ မချစ်ရဘူး' ဆိုသည့် စကားကို စိတ်ထဲက ကျိတ်ဆိုရင်း ကားကို ခပ်ကြမ်းကြမ်း မောင်းပစ်တော့ ပန်းက သူ့ကို အော်သည်။

"နင် ဘာဖြစ်နေတာလဲ… ဧေ၊ ကားကို ဘာဖြစ်လို့ ဒီလောက် မောင်းနေတာလဲ"

"မောင်းချင်လို့"

"နင် မောင်းချင်တိုင်း မောင်းလို့ဖြစ်မလားဟဲ့၊ ဒီမှာ မမ ပါလာတာ မမြင်ဘူးလား၊ နင့်ကို ဘွားနဲ့ တိုင်ပြောမယ် သိလား"

"ကြိုက်သလိုလုပ်"

"တွေ့လား… မမ၊ မျက်နှာကိုက တစ်လောကလုံး သူ့လုပ်စာ ထိုင်စားနေတဲ့ ပုံစံနဲ့၊ ဒီလိုပုံစံနဲ့ နင် ချစ်တဲ့သူက နင့်ကို ပြန်ကြိုက် ပါလိမ့်မယ် အားကြီး"

ပန်းစကားကြောင့် သွန်းမျက်နှာလေးကို တည်ထားလိုက်သည့် အခိုက်မှာပဲ ဧေ့အကြည့်က သွန်းထံ ဖျတ်ခနဲ ရောက်ဖြစ်အောင်





ရောက်လာသည်။

"စိတ်ချ… ငါချစ်သူက ငါ့ကို ပြန်ချစ်ကို ချစ်လာစေရမယ်၊ ပြီးတော့ ငါကလွဲပြီး တခြား ဘယ်သူ့ကိုမှလည်း လက်မထပ်ရဘူး၊ ငါ့ကိုပဲ လက်ထပ်ရမယ်"

ဧေ့စကားက အဓိပ္ပာယ်အပြည့်နှင့် သွန်းကို ရည်ရွယ်ပြီး ပြောနေပေမယ့် ပန်းကတော့ ဧေ့ကို မကျေမနပ်ကြည့်သည်။

"ပြောပုံကိုက အလွယ်လေးကျနေတာပဲ၊ ဟိုက အရုပ် မဟုတ်ဘူး သိလား၊ လူ… လူ၊ သူ့မှာလည်း ခံစားတတ်တဲ့ နှလုံးသားနဲ့၊ နင် ဖြစ်ချင်တိုင်း ဖြစ်မလား"

"မဖြစ်လည်း ဖြစ်အောင်လုပ်ရမှာပဲ၊ ငါ့ဘဝမှာ သူမရှိလို့ မဖြစ်ဘူး၊ သူ့ကိုပဲ ငါချစ်တယ်… သိပ်ချစ်တယ်"

"နင်တော့ ရူးနေပြီ ဧေ"

"ကျွိုး…"

"ဘာလို့ ကားကို ရပ်လိုက်တာလဲ ဧေ"

"ဟိုမှာ မမြင်ဘူးလား… နင့်ဆရာမ၊ သွားနှုတ်ဆက်လိုက်ဦး"

ပန်းက ဧေ့ကို တစ်ခုခုပြောမည့်ဟန် ပြင်ပြီးမှ ကားပေါ်က



www.burmeseclassic.com

www.burmeseclassic.com



အပြေးလေး ဆင်းသွားသည်။ ဇေက ပန်းကို သူတို့နားက တမင် ပထုတ်လိုက်ခြင်းဖြစ်၏။

ကားပေါ်မှာ သူနဲ့သွန်း နှစ်ယောက်တည်း ကျန်ခဲ့တော့ သွန်းဘက်ကို သူလှည့်လိုက်သည်။

"သွန်း"

"ကျွန်တော့်ကို မှတ်မိတယ်နော်"

သွန်းက ဇေ့ကို ဖျတ်ခနဲ လှမ်းကြည့်တော့ အကြည့်ချင်း ဆုံသွားသည်။ သွန်းမျက်နှာက တည်သလို အကြည့်လေးကလည်း အေးတိအေးစက်။ ဇေနဲ့ပတ်သက်ပြီး ဘာခံစားချက်မှ မရှိဘူးဆိုတာ တမင်ပြောနေသလိုလို။

"ဘာဖြစ်လို့ မေးတာလဲ"

"သိချင်လို့"

"လေယာဉ်ပေါ်မှာ တွေ့ခဲ့တာပဲ၊ ဘာမမှတ်မိစရာ ရှိလဲ"

"ဟုတ်ပြီ၊ ကျွန်တော် လိုချင်တာ ဒါပဲ"

ဇေက သွန်းမျက်ဝန်းထဲကို စိုက်ကြည့်လိုက်သည်။

"ကျွန်တော်တို့ အခုလို အနေအထားနဲ့ ပြန်တွေ့ရမယ်လို့





ထင်မထားဘူး"

ဇေ့စကားကို သွန်းက မည်သို့မျှ မတုံ့ပြန်ဘဲ တစ်ဖက်သို့ လှည့်သွား၍ ဇေ့ရင်ထဲ သွန်းအပြုအမူအပေါ် အတော်အခံရ ခက်သွားသည်။ သွန်းကို သူ စိတ်ဝင်စားမှန်း သိရက်နဲ့။

"သွန်း"

"ပြောပါ"

"သွန်းနာမည်က ဒီတစ်လုံးတည်းပဲလား"

"ဟုတ်တယ်… မင်းက ဘာလုပ်မလို့လဲ"

သွန်းက စိတ်မရှည်သံ။

"ဘာမှ မလုပ်ပါဘူး၊ သွန်းနာမည်ကို သဘောကျလို့၊ နာမည်နဲ့လိုက်အောင် ကျွန်တော့်နှလုံးသားထဲကို အချစ်မိုးတွေ ရွာသွန်းနေလို့ပါ"

"မင်း တို့ကို ဘာစကား ပြောတာလဲ"

"သွန်းကို ချစ်တဲ့အကြောင်း"

သွန်းမျက်နှာလှလှလေး ပိုပြီးတင်းမာသွားသည်။

"မင်း သိပ်လွန်ပြီ ဇေ၊ မင်းက အိမ်ရှင်၊ သွန်းက ဧည့်သည်ဆိုတာလည်း သတိရဦး"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်မှာ အချစ်ပဲရှိတယ် သွန်း၊ သွန်းကို ကျွန်တော် လေယာဉ်ကွင်းမှာ တွေ့တည်းက ချစ်ခဲ့တာ၊ သွန်းကို ကျွန်တော် ချစ်တယ်"

"သိပ်ချစ်တယ် သွန်း"

သွန်း ဘာမှမပြောဘဲ သူ့ကားပေါ်က ဆင်းလိုက်သည်။

"ဒါ ဘာလုပ်တာလဲ သွန်း"

"မင်းကားနဲ့ သွန်း ဆက်မလိုက်နိုင်တော့ဘူး ဇေ၊ သွန်းချစ်သူနဲ့ သွန်း လက်ထပ်တော့မယ်ဆိုတာ သိလျက်နဲ့ မင်းစကားတွေက သွန်းကို ဘယ်လောက် စော်ကားနေပြီလဲဆိုတာ သိရဲ့လား"

တင်းနေ၍ သွန်း သူ့ကို စိတ်ဆိုးသွားမှန်း သိလိုက်၏။

"ဆောရီး... ကျွန်တော် သွန်းကို ချစ်လို့ ချစ်တဲ့အကြောင်း ပြောတာ၊ သွန်းကို စော်ကားတာ မဟုတ်ဘူး၊ အဲဒါ တကယ်"

"ဇေနဲ့မမ ဘာဖြစ်နေတာလဲ"

"ဩော်... ပန်း"

"မမ... ဇေ့ကို စိတ်ဆိုးနေတာလားဟင်၊ ဘာဖြစ်လို့လဲ ဇေ"

ပန်းက သွန်းကိုကြည့်ရင်း ဇေ့ဘက်ကို လှည့်မေးလိုက်၏။

"ဘာမှမဖြစ်ဘူး၊ သွန်းက ဟိုမှာမြင်နေတဲ့ သဇင်ပန်းတွေ





ဝယ်ချင်လို့၊ ငါက ဈေးကြီးတဲ့အကြောင်း ပြောနေတာ"

"ဟုတ်လား... မမသွန်း လိုချင်ရင် ပန်း ဝယ်ပေးမှာပေါ့၊ ခဏလေးစောင့်နော်"

"နေပါစေ ပန်း၊ မဝယ်နဲ့တော့"

"ခဏလေးပါ မမရဲ့၊ အခုချက်ချင်း ပြန်လာမယ်"

ပန်းက ဇေပြောတာ အဟုတ်ထင်ပြီး သဇင်ပန်းသည်ရှိရာ ပြေးသွား၍ သွန်းနှင့်ဇေ ကျန်ခဲ့သည်။

"မင်း ဘာလို့ ပန်းကို မဟုတ်တာတွေ ပြောရတာလဲ"

"ဟုတ်တာတွေချည်း သွန်းက ပြောစေချင်တာလား၊ ဒါဆို ပန်းလာရင် သွန်းကို မြင်မြင်ချင်း ကျွန်တော် ချစ်သွားမိတဲ့အကြောင်း ပြောလိုက်မယ်"

"ဘာ..."

ဇေ့စကားကြောင့် သွန်းမျက်နှာ နီရဲသွားကာ ဒေါသဖြစ်ဖြစ်နှင့် ဇေ့မျက်နှာကို စိုက်ကြည့်လိုက်သည်။

"မင်း ဘယ်လိုလူလဲ ဇေ၊ ချယ်ရီမြို့ကို ခဏလာလည်တဲ့ ငါ့ကို ဒီမှာ ဆက်မနေနိုင်အောင် လုပ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာလုပ်နေလို့လဲ၊ သွန်းကို ချစ်မိတာကလွဲရင်…"

"တော်တော့… ဟိုမှာ ပန်း လာနေပြီ၊ မင်းပါးစပ်ကို ပိတ်ထား"

"ရှော့… မမလိုချင်တဲ့ သဇင်တွေ"

"အများကြီးပါလား ပန်းရယ်၊ ဘယ်လောက် ပေးခဲ့ရသလဲ ဟင်"

"လာပါ… ကားပေါ်တက်၊ အားလုံးမှ တစ်ထောင်တည်း ပေးရတာ၊ မမခေါင်းမှာ အခုပန်လိုက်"

ပန်းက သွန်းကို ကားပေါ်တက်ခိုင်းပြီး သူကိုယ်တိုင်လည်း သွန်းနောက်မှ ပါလာ၍ သွန်း ဘာမှမပြောဘဲ ပန်းတွေယူပြီး ကားပေါ် တက်လိုက်ရသည်။ စိတ်ထဲမှာတော့ ဇေ့ကြောင့် ရှုပ်ထွေးနေသည်။

ဇေက သွန်း သူ့ကို စိတ်ဆိုးနေတာကို သိလျက်နှင့် မျက်နှာ ခပ်တည်တည်။ ပန်းက သွန်းတို့အဖြစ်ကို မရိပ်မိ၍ လမ်းမှာ စကားတွေ ဖောင်ဖွဲ့လာ၏။ သွန်းမှာသာ ဇေ့ထံမှ အကြည့်များကို မြင်တွေ့နေရ၍ သွန်းရင်ထဲ မောလျှတင်းကျပ်သွား၏။

ချယ်ရီမြိုင်မှာ သွန်း ရှိနေသရွေ့တော့ အတတ်နိုင်ဆုံး ဇေနှင့် ခပ်ကင်းကင်းနေနိုင်မှ ဖြစ်မည်။ ဇေ့ထံမှ ထင်ရာကို တဇွတ်ထိုး လုပ်တတ်သည့်စရိုက်ကို သွန်း လန့်နေမိသည်။ သွန်းမျက်နှာလေးကို ဘယ်လောက်ပင် တင်းထားပါစေ။ ဇေ့ပုံစံက နည်းနည်းလေးမှ ဂရု စိုက်သည့်ဟန်က အထင်းသား။

ဘွား ပြောသလို ပန်းက ချစ်စရာကောင်းအောင် လိမ္မာသလောက် ဇေက ဇွတ်တရွတ်လုပ်တတ်သည့် လူဆိုးဆိုတာ သူ့အပြုအမူ၊ အပြော အဆိုများက သက်သေခံနေ၏။ ဘွားက ဇေ့ကို ချစ်သဖြင့် ဇေ ဘာလုပ်လုပ် ခပ်ပြုံးပြုံးရှိနေတာ သွန်း သတိထားမိသည်။ ဇေ့ မာမီက သွန်းကို သမီး… သမီးနှင့် နှုတ်ဖျားက မချ၊ ချစ်ခင်ကြင်နာစွာ ရင်းရင်းနှီးနှီးနေပုံကို သွန်းစိတ်ထဲ အနေရခက်သော်လည်း ဇေကတော့ သွန်းနှင့်သူ့မာမီ ချစ်နေတာကြည့်ပြီး အကျေနပ်ကြီး ကျေနပ်နေသည်။

ယောက္ခမတိုင်းက ချွေးမကို ချစ်တတ်ကြတာ မဟုတ်။ ဇေ့မာမီ ကိုယ်တိုင်က သွန်းကို ချစ်နေတာဆိုတော့ ဇေသာ သွန်းကို လက်ထပ် ချင် မိသားစုအားလုံး စည်းစည်းရုံးရုံးနှင့် ဘယ်လောက် ပျော်စရာ ကောင်းမလဲဟု တွေးပစ်သည်။

သွန်းက ဇေနှင့် ဝေးဝေးနေချင်နေချိန်မှာ ဇေက သွန်းနှင့်သူ





www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်တွေ့ခွင့်ရအောင် အကြောင်းအမျိုးမျိုးပြ စီစဉ်နေသည်။ မရောက်ဘူးသေးသည့် နေရာအနှံ့ လိုက်ပို့သည်။ သွန်းမှာ ငြင်း၍မရ။ ခေါ်တောသိနှင့် ဘွား အစီအစဉ်ဆိုတော့ ဇေတို့မောင်နှမခေါ်ရာ လိုက်ရသည်။

"ဟိုမှာ မြင်နေရတာ မှိုင်းလုံးတောင်လေ မမ"

ပန်းက မြို့အနှံ့လိုက်ပို့ရင်း စကားတွေ မပြတ်တမ်းပြော၏။ သွန်းက နားထောင်သမား။ ဇေကတော့ သွန်း လှုပ်ရှားသမျှ အရိပ်တကြည့်ကြည့်နေသည့်သူ။ တစ်ချိန်လုံး ပန်းက သွန်းအနားမှ မခွာသဖြင့် သူ ဘာမှ ပြောခွင့်မရဘဲ ဖြစ်နေသည်။

မှိုင်းလုံးတောင်ဆိုသည့်အတိုင်း တစ်တောင်လုံး မှိုင်းဝေမှုန်သီသောမြူခိုးတို့ဖြင့် လွှမ်းမိုးထားတာကို မြင်ရသည်။ ထင်းရှူးပင်တို့ ဝန်းရံနေသည့်တောင်မို့ စိမ်းညို့နေ၏။ တောင်၏အရှေ့ဘက် မျက်နှာစာမှကြည့်လျှင် ကလောမြို့ကလေးကို အပေါ်စီးမှ လှမ်းမြင်တွေ့နိုင်သည်။ အနောက်ဘက်တွင် မြင်းမထိတောင်ကြီးက မြင့်မားစွာ နေရာယူထားသည်။ နှီးဘုရားကို ဖူးပြီး ပြန်ခဲ့ကြသည်။

"မနက်ဖြန် တောင်ကြီးနဲ့ အင်းလေးကို သွားကြမယ်နော်





မမသွန်း"

သွန်း ခေါင်းညိတ်လိုက်သည်။ သွန်းကို ချယ်ရီမြိုင် ပြန်ပို့ပြီး ပန်းနှင့်ဇေတို့ ပြန်သွားကြသည်။ တစ်နေ့လုံး ပင်ပန်းထားသမျှ သွန်းရေချိုးအနားယူပစ်လိုက်သည်။ ညစာ စားတော့ ဇေ ပြန်ရောက်လာ၍ နှစ်ယောက်တည်း ဖြစ်နေသည်။

"ဘွားရော ဒေါ်စိန်"

"ဘွားက သူ့အခန်းထဲမှာ စားပြီးသွားပြီ သွန်း၊ အိပ်ရာဆောစောဝင်ချင်တယ်ဆိုလို့ ကျွန်တော်ကိုယ်တိုင် ဘွားကို သူ့အိပ်ရာထဲပို့ပေးခဲ့ပြီးမှ သွန်းနဲ့အတူ ထမင်းစားဖို့ ကျွန်တော် စောင့်နေတာ"

သွန်း မေးတာကို ဒေါ်စိန်က မဖြေဘဲ ဇေက ဖြေခြင်းဖြစ်သည်။

"ဘာလို့ သွန်းကို စောင့်နေတာလဲ၊ ဆာရင် စားထားနှင့်ပေါ့"

"ကျွန်တော် တစ်ယောက်တည်း မစားတတ်ဘူး၊ ဒါကြောင့်မို့ သွန်းကို စောင့်နေတာ"

သွန်း သူ့ကို ဘာမှ ပြန်ပြောမနေတော့။ ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်သည်။ ဇေက သွန်း ပန်းကန်ထဲကို ဟင်းတွေ တစ်မျိုးပြီးတစ်မျိုး ခပ်ထည့်ပေးနေ၍ သွန်းပန်းကန်ထဲ ဟင်းတွေပြည့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"စားနော်... သွန်း"

"တော်လောက်ပြီထင်တယ်၊ မင်းဘာသာ စားစရာရှိရင် စားပါ၊ သွန်းကို ဂရုမစိုက်ပါနဲ့"

"သွန်းက ညည့်သည်ပဲ၊ ဂရုစိုက်ရမှာပေါ့"

"ဒါ သွန်းအသွားအိမ်ပါ၊ ညည့်သည်က ဘယ်သူလဲဆိုတာ ကိုယ့်ဘာသာ စဉ်းစား"

"အဟွန်း... ဟွန်း၊ သွန်းက အိမ်ရှင်ဆိုတာ မေ့သွားတယ်... ဆောရီး"

သွန်း ဘာမှမပြောဘဲ ထမင်းကို တိတ်ဆိတ်စွာ စားနေလိုက်သည်။ သွန်းအပေါ် မရိုးသားသည့်လူကို သွန်း ဘာမှ မပြောချင်။

"တော်ပြီလား သွန်း"

"အင်း"

"သွန်း ထမင်းစားနည်းတယ်နော်၊ ကျွန်တော့်ကို စိတ်ဆိုးလို့လားဟင်"

သွန်းနှင့်ဇေ အကြည့်ချင်း ဆုံသွားသည်။

"ဟုတ်တယ်ဆို မင်းက ဘာလုပ်မလို့လဲ"





"သွန်း"

ဇေ ခေါ်ပေမယ့် သွန်း လှည့်မကြည့်ဘဲ ထမင်းစားခန်းက ထွက်ခဲ့သည်။

သွန်းအပေါ်မှာ မရိုးသားသော ဇေ့ရှေ့မှာ သွန်း ကြာရှည် မနေချင်ပါ။ ပါးစပ်က ထုတ်ဖော်မပြောသော်လည်း သူ့မျက်လုံး အကြည့်တွေက သွန်းကို စကားများစွာ ပြောနေတာထက် ပိုဆိုးသည်။

"သွန်းကို ကျွန်တော် ဘယ်လို ပြောရမလဲ"

"ဘာမှ မပြောတာ အကောင်းဆုံးပဲ"

"မဟုတ်သေးပါဘူးဗျာ၊ ကျွန်တော် သွန်းကို တကယ်ချစ်တာ"

"အဲဒီ အချစ်ဆိုတဲ့ စကားကို ကိုယ်မကြားချင်ဆုံးပဲ ဇေ၊ မင်းစကားကို မင်း ပြန်ရုပ်သိမ်းပါ"

"ဘာဖြစ်လို့လဲ၊ သွန်းကို ချစ်လို့ ချစ်တယ်ပြောတာ ဘာမှားနေလို့လဲ"

သွန်းနောက်ကို လိုက်လာပြီး ဇေက သူ့ရင်ထဲက အချစ်အကြောင်းတွေကို ဆက်ပြောနေတော့ သွန်း စိတ်ရှုပ်သွား၏။ ခပ်ဖျော့ဖျော့ အလင်းထဲမှာ သွန်းကို စိုက်ကြည့်နေသည့် ဇေ့မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေကို ရင်မဆိုင်ချင်။

"သွန်း"

"ဟင်"

ရုတ်တရက် သွန်းအနားမှာ နီးကပ်စွာ ရပ်လာပြီး သွန်းအမည်ကို ခေါ်၍ သွန်းမျက်နှာလှလှလေးကို ငုံ့ကြည့်လိုက်ပုံကအစ အပြုအမူတွေက သိပ်ပြီး ရဲတင်းလွန်းလှ၍ သွန်း မျက်လုံးလေး ပိုင်းသွားသည်အထိ ထိတ်လန့်သွားသည်။ နီးကပ်လွန်းသည့် အနေအထားကို သွန်း ဒေါသဖြစ်သွား၏။ သူနှင့်ဝေးရာသို့ သွန်းကိုယ်လေးကို တိုးရွှေ့လိုက်သည်။

"မင်း ဘယ်လိုလုပ်တာလဲ"

"ကျွန်တော် ဘာလုပ်လို့လဲ"

ဇေက သူ့အပြစ်သူ ဝန်မခံ၍ ဒေါသဖြင့် သူ့ကို တစ်ချက်မော့ကြည့်ပြီး သွန်း နေရာက ချာခနဲ လှည့်ထွက်လိုက်သည်။ ရုတ်တရက် ဇေက သွန်းရှေ့မှာ ပိတ်ရပ်လိုက်၍ သွန်းမျက်နှာလေး ရဲခနဲဖြစ်သွား၏။ သွန်းမျက်နှာတွင် မခံမရပ်နိုင်ခြင်းက အထင်းသား ဖြစ်၏။

"သွန်း"





"မင်း ငါ့ရှေ့က အခု ဖယ်လိုက်စမ်း"

"သွန်း မသွားရဘူး၊ ကျွန်တော့်ကို သွန်း ဘာဖြစ်လို့ ဒီလောက်မုန်းနေတာလဲ၊ ပြောစမ်းပါ"

ဇေ့အသံက တိုးတိတ်သော်လည်း အနည်းငယ် ကျတ်ဆတ်နေတာကို ကြည့်ပြီး သွန်းရင်ထဲမှာလည်း ဒေါသလှိုင်းထန်နေသည်။

"မင်း လုပ်နေပုံကို မင်း မသိဘူးလား ဇေ၊ မကြာခင် ချစ်သူနဲ့လက်ထပ်တော့မယ့် မိန်းကလေးတစ်ယောက်ကို မင်း အခုလို ပြောဆိုပြုမူနေတာ လူကြီးလူကောင်း လုပ်ရပ်လား"

"မင်းလောက် မုန်းစရာကောင်းတဲ့လူ ငါ့ဘဝမှာ တစ်ခါမှ မတွေ့ဖူးသေးဘူး သိလား"

"မင်းကို သွန်း မုန်းတယ်"

"သွန်း"

"မင်း ငါ့ရှေ့က ဖယ်စမ်း ဇေ"

"မဖယ်ဘူးဗျာ၊ သွန်းအမုန်းကို ကျွန်တော် မခံနိုင်ဘူး"

ဇေ့မျက်နှာက မှုန်နေသလို စကားသံကလည်း တုန်နေ၏။

"ကောင်းပြီ… မင်း မဖယ်ရင် သွန်းဘာသာပဲ သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



“သွန်း”

“မင်း ဘာလုပ်တာလဲ ဇေ၊ ငါ့လက်ကို အခု လွှတ်စမ်း”

“လွှတ်စေချင်ရင် သွန်း ကျွန်တော့်ကို မမုန်းပါဘူးလို့ပြော”

ဇေက ဖွတ်သမားပီပီ သူ့နားက သွန်း ထွက်မသွားအောင် သွန်းလက်လေးကို တင်းကျပ်စွာ ဆွဲထား၍ သွန်းက ရုန်းပေမယ့် ဇေက မလွှတ်။

“မင်းကို ငါ ပိုမုန်းမိတော့မယ်နော်”

“လွှတ်စမ်း”

“ကျွန်တော် ကြားချင်တဲ့စကား ပြောပြီးမှ သွန်း သွားရမယ်”

“ဒီလောက်တောင် ဖြစ်လှတာ… ကဲဟယ်”

“ဖြန်း”

“ဟာ…”

သွန်းလက်လေးတစ်ဖက် မြောက်တက်သွားသလို ဇေ့ပါးတစ်ဖက်လည်း နီရဲထူပူသွားကာ သွန်း ရိုက်လိုက်သောပါးကို အလန့်တကြား အုပ်ကိုင်ရင်း သွန်းလက်ကို အံ့သြမယုံနိုင်စွာ လွှတ်ချလိုက်၏။

“သွန်း ကျွန်တော့်ပါးကို ရိုက်တယ်… ဟုတ်လား”





“ဟုတ်တယ်၊ မင်းလိုလူကို ဒီလိုလုပ်တာ နည်းသေးတယ် သိလား၊ နောက်တစ်ခါ သွန်းအသားကို ထိရဲရင်ထိကြည့်”

“ဘာဖြစ်လဲ၊ သွန်းက ကျွန်တော့်ကို သတ်ပစ်မလို့လား”

ဇေ့အမေးကို သွန်း မဖြေ၍ သွန်းမျက်နှာကို ဇေ စိုက်ကြည့်လိုက်သည်။

“သွန်း ကျွန်တော့်ကို သတ်ရဲရင် သတ်လိုက်၊ ကျွန်တော်ကတော့ သွန်းကို ဖွတ်ချစ်မှာပဲ”

“သွန်းကို ကျွန်တော် ချစ်တယ်”

“သိပ်ချစ်တယ်ဗျာ”

“ဇေ… မင်း ဒါ ဘာလုပ်တာလဲ”

“လွှတ်ဆို… အို”

လုံးဝထင်မှတ်မထားသည့် အဖြစ်ကြောင့် သွန်း တစ်ကိုယ်လုံး ဖော့ရင်ခွင်ထဲ ထွေးခနဲ ရောက်သွားကာ သွန်း မျက်နှာလှလှလေးထက် အနမ်းမိုးတွေ ရွာချတာ ခံလိုက်ရသည်။ ရန်စွာချင်သည့် သွန်းနှုတ်ခမ်းလေးကို ဇေက စကားဆိုခွင့်မပြု။ နှာကျင်နွေးထွေးသွားသည့် သွန်းနှုတ်ခမ်းလေးတွေကို ရက်စက်စွာ အပြစ်ပေးရက်သူက ဇေ။



www.burmeseclassic.com

www.burmeseclassic.com



"သွန်းကို ကျွန်တော် သိပ်ချစ်တယ်"

"ကဲဟယ်"

"ဖြန်း"

"သွန်း"

ဇေ ခေါ်ပေမယ့် သွန်းက လှည့်မကြည့်။ နာကျင်သွားသည့် ပါးကို ဇေက ဂရုမစိုက်။ လှုပ်ရှားနေသော နှလုံးသားမှာ သွန်းကို ချစ်သည့် အချစ်တွေနှင့် နွေးထွေးစွာ လှုပ်ခတ်လျက်။ သူ့ဘဝမှာ သွန်း မရှိလို့ မဖြစ်ဘူးဆိုတာပါ သိလိုက်သည်။

"သွန်း မောင့်ကိုပဲ ချစ်ရမယ်၊ အခုချိန်ကစပြီး သွန်းကို ကျွန်တော်ကလွဲပြီး တခြားသူ ပိုင်ဆိုင်ခွင့်မရှိတော့ဘူး သွန်း"

သွန်း သူ့ကို ဘယ်လောက်မုန်းမုန်း သူ ဂရုမစိုက်။ သွန်းအချစ်ကို ရအောင် ကြိုးစားရမည်က ဇေ့တာဝန်ဟု သဘောထားလိုက်သည်။

အမုန်းနဲ့ အနီးဆုံးက အချစ်ပဲ။

ဇေ့ကို သူ့ဘာသာသူ ပြောချင်ရာပြောပြီး သွန်းကို ပိုင်ဆိုင်ရယူဖို့ တိတိကျကျ ဆုံးဖြတ်လိုက်တာကို ဘယ်သူမှမသိ။ အခုအဖြစ်အပျက် အခြေအနေတွေမှာ ဇေ့ဘက်က လွန်တာ ဇေ သိပေမယ့် မတတ်နိုင်။





သွန်းမှာ ချစ်ရမယ့်သူ၊ ပိုင်ဆိုင်ရမည့်သူ ရှိသည်ဆိုသော စကားက ဇေ ချစ်သော၊ မြတ်နိုးရသော သွန်းကို ဘယ်လိုနည်းနဲ့ အဆုံးရှုံး မခံနိုင်ပါ။ သွန်းအချစ်ကို အမြန်ဆုံး ရယူပိုင်ဆိုင်နိုင်အောင် ကြိုးစားပါလို့ သူ့ကိုယ်သူ ပြန်ပြီး သတိပေးနေသလို ဖြစ်နေတာ သွန်း မသိ။

လောကကြီးမှာ ချစ်တိုင်းညားနိုင်ကြတာမဟုတ်။ တစ်နေ့ သွန်း သူ့ကို သေချာပေါက် ချစ်လာလိမ့်မည်ဟု ယုံကြည်ထားသည်။

ဇေဆိုတာ ဖြစ်ချင်တာကို ဖြစ်အောင် လုပ်ယူတတ်တဲ့လူဆိုတာ သွန်း မသိသေးလို့ပါဗျာ။

အချစ်နဲ့စစ်မှာ မတရားဘူးဆိုတာ မရှိဘူး သွန်း။

"သွန်း"

ချစ်သူအမည်ကို ချစ်မြတ်နိုးခြင်းများစွာဖြင့် ဇေ့နှုတ်ဖျားမှာ ခပ်တိုးတိုး ခေါ်ညည်းလိုက်သံကို သွန်း မကြား။

ဇေ့နှလုံးသားမှာ သွန်းကိုချစ်သော ချစ်ခြင်းတွေနှင့် ပြည့်လျက်။ ပထမဆုံး ခြွေချလိုက်မိသော ချိုမြိန်သော ချစ်အနမ်းတွေကို ပြန်လည် တမ်းတရင်း သွန်း ရှိနေမည့် အပေါ်ထပ်ကို လှမ်းကြည့်ကာ သက်ပြင်း ချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေတို့အဖြစ်ကို ဘယ်သူမှ မမြင်မတွေ့လိုက်သော တိတ်ဆိတ်မှုထဲမှာ ဖေတစ်ယောက်တည်း။



## အခန်း (၃)

အကြောင်းပြချက်အမျိုးမျိုးဖြင့် ဖေနှင့် မတွေ့အောင် ရှောင်နေမိသော သွန်းအတွက် နောက်ထပ် အကြောင်းပြချက်အသစ် ထပ်ရှာမရတော့သောအဖြစ်သို့ ရောက်လာရပါပြီ။ သွန်းနှင့်ဖေ့အကြောင်းဘာမှ မသိသော ဘွားကြောင့် သွန်းမှာ ပန်းနှင့် ဖေတို့နှင့် လိုက်ခဲ့ရသည်။ ကလော စထွက်ကတည်းက သွန်း ပတ်ဝန်းကျင်ကို ငေးမောလာသည်။ တောင်ညိုတောင်တန်းများက မှိုင်းညို့ညို့၊ မြေနီ၊ မြေညို၊ ကုန်းမြင့်လွင်ပြင်များမှာ တောင်သူများရဲ့ စိုက်ခင်းစိမ်းစိမ်းလေးတွေနှင့် လှပကြည်နူးစရာ ကောင်းနေသည်။

တစ်လမ်းလုံး သာလိကာမလေးရှုံးအောင် ပန်းက စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး တခစ်ခစ် ရယ်နေသည်။ ဖေကတော့ နက်ပြာရင့်ရောင် ကုတ်အင်္ကျီနှင့် ပြောင်လုံချည်ကို တွဲဝတ်ထားသည့် သိပ်လှသော ချစ်သူကို နောက်ကြည့်မှန်ထဲက တစ်ချိန်လုံး ငေးနေ၏။

ကိုယ့်ကိုယ်ကိုလည်း ဖေ အံ့ဩမိသည်။ သွန်းကို ချစ်မိပြီ ဆိုတည်းက သိပ်လှသည့် သွန်းကို သူ စိတ်မချ။ သွန်းအပေါ်မှာ အစိုးရိမ်ပို သဝန်တိုနေမိသည်။ အမြန်ဆုံး ပိုင်ဆိုင်ချင်သည့် စိတ်ဆန္ဒတွေက ရင်မှာအပြည့်။ ချစ်ရသည့် သွန်းကတော့ ဖေ့ရင်ထဲမှာ ဘာတွေ ဘယ်လိုဖြစ်နေသည်ကို မသိ။ မျက်နှာထားတည်တည်လေးနှင့် တကယ့်လူကြီးလေးလို သူ့ကိုယ်သူ ပုံစံဖမ်းထားတာကိုပဲ သူ အသည်းယားနေမိသည်။

ဖေနဲ့သွန်း အသက်နှစ်,နှစ်သာ ကွာသည်။ အပြင်မှာ ယှဉ်ကြည့်လျှင် သွန်းပုံစံက သူ့ထက်ပင် ငယ်သည့်ပုံစံပေါက်နေသည်။ သေးသွယ်လှပသည့် သွန်းကိုယ်လေးကို ဖေ့လက်တစ်ဖက်တည်းနှင့်ပင် အသာပွေ့ယူနိုင်အောင် သူက ထွားကြိုင်းသန်မာသူ။ သွန်းက သူ့ကိုယ်သူ တကယ့်လူကြီးတစ်ယောက်လို နေရာယူလျက် သူ့ကို မင်းနဲ့ငါပြောပြီး သူ့ကို အမှန်းစကားတွေဆိုပြီး ဂရုမစိုက်ပေမယ့်





ဖေ့အချစ်တွေက သွန်းတစ်ယောက်တည်းမှာသာ နက်ရှိုင်းစွာရှိနေ၏။

ဖေက သွန်းမျက်နှာလေးကို တစ်နေ့မတွေ့ရ မနေနိုင်ဖြစ်နေချိန်မှာ သွန်းက ဖေ့ကို လုံးဝအတွေ့မခံ။ အကြောင်းအမျိုးမျိုးပြပြီး ရှောင်နေ၍ ဖေ့ရင်ထဲက အချစ်စိတ်တွေ ပေါက်ကွဲချင်နေတာ မနည်းမျိုသိပ်ထားခဲ့ရသည်။

သွန်းနှင့် ဖေကြားက ပြဿနာကို ဘယ်သူမှ မသိ။

ဖေ့ကို သွန်းက မင်းလို့ ပြောတာကို သူမကြိုက်။ ပြီးတော့ သွန်းက သူ့ကို ငါ ငါနှင့် ပြောတာကိုလည်း သဘောမကျ။

ချစ်စိတ်ကို အတတ်နိုင်ဆုံး ကြိုးစားမျိုသိပ် ချုပ်တည်းထားရသည်။ သူနှင့် အကြည့်ချင်းဆုံလေတိုင်း မျက်နှာထားတည်တည်လေးနှင့် အကြည့်လွှဲသွားတတ်သည့် သွန်းကို ဖြစ်နိုင်ရင် သူ့ရင်ခွင်ထဲမှာ ထွေးပိုက်ထားလိုက်ချင်သည်။

ဖောင်တော်ဦးဘုရားသို့ ပို့ရန် ပွဲချိတ်ငှားရသည်။

"လာ… သွန်း၊ ကျွန်တော့်လက်ကိုတွဲ"

ဖေက လက်ကမ်းပေးပေမယ့် သွန်းက သူ့မလက်လေး ကမ်းပေးခြင်းမပြု။ ပွဲချိတ်ပေါ် သူမဘာသာ တက်ဖို့ ကြိုးစားနေ၍ ဖေကပဲ



www.burmeseclassic.com

www.burmeseclassic.com



သူမလက်ကို ဆွဲယူလိုက်၏။ သွန်းကို လူတွေဝိုင်းကြည့်လျှင် ဇေ့မျက်နှာက အလိုမကျစိတ်ဖြင့် တင်းမာခက်ထန်နေ၏။ သွန်းက ဇေ့အပေါ်မှာ တင်းမာသော်လည်း တခြားသူနဲ့ကြတော့ မျက်နှာလေးက ချစ်စဖွယ်ပြုံးရယ်နေပုံက အသည်းယားစရာ။

ဇေနှင့်ကျတော့ သွန်းမျက်နှာကတစ်မျိုး၊ အခုလို ရယ်မောပျော်ရွှင်နေရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။ အခုတော့ သွန်းရဲ့ စိမ်းကားအေးစက်သည့် အပြုအမူလေးတွေကြောင့် ဇေနှလုံးသားတွေ နာနေ၏။

ဖောင်တော်ဦးဘုရား ဖူးကြသည်။ ပန်းက ဘုရားကန်တော့ပြီး ထွက်သွားသည်။ သွန်းကို မစောင့်။ ဇေက သွန်းနားမှာထိုင်ပြီး သွန်းကို တစ်ချိန်လုံး ကြည့်နေမိသည်။ ပန်းက သူငယ်ချင်းအဖော်တွေနှင့်အတူ လိုက်သွားသဖြင့် ဇေတစ်ယောက်တည်း သွန်းကို စောင့်ရင်း ကျန်ရစ် ခဲ့သည်။

သွန်း ဘုရားကန်တော့ပြီးတော့ သူ့နားမှာ ပန်းမရှိဘဲ ဇေ့ကို တွေ့တော့ မျက်ခုံးလေး တွန့်သွားသည်။

"ပန်းရော"





"သူ့သူငယ်ချင်းတွေနဲ့တွေ့လို့ ဟိုဘက် ခဏလိုက်သွားတယ် သွန်း"

သွန်းက ဇေ့ကို ဘာမှမပြောတော့ဘဲ တစ်ဖက်သို့ လျှောက်သွားသည်။

"သွန်း"

"ဟင်… ကိုအောင်"

ကိုအောင်ဆိုသည့်လူက သွန်းကို တရင်းတနှီး နှုတ်ဆက်သလို သွန်းပုံစံကလည်း ဝမ်းသာအံ့သြဟန်ဖြင့် တစ်ဖက်လူကို နှုတ်ဆက်နေတာကို ကြည့်ပြီး မျက်နှာတင်းသွားသူက… ဇေ။

"ဘယ်တုန်းက ဒီရောက်နေတာလဲ သွန်း"

"သိပ်မကြာသေးဘူး၊ ကိုအောင်ရော ဒီမှာ တာဝန်ကျနေတာလား"

သွန်းဖုန်းနံပါတ်ကို တစ်ဖက်က ရေးမှတ်နေချိန်ထိ သွန်းက ကိုအောင်နှင့် ဇေ့ကို မိတ်ဆက်ပေးခြင်း မရှိ။

"သွန်း… အဖော်လား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"လူချောပဲကွ၊ မိတ်ဆက်မပေးတော့ဘူးလား"

သွန်းက ဘာမှမပြော။

"ဘာလဲ၊ စိတ်ကောက်နေလား"

"စိတ်ကောက်ရအောင် သွန်းချစ်သူမှ မဟုတ်ဘဲ"

ကိုအောင်က သွန်းစကားကို ယုံကြည်ပုံမရ။

"သွန်းကသာ ချစ်သူမဟုတ်ဘူး ပြောနေ၊ ဟိုက ကြိုက်နေပုံက သွန်းချစ်သူပုံစံပါ၊ မှန်မှန်ပြောစမ်း၊ အဲဒီတစ်ယောက်က သွန်းချစ်သူ မဟုတ်လား"

"မဟုတ်ပါဘူးဆို... ကိုအောင်နော်"

"ကဲ... ဟုတ်ဟုတ် မဟုတ်ဟုတ် ငါတော့... လစ်ပြီ သွန်းရေ၊ ဟိုရောက်မှ ဖုန်းဆက်လိုက်မယ်"

"ဖုန်းနံပါတ် မပျောက်စေနဲ့နော်"

"အေးပါ"

ကိုအောင်က ရယ်ရယ်မောမော နှုတ်ဆက်ပြီး သူ့အဖော်တွေနှင့် လိုက်သွားသည်။ သွန်းသူငယ်ချင်း ရွှေစင်၏ ခင်ပွန်းဖြစ်သော ကိုအောင်က သွန်းနှင့်လည်း ပြောမနာ ဆိုမနာ ရင်းနှီးသည်။ အဆော





အသွယ် ပြတ်သွားကြ၍ အခုမှ ပြန်တွေ့ခြင်းဖြစ်သည်။

"ခုနက ဘယ်သူလဲ သွန်း၊ ဘာဖြစ်လို့ ကျွန်တော်နဲ့ မိတ်ဆက် မပေးတာလဲ"

ဇွဲအသံက မနာလိုဝန်တိုခြင်းတွေနှင့် ဖြစ်ပေမယ့် သွန်းပုံစံက ခပ်အေးအေး။

"မိတ်ဆက်ပေးစရာ အကြောင်းမရှိလို့ မိတ်ဆက်မပေးတာ ရှင်းနေတာပဲ"

သွန်းဘက်က ရှင်းပေမယ့် သူ့ဘက်က မရှင်း။

"ကျွန်တော် စကားအကောင်းပြောနေတာ၊ သွန်းလည်း ကျွန်တော့်ကို ကောင်းကောင်းပြောပါ"

အံမယ်... သူကပဲ သွန်းကို ဒေါသဖြစ်နေလိုက်သေးသည်။

"ဒီမှာ... ငါက မင်းကို စကားအကောင်းမပြောဘဲ ထုရိုက် ရန်တွေ့နေလို့လား"

"ကျွန်တော့်ရှေ့မှာ ဘယ်ယောကျ်ားနဲ့မှ စကားမပြောနဲ့၊ မကြိုက် ဘူးဗျာ"

"နေစမ်းပါဦး၊ မင်းက ဘာဆိုင်လို့ သွန်းကို ဒီလိုစကား



www.burmeseclassic.com

www.burmeseclassic.com



ပြောရတာလဲ"

"ဆိုင်တယ်ဗျာ၊ သွန်းက ကျွန်တော့်ချစ်သူ"

"မင်းဟာ အရူးပဲ"

"သွန်း"

ဇေ့မျက်နှာ ဘယ်လိုဖြစ်ပြီး ကျန်ရစ်မှန်း သွန်း လှည့်မကြည့်။ ဇေ့ကိုထားပြီး သွန်း ထွက်လာခဲ့ပေမယ့် သွန်းနားမှာ ဇေ ပါလာ၏။

"ဟုတ်တယ်၊ ကျွန်တော် ရူးနေတယ်၊ အဲဒါ သွန်းဆိုတဲ့ ခင်ဗျားကို ချစ်လို့၊ သိပ်ချစ်လို့ ရူးနေတာဗျ… သိလား"

"မင်း သိပ်လွန်နေပြီ ဇေ၊ ဘုရားပေါ်မှာ မင်းနဲ့ငါ ရန်မဖြစ်ချင်ဘူး"

"ဘယ်သူကရော ရန်ဖြစ်နေလို့လဲ"

"မင်း ဘယ်လိုလူလဲ ဇေ"

"သွန်းကို သိပ်ချစ်နေတဲ့ လူ"

"အေး… ငါ အမုန်းဆုံးလူကလည်း မင်းပဲ"

"သွန်း"

အပြန်လမ်းတစ်လျှောက်လုံး ဇေ့ကို သွန်း စကားမပြော။ ဇေက





သွန်းနှင့် မျက်ခုံးချင်း မဆုံဆုံအောင် ကြိုးစားလျှင် သွန်း တမင် အကြည့်လွှဲပစ်သည်။ ထမင်းစားတော့လည်း သွန်းက ဇေ ထည့်ပေးသည့် ဟင်းမှန်သမျှ တစ်ခုမှ မစားဘဲ တမင်ချန်ခဲ့သည်။ ဇေ့မျက်နှာကို သွန်း မသိမသာ ခိုးကြည့်တော့ မခံမရပ်နိုင် ဒေါသဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့ထားတာကို မြင်ရ၍ သွန်း ကျေနပ်သွားသည်။

အပြန်မှာ ဇေက ကားကို ခပ်ကြမ်းကြမ်း မောင်းသည်။ သွန်းကို ဇေ စိတ်တိုနေမှန်း သိသဖြင့် သူ့ကို သွန်း ဘာမှမပြော။ ကြားတည်းက မနေနိုင်သည့် ပန်းက ဝင်ပြောသည်။

"ကားကို ဘာဖြစ်လို့ ဒီလောက် အမြန်မောင်းနေရတာလဲ ဇေ၊ ဒီလမ်းတွေက အန္တရာယ်များတာကို သိလျက်နဲ့"

ပန်းက မနေနိုင်စွာ ပြောလိုက်လျှင် ရန်လိုနေသည့် ဇေ့မျက်နှာက ဖြင့် တင်းမာမှုနက်ကုတ်လို့သွားသည်။

"နင် ဘာအန္တရာယ်မှ မဖြစ်ရင် ပြီးရော မဟုတ်လား"

"ဟဲ့… ငါ မမသွန်းကို အားနာလို့ ပြောနေတာ"

ဇေက ရန်စကားပြောတော့ ပန်းကလည်း စိတ်ဆိုးစွာ အော်သည်။

"နင်ပဲ ကြောက်နေ၊ ငါ ကားမြန်မြန်မောင်းတာ မကြိုက်လို့



www.burmeseclassic.com

www.burmeseclassic.com



သွန်းကိုယ်တိုင် ပြောလိမ့်မယ်"

ပြဿနာက သွန်းဘက် လှည့်လာ၍ ပန်းက သွန်းကို လှည့်ကြည့်သည်။ ဇေကလည်း သူ့အကြံနှင့်သူ။

သူ့ကို စကားမပြော၍ သွန်းစကား မပြော ပြောအောင် လုပ်ခြင်း ဖြစ်သည်။

"မမသွန်းက ငြိမ်သည်ပဲ၊ ဒီလောက် ကားမြန်မြန်မောင်းနေမှတော့ မကြောက်ဘဲနေမလား"

"နားညည်းတယ် ပန်း၊ နင့်ပါးစပ် ပိတ်ထား"

"နင် ဘာဖြစ်နေတာလဲ ဇေ"

"ဒေါသဖြစ်နေတာ"

"နင်က ဘယ်သူ့ကို ဒေါသဖြစ်နေတာလဲ"

"ဘယ်သူ့ဖြစ်ဖြစ် မမေးနဲ့"

"တွေ့လား မမသွန်း၊ အခုတလော ဘာဖြစ်နေမှန်းကို မသိဘူး အလကားနေရင်း စိတ်တိုနေတာပဲ"

ပန်းက ဇေ့ကို နားမလည်ပေမယ့် သွန်းကတော့ ဇေ ဘာဖြစ်နေမှန်း သိသည်။





"ကားကို ဖြည်းဖြည်းမောင်းလေ"

သွန်း ဒါပဲ ပြောလိုက်သည်။ ဒီကိစ္စကို သွန်းနဲ့သူ နှစ်ယောက်တည်း သိ၍ သွန်းစကားကြောင့် ဇေ ကားအရှိန်ကို လျှော့လိုက်သည်။

"တွေ့လား... မမသွန်း ပြောမှပဲ ရတယ်၊ စိတ်က အခုတစ်မျိုး၊ တော်ကြာတစ်မျိုး"

"ငါ့ကို ဒေါသဖြစ်အောင် ပြောမနေနဲ့ ပန်း"

ဇေ့မျက်နှာက မှုန်ကုတ်ပုပ်သိုးနေ၍ သူ မမြင်အောင် သွန်းတစ်ဖက်လှည့်ပြီး ပြုံးလိုက်သည်။ အားလုံး အလိုလိုက်ခံထားရသူပီပီ သူ ပြောသမျှ လိုတရဖြစ်နေသူက သူ ဖြစ်စေချင်သလို ဖြစ်မလာတာကို ဒေါသဖြစ်နေပုံက ပြုံးစရာ။ လောကကြီးမှာ ကိုယ်ဖြစ်ချင်တိုင်းသာ ဖြစ်ခွင့်ရနေခဲ့မယ်ဆိုရင် ဒုက္ခဆိုတာ ဘယ်မှာရှိလာမှာလဲ။

လူသားအားလုံး အမြဲပျော်နေကြရမှာ သေချာသည်။

"မမသွန်း... ပန်းတို့ ပြန်ဦးမယ်နော်"

"ကျေးဇူးပဲနော်"

"ရပါတယ် မမရယ်၊ ပန်းတို့က ညီအစ်မတွေပဲ"

"ဇေ့ကိုလည်း ကျေးဇူးတင်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဝေယံသူရာ"

"ဟဲ့… မမကို ဘယ်လိုပြောလိုက်တာလဲ ဇေရယ်၊ အားနာစရာ… ဇေ့အစား တောင်းပန်ပါတယ်နော်… မမ"

"ရပါတယ်ကွယ်၊ ဇေတို့အရွယ်က မိုက်ရူးရဲအရွယ်ဆိုတော့ ခွင့်လွှတ်ရမှာပေါ့"

"ကျွန်တော့်ကို ရန်မစနဲ့နော် သွန်း"

သွန်းက သူ့ကို လူရာမသွင်းသည့်ပုံစံနှင့် ပြောလာတော့ ဇေ ဆတ်ဆတ်ခါသွားသည်။

"မမကို အဲဒီလို မပြောနဲ့လေ ဇေ"

"ဘာလဲ၊ နင် စိတ်ဆိုးနေတာ မမသွန်းကိုလား"

ပန်းက ဇေ့ကို နားမလည်စွာ ကြည့်ရင်းမေးတော့ သွန်းအကြည့်တွေက ဇေ့ထံ ဖျတ်ခနဲ ရောက်သွား၏။

"ဘာမှမဆိုင်ဘူး၊ ငါ ဒီမှာ ညအိပ်မှာ၊ ကားကို နင့်ဘာသာ မောင်းသွားတော့"

"သဘောပဲ၊ ပန်း သွားပြီနော် မမ"

"ကောင်းပါပြီ ညီမ"





ပန်းက ကားကို မောင်းယူသွား၍ ဇေက ချယ်ရီမြိုင်မှာ သွန်းနှင့် ကျန်ခဲ့သည်။

"ဟော… မြေးတို့ ပြန်လာပြီလား"

"ဟုတ်ကဲ့ ဘွား"

"ပင်ပန်းလာမှာပေါ့ကွယ်၊ သွား… သွား… အေးအေးဆေးဆေး အနားယူကြ၊ ဘွားလည်း ဘုရားခန်းဝင်လိုက်ဦးမယ်"

ဘွားက ဇေနှင့်သွန်းကို နှုတ်ဆက်ပြီး ဘုရားခန်းထဲ ဝင်သွား၍ သွန်းလည်း ကိုယ့်အခန်းကိုယ် တက်လာခဲ့၏။ စိတ်ထဲမှာတော့ ချယ်ရီမြိုင်မှာ နေခဲ့သည့် ဇေ့အကြောင်းတွေးပြီး ရင်လေးနေ၏။

ကိုယ့်အိမ်ကိုယ် မပြန်ဘဲ ချယ်ရီမြိုင်မှာနေခဲ့၍ စိတ်ညစ်နေမိသည်။ ဘွားတို့အတွက်ကတော့ ချယ်ရီမြိုင်မှာ ဇေ ညအိပ်နေကြဖြစ်၍ ဘာမှမဆန်း။ သွန်းမှာသာ ဇေ့ကြောင့် စိတ်ညစ်နေရသည်။

"ဒေါက်… ဒေါက်… ဒေါက်"

"သွန်း"

ဘယ်လောက် အိပ်ပျော်သွားသည် မသိ။ အပြင်ဘက်မှ တံခါးခေါက်သံနှင့် သွန်းအမည်ကို ခေါ်နေသည့် ဇေ့အသံကြောင့် သွန်း



www.burmeseclassic.com

www.burmeseclassic.com



လန့်နိုးလာ၏။ အိပ်ရာထက်မှ လူးလဲထရင်း ကိုယ့်ကိုယ်ကို မှန်တင်ခုံရှေ့မှာ သပ်ရပ်အောင် ပြုပြင်ပြီး တံခါးဆွဲဖွင့်လိုက်သည်။

"သွန်း အိပ်ပျော်နေလား"

"ဟုတ်တယ်၊ ဘာလို့ အဲဒီလောက်တောင် ခေါ်နေရတာလဲ၊ ကိစ္စရှိလို့လား"

ဇေက အခုချိန်ထိ အဝတ်အစားမလဲရသေးသော သွန်းကို တစ်ချက် ငုံ့ကြည့်သည်။

"သွန်း ထမင်းမစားရသေးဘူးလို့ ဒေါ်စိန် ပြောလို့"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲဗျာ၊ ဆာနေမှာစိုးလို့ သွန်းကို လာခေါ်တာ"

"သင့်ခ်ယူး၊ ကိုယ် ဗိုက်မဆာဘူး၊ ဒါပဲမဟုတ်လား"

"သွန်း..."

"ဘာပြောဦးမလို့လဲ"

"သွန်း နေကောင်းပါတယ်နော်"

"အို"

ပြောပြောဆိုဆို သွန်းနဖူးလေးကို ဇေက သူ့လက်ဖြင့် ဖျတ်ခနဲ





သာထိတာမို့ သွန်းမျက်နှာလေး တင်းသွားသည်။

"ကိုယ်လည်း မပူပါဘူး"

ပိုင်စိုးပိုင်နင်း ဇေ့အပြုအမူကြောင့် သွန်း ဒေါသဖြစ်သွား၏။

"မင်းကို ငါမုန်းတာ အဲဒါတွေပဲ ဇေ၊ နောက်ဘယ်တော့မှ အသားကို မထိနဲ့"

"ဒုန်း..."

ဒေါသဖြင့် တင်းမာခက်ထန်စွာဆိုပြီး သွန်းက သူ့အခန်းတံခါးကို ခနဲ ဆွဲပိတ်လိုက်၍ ဇေ့ရင်ထဲ နင့်ခနဲဖြစ်သွားသည်။ ကိုယ်က ရသူဆိုတော့ သွန်းဘက်က စိမ်းကားစွာ ပြောဆိုဆက်ဆံတိုင်း မှာ နင့်ခနဲ နင့်ခနဲ ဖြစ်သွားရတာကို ဘယ်သူမှ မသိ။ သူ့မှာတော့ အတွက် စိုးရိမ်လိုက်ရတာ။ စိတ်ပူလိုက်ရတာ။ သွန်းကတော့ နှင့် ဆန့်ကျင်ဘက်။ စိမ်းကားရက်စက်သည့် အပြုအမူတွေနှင့် လုံးသားကို ခွဲဖို့ ကြိုးစားနေသူ။

"ကဲ... ကွာ"

"ဒုန်း"

သွန်း အခန်းနံရံကို ပေါက်ကွဲစိတ်နှင့် လက်သီးဖြင့် ဒုန်းခနဲထိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



နေရာက ချာခနဲ လှည့်ထွက်ခဲ့သည်။ သူ့ရင်ထဲမှာ ထိခိုက်နာကျင်နေသည်။ ဒီလိုဝေဒနာ၊ ဒီလိုခံစားချက်မျိုး ဇေ တစ်သက်မှာ ခံစားရတာ ဒါ ပထမဆုံးဖြစ်သည့်အတွက် ပိုဆိုးသည်။

ကိုယ့်ကို မချစ်သည့်လူကိုမှ ဘာဖြစ်လို့ အရူးအမူး အသည်းအသန် ချစ်နေရတာပါလိမ့်။ သွန်းက သူ့ကို မချစ်သလို သူကရော သွန်းကို မချစ်ဘဲနဲ့ နေလို့မရတော့ဘူးလား။

ဇေ့ဘဝမှာ မိန်းမတစ်ယောက်အတွက် ဒီလို အောက်ကျနောက်ကျ တဇွတ်ထိုးပြုမူ စွဲလမ်းနေမိတာ သွန်းတစ်ယောက်တည်းပါ။

မင်းမာနတွေ ဘယ်ရောက်သွားပြီလဲ ဇေ။

မင်း ယောကျ်ားမဟုတ်ဘူးလား။

ဝမ်းနည်းကြေကွဲချင်နေသည့်စိတ်ကို သူ ပြန်မေးလိုက်သည်။

အချစ်ဆိုတာ ဒါလား။

ကိုယ့်ကို ပြန်မချစ်နိုင်သည့် မိန်းမတစ်ယောက်ကို ယောကျ်ားတန်မဲ့ ဒူးထောက်အရှုံးပေးနေရတာကိုက အချစ်လား။

ဇေဆိုတာ သူကြင်မှ ကိုယ်ကြင်ဆိုသည့် မာနခပ်ကြီးကြီး ယောကျ်ား။





အခုတော့ သူမှာ ချစ်သူရှိသည်။ မကြာခင် လက်ထပ်ကြပါတော့မည်လို့ ပြောထားတဲ့ မိန်းမတစ်ယောက်ကိုမှ အသည်းအသန် အရူးအမူး စွဲလမ်းနေရတာ ဘာကြောင့်လဲ။

ဘယ်လိုအရာကများ ဇေ့ကို ဒီလိုခံစားချက်၊ ဒီလို ဝေဒနာတွေ ဖြစ်စေရတာလဲ။ ဇေ့ နှလုံးသားကလား။ ဇေ့ အသွေးအသားထဲကလား။

ဖြစ်နိုင်ရင် သွန်းဆိုတဲ့ မိန်းမကို မချစ်နဲ့လို့ သူ့ကိုယ်သူ အမိန့်ပေးထားမြစ်လိုက်ချင်သည်။ ဝမ်းနည်းစရာကောင်းတာက လက်တွေ့ဘဝမှာ ဇေ ဖြစ်စေချင်သလို ဘာတစ်ခုမှ ဖြစ်မလာခြင်းဖြစ်သည်။

သွန်းကို သူ မုန်းလို့မရ။

ဇေ့ နှလုံးသား၊ ဇေ့ အသွေးအသားတွေအားလုံးက သွန်းကိုချစ်ဖို့ တောင်းဆိုနေကြသည်။

မင်း မောင့်ကို မရက်စက်ရဘူး။

မောင့်ကို ချစ်ရမယ်။

သွန်းရယ်…။

သူ့ရင်ထဲ ဆို့နင့်စွာ ကြေကွဲသွားသည်။ ခေါင်းငိုက်စိုက်ဖြင့် သွန်းအခန်းရှေ့က သူ ထွက်ခဲ့သည်။ သူ့ရင်ထဲမှာ သွန်းထံမှ အသိ



www.burmeseclassic.com

www.burmeseclassic.com



အမှတ် အပြုမခံရသော အချစ်အတွက် ခါးသီးပူလောင်မှုတွေနှင့်…။

■



## အခန်း (၄)

စီးပွားရေးကိစ္စတစ်ခုကြောင့် ဖေ ခရီးထွက်သွား၍ သွန်းပျော်သွားသည်။

ချယ်ရီမြိုင်မှာ သွန်းတစ်ယောက်တည်း စိတ်လွတ်ကိုယ်လွတ်နှင့် အခွင့်ရသွား၏။ မာမီက ဖုန်းဆက်ပြီး သွန်းအခြေအနေကို မေးသလို သူ့ကို စိတ်ချဟုပြောသည်။ သွန်းက ဘွားအကြောင်းပြောတော့ မာမီက ရယ်သည်။

"အသက်ကြီးလာပြီဆိုတော့ ဒီလိုပေါ့ သမီးရယ်၊ မာန်မာနတွေ လာလို့ သူ့မြေးဖြစ်တဲ့ သမီးကိုခေါ်တာ မဟုတ်လား၊ သမီးဘွားက ထုသန် တဖွတ်ထိုးအပြင် မာနကလည်း သိမ်ကြီးတာ"



www.burmeseclassic.com

www.burmeseclassic.com



"သွန်းကိုတော့ ဘွားက ချစ်ပါတယ် မာမီ၊ မာမီလည်း ဘွားဆီကို လာပါလား"

"မလုပ်ပါနဲ့ သမီးရယ်၊ သမီးသာ သမီးဘွားနဲ့ ပျော်သလော နေပါ၊ သမီးပျော်ရင် မာမီ ပျော်ပါတယ်"

"မာမီရယ်"

မာမီ့ကို သွန်း သနားမိသည်။

အရွယ်ကောင်းတုန်းအချိန်မှာ ဒက်ဒီမရှိတော့ပေမယ့် မာမီ နောက်အိမ်ထောင်မပြု။ မာမီ့ကို ချော၍လှ၍ လက်ထပ်ချင်သူ အများကြီးရှိပေမယ့် မာမီက သွန်းကိုငဲ့ပြီး ဘယ်သူ့ကိုမှ လက်မခံ

အားလုံးကို ယဉ်ကျေးစွာ ငြင်းပယ်ခဲ့သည်။ မိတ်ဆွေအ အသိအမှတ်ပြု ဆက်ဆံခဲ့၍ ဣန္ဒြေမပျက် နေနိုင်ခဲ့သည်။

မာမီက သူ တတ်ကျွမ်းသည့် စိန်ရွှေရတနာဆိုင်လေးဖွင့် သားအမိနှစ်ယောက် ဘဝရပ်တည်လာခဲ့တာ ဒီနေ့အထိ။ ဘွားကိုယ် မာမီ့ကို အသိအမှတ်ပြုလာရသည့်အထဲမှာ ဒါတွေလည်းပါမည်။ ဘဝမှာ ဒက်ဒီကလွဲပြီး ဘယ်သူ့ကိုမှ နေရာမပေးခဲ့။ ဒက်ဒီ တစ်ဘဝစာ အချစ်များဖြင့် သစ္စာရှိစွာ ချစ်ခဲ့သူ။





မာမီ့အချစ်က တကယ်လေးစား အားကျအတုယူစရာ။ တခြားသူ တစ်ယောက်သာ မာမီ့နေရာမှာ အကြောင်းအမျိုးမျိုးဖြင့် နောက်ထပ် အိမ်ထောင်သစ်တည်ထောင်မှာ သေချာသည်။

တိတ်ဆိတ်နေသော သစ်လုံးအိမ်လေး၏ အနောက်ဘက်မှ မြစ်မင်းရေစီးသံသဲ့သဲ့ ကြားနေရ၏။ ကြည်လင်နေသော စမ်းချောင်း လေးက သိပ်ပြီးမကျယ်။ ရေ၏ အတိမ်အနက်ကိုမူ ခန့်မှန်းရခက်ပေမဲ့ စမ်းချောင်းနားသို့ သွန်း ရောက်သွားသည်။ ရေစပ်မှာ အကြာကြီးရပ်ပြီး အိမ်မကြီးဘက်အပြန် မျှော်လင့်မထားသည့် မြင်ကွင်းကြောင့် သွန်း ငိုင်သွားသည်။

လူတစ်ယောက်ပါလား။

သစ်လုံးအိမ်လေးဘေးမှာ ရပ်နေသည့် လူတစ်ယောက်။ တိတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေက သူ့ရုပ်သွင်ကို ပီသစွာ မတွေ့ မြင်နိုင်သော်လည်း ကျယ်ပြန့်သော ရင်အုပ်နှင့် အရပ်မြင့်မြင့်မားမား ထွားကြိုင်းသည့်သူက အရောင်လွင့်နေသည့် ဂျင်းဘောင်းဘီရှည်ကို ဝတ်ထားပြီး အပေါ်မှာ ရှပ်အကျီအလွတ်တစ်ထည် ဝတ်ထားလျက်။ သူ့ပခုံးလွယ်အိတ်ထဲမှာ တစ်စုံတစ်ခုကို ငုံ့ရှာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သွန်း ရှိနေတာကို သိပုံမရသလို သတိလည်းထားမိဟန်မ
သူ့အာရုံနှင့်သူ ဘာတွေ စိတ်ဝင်စားနေသည်မသိ။ သွန်း ခပ်ဖြည်းဖြ
သူ့နားကို လျှောက်ခဲ့သည်အထိ သွန်းကို မမြင်သေး။

သူ ဘယ်သူလဲ။

ဘာဖြစ်လို့ သည်နေရာမှာ တိတ်တဆိတ် ရောက်နေရတာလဲ
သွန်း ထိုလူနားကို ရောက်သွားသည်။

“ဒီမှာရှင့်”

သွန်းအသံကြောင့် သူက သွန်းကို ဖျတ်ခနဲ လှည့်ကြည့်သည်

“မင်း ဘယ်သူလဲ”

“ရှင်”

စူးရှတောက်ပသော မျက်လုံးများက နက်မှောင်လျက်။ သွန်
မျက်နှာကို တအံ့တသြ စိုက်ကြည့်ပြီးမေး၍ သွန်း မျက်ခုံးလေး
တွန့်သွား၏။ သူ့ပုံစံက ယောကျ်ားပီသစွာ ချောမောရသော ရ
တစ်ယောက်။ စိမ်းမှောင်သော မျက်ခုံးများ၊ စူးရှတောက်ပသော
မျက်ဝန်းအစုံ၊ ချွန်မြသော နှာတံ၊ ပိရိသေသပ်သည့် လေးကိုင်း
နှုတ်ခမ်းနှစ်လွှာက တင်းတင်းရင်းရင်း စေ့ပိတ်လျက်။ မုတ်ဆိတ်





မြိုင်းမွေးတွေသာ ဖယ်ရှားလိုက်မည်ဆိုပါက သူ၏ ခန့်ညား
ချောမောမှုကို ပို၍ ပေါ်လွင်လာမည်ထင်သည်။

“အဲဒီမေးခွန်းက ကျွန်မက ရှင့်ကို မေးရမှာရှင့်၊ ဒီနေရာမှာ
ရှင် ဘာလာလုပ်တာလဲ၊ ရှင် ဘယ်သူလဲ”

“ကိုယ့်ကို မေးတာလား”

“ဟုတ်တယ်”

မျက်နှာထားတည်တည်လေးနှင့် သူ့ကို ခပ်တင်းတင်းမေးနေသည့်
မိန်းမလှလေးကို စက် စိုက်ကြည့်လိုက်သည်။ သူ့မျက်စိရှေ့မှာ ရောက်
နေသည့် မိန်းမလှလေးကို စက် တစ်ခါမှ မမြင်ဘူး။ ချယ်ရီမြိုင်ကို
အလည်ရောက်နေသည့် ဧည့်သည်ဟု ထင်သည်။ ဒါကြောင့် စက်
ဆိုတာ ဘယ်သူလဲ မသိဘဲ ဖြစ်နေဟန်တူသည်။

“ဒီမှာ… ရှင့်ကို မေးနေတာ မကြားဘူးလား၊ ရှင်… ဘယ်
သူလဲ၊ ဘာကိစ္စ ဒီနေရာကို ရောက်နေတာလဲ”

သွန်းအသံလေးက ခပ်ဆတ်ဆတ်။ စက်ကိုကြည့်သည့် အကြည့်
တွေကလည်း မသက်သာသည့် အကြည့်တွေနှင့်ဆိုတော့ စက် ပခုံး
တွန့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ကိုယ့်နာမည် စက်၊ ဘာကိစ္စ ဒီနေရာကို ရောက်နေတာလဲ ဆိုတော့ ခရီးပန်းလို့ နားချင်လို့”

“ကဲ… နောက်ထပ် ဘာသိချင်သေးလဲ”

“ဘာမှမသိချင်ဘူး၊ နားချင်တိုင်း နားရအောင် ဒါ ရှင့်အိမ်မှ မဟုတ်ဘဲ”

“မင်းကို ဘယ်သူက ပြောလဲ”

“ဘာ့ရှင့်”

“ဒါ ကိုယ့်အိမ်”

“ရှင် မညာနဲ့နော်၊ ဒါ ဘွားအိမ်၊ ကျွန်မက ချယ်ရီမြိုင်က ဘွားရဲ့မြေး”

“သြော်… ဒါကြောင့်ကိုး”

“ရှင် ဘာပြောတာလဲ”

စက်က ဘွားမြေးဆိုသည့် မိန်းမလှလေးကို ကြည့်ပြီး အိမ်လေး၏ တံခါးကို ဖွင့်လိုက်သည်။

“ရှင် ဘာလုပ်တာလဲ၊ ကျွန်မ အိမ်ကလူတွေ ကြားအောင် အော်လိုက်မှာနော်၊ ဘာဖြစ်လို့ ပိုင်ရှင်မသိဘဲ သူများအိမ်တံခါးကို





ဖွင့်ရတာလဲ”

စက်က သွန်း ဘာပြောပြော ဂရုမစိုက်။ အိမ်တံခါးဖွင့်ပြီး ခပ်တည်တည်ဝင်သွား၍ သွန်း ဘာဆက်လုပ်ရမှန်း မသိဘဲ ဖြစ်သွားသည်။ လူစိမ်းတစ်ယောက် ဘွားရဲ့ ချယ်ရီမြိုင်ထဲ ရောက်နေကြောင်း ဘယ်သူ့ကို ပြောရမှန်းမသိ။

သွန်း ရောက်နေသည့် နေရာက အိမ်မကြီးနှင့် အလှမ်းဝေးတော့ သွန်း အော်လည်း ကြားကြမည်မဟုတ်။ အခုချိန် ဖေသာရှိရင်ဆိုသည့် အတွေးနှင့် ဖေ့ကို အားကိုးချင်စိတ် ဖြစ်လာ၏။ အိမ်လေးထဲကို ကြည့်လိုက်တော့ စက်ဆိုသည့်လူက နှစ်ယောက်ထိုင် သစ်သားခုံတန်းရှည်ကြီးမှာ အခန့်သား လဲလျောင်းလျက် သက်တောင့်သက်သာ အိပ်၍ပင် နေလိုက်သေးသည်။

“ရှင် မသွားသေးဘူးလား၊ ကျွန်မ တကယ် အော်လိုက်မှာနော်၊ လူကို မအော်ရဲဘူး ထင်နေလား”

“မင်းက ဘယ်လို အော်မှာလဲ”

ကြည့်စမ်း… သူက သွန်းကို လှောင်တာလား။

“လာကြပါဦးရှင်၊ ဟောဒီမှာ ဘွားခြံထဲကို လူဝင်နေလို့”



www.burmeseclassic.com

www.burmeseclassic.com



သွန်းကို မအော်ရဲဘူး ထင်နေသူရှေ့မှာ သွန်း အသံကျယ်ကျယ်လေးဖြင့် ချယ်ရီမြိုင်ကလူတွေကြားအောင် တကယ်အော်လိုက်တော့ စက်ဆိုသည့်လူက လှဲနေရာက ဆတ်ခနဲ ထလိုက်၏။

"ဟော့… မင်း ဘာတွေ လျှောက်အော်နေတာလဲ"

"ရှင်ပဲ ဘယ်လိုအော်မှာလဲဆိုလို့ အော်ပြတာလေ"

"ကျစ်"

"ရှင် မသွားသေးဘူးလား၊ ကျွန်မ ထပ်အော်မှာနော်"

"ပြဿနာပါလား"

"ပြဿနာက ရှင်၊ ကျွန်မ မဟုတ်ဘူး… သိလား၊ သူများ ခြံဝန်းထဲဝင်လာပြီး…"

"ဘာဖြစ်လဲ… ဆက်ပြော"

"ဘာဆက်ပြောရမှာလဲ၊ ရှင့်ကိုယ်ရှင် မသိဘူးလား"

"မင်းက ကိုယ့်ကို လူဆိုးလို့ ထင်နေလား"

"မဟုတ်ဘူးလို့ ရှင် ငြင်းလည်း ကျွန်မ လက်မခံဘူး"

"အဟွန်း… ဟွန်း… ဟွန်း"

"ဘွားမြေးက သိပ်လှသလောက် သိပ်စွာနေပါလား"





"ရှင်နော်"

"နာမည်က သွန်းနော်"

"ဟင်…ရှင်… ရှင်… သွန်းနာမည်ကို ဘယ်လိုသိတာလဲ"

သွန်းအမည်ကို အခုမှ မြင်တွေ့ဖူးသည့် သူစိမ်းယောကျ်ား တစ်ယောက် နှုတ်ဖျားမှ ကြားလိုက်ရ၍ သွန်း အံ့ဩသွားတာကို ကြည့်ပြီး စက်က ပြုံးသည်။

"ဘွားမြေးရဲ့ အလှက နာမည်ကြီးပဲ၊ အားလုံးပါးစပ်ဖျားမှာ ရေပန်းစားနေမှတော့ ကိုယ်သိတာ မဆန်းဘူးထင်တယ်"

"ရှင် မဟုတ်တာတွေ မပြောနဲ့နော်၊ ဒီနေရာကို ဘာလာ လုပ်တာလဲဆိုတာ ကျွန်မကို မှန်မှန်ပြော"

"အမှန်အတိုင်းပြောရရင် အေးအေးဆေးဆေး အနားယူချင်လို့ပဲ"

"ကဲ… သွန်း ပြန်တော့"

"ဟင်… ရှင်က ကျွန်မကို ပြန်နှင်နေတာလား"

"တောင်းဆိုတာပါဗျာ"

"ရှင် ဒီက မသွားမချင်း ကျွန်မလည်း ဒီနေရာက မသွား နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စက်က သွန်းမျက်နှာလေးကို စိုက်ကြည့်လိုက်သည်။ သွန်းက သူ့အကြည့်ကို ဂရုမစိုက်ဘဲ ခပ်တည်တည်လေး ပြန်ကြည့်လာ၍ သူ ပခုံးတွန့်လိုက်၏။

ဘွားမြေးက မလွယ်။

ဖြစ်ချင်တာကို ဖြစ်ကိုဖြစ်ရမှဆိုသည့် စိတ်ကအစ အဘွားနှင့် တစ်ပုံစံတည်း တူနေတာကို သဘောကျမိ၍ပါ။

ချယ်ရီမြိုင်အိမ်ကြီး ရှိရာဘက်သို့ စက် တစ်ချက်လှမ်းကြည့်၏။ တိတ်ဆိတ်နေသော အိမ်ကြီးမှတစ်ပါး တခြား ဘယ်သူမှမရှိ။

“ပြောမရရင်လည်း ဒီမှာပဲနေ”

“အို… အမေ့”

သူက သွန်းကိုယ်လေးကို ရုတ်တရက် ခြေထောက်မှ ဆွဲယူပွေ့ချီကာ အရုပ်ကလေးတစ်ရုပ်လို မယူသွားသဖြင့် ကြောက်စိတ်ဖြင့် သူ့ကို ထုရိုက်ရုန်းကန်ရင်း သူ ခေါ်ရာသို့ သွန်း ပါလာရသည်။

“လွှတ်… သွန်းကို လွှတ်”

သွန်းက သူ့လက်ထဲက ရုန်းပေမယ့် မလွှတ်။ သွန်းမျက်နှာလေးကို တစ်ချက်ငုံ့ကြည့်ပြီး ဘာမှမပြော။ သွန်းကိုယ်လေးကို မီးလင်းဖို





ဆောင်ရှိ သမင်ရေခင်းထားသည့် ကောက်ရိုးအိပ်ရာပေါ်သို့ ညင်သာစွာ ချပေးပြီး တံခါးဝသို့ ချာခနဲ လှည့်ထွက်သွားကာ တံခါးကို ပိတ်၍ တံခါးဝကို ကျောမှီလျက် ထိုင်ချလိုက်သည်။

“မျက်ရည်တွေ သုတ်လိုက်ပါ သွန်း၊ ကိုယ် မင်းကို စကား ပြောရုံပါ၊ မင်းကို ကိုယ် ဘာမှမလုပ်ဘူးဆိုတာ ကတိပေးတယ်၊ အရေးကြီးတာက ကိုယ် ချယ်ရီမြိုင်ကို ရောက်နေတဲ့အကြောင်း ဘယ်သူမှ မသိစေချင်ဘူး”

စက်ပုံစံက အေးဆေးတည်ငြိမ်၍ သွန်းစိတ်ထဲ အကြောက်ပြေသွား၏။

“ရှင်က ဘယ်သူလဲ၊ ဘာဖြစ်လို့ ရှင် ဒီမှာ ရောက်နေတာ ဘွားကို မသိစေချင်ရတာလဲ”

“မေးခွန်းတွေက များလှချည်လား”

သွန်းကိုကြည့်ပြီး သူက တစ်ချက်ရယ်သည်။

“ကိုယ့်နာမည် စက်”

“ခုနက ရှင် ပြောပြလို့ သိပြီးပြီ”

“ဟုတ်ပြီ၊ ကိုယ် ဘယ်သူလဲဆိုတော့ ဘွားရဲ့ မွေးစားမြေး”



www.burmeseclassic.com

www.burmeseclassic.com



"ရှင်..."

သွန်းမျက်နှာကို တစ်ချက်စိုက်ကြည့်ပြီး တံခါးပေါက်မှ ထသွားသည်။ ပြီးတော့ ရေသန့်ဘူးအသစ်ကို ဖောက်ပြီး ဖန်ခွက်တစ်ခုထဲသို့ ထည့်ကာ သွန်းကို လာပေးသည်။

"သောက်လိုက်၊ ခုနတုန်းက သွန်း ကိုယ့်ကို လန့်သွားတာ ကိုယ်သိတယ်"

သွန်း ဘာမှမပြောတော့ဘဲ သူပေးသည့်ရေကို မော့သောက်လိုက်သည်။ အေးမြသည့်ရေ၏ အတွေ့အထိကြောင့် သွန်းရင်ထဲမှာ အတန်အသင့် ငြိမ်သက်သွားသည်။

"ဘွား နေကောင်းလား"

"အင်း"

"သွန်းက ဘယ်သူ့သမီးလဲ"

"ဦးမောင်မောင် သမီးပါ"

"သြော်... ကိုယ့်လို မွေးစားမြေး မဟုတ်ဘူးပေါ့၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

သူ ပြောသမျှ သွန်း ငြိမ်ပြီးနားထောင်နေမိရုံမှတစ်ပါး တခြား





ဘာမှမပြောမိ။

"ဘယ်လိုလဲ၊ သွန်းရော ကိုယ်နဲ့ တွေ့ရတာ ဝမ်းမသာဘူးလား"

"စဉ်းစားတုန်းပဲ"

"ဗျာ"

သူ့ရုတ်တရက် အံ့သြဟန်ဖြင့် ငြိမ်သွားပြီးမှ ခပ်သဲ့သဲ့ရယ်သည်။

"ဘွားမြေးက ဘွားလိုပဲ မလွယ်ပါလားဗျာ"

သူ့ထံမှ မှတ်ချက်ချသံကို ကြားရပေမယ့် သွန်း ဂရုမစိုက်။ ချယ်ရီမြိုင်ကို လာပြီးမှ ချယ်ရီမြိုင်ကလူတွေ သူ့ရှိမှာ စိုးရိမ်နေတာကိုပဲ တွေးစားနေမိ၏။

"ရှင်ပြောတော့ ရှင်က ဘွားမြေးဆို"

"ဟုတ်တယ်လေ"

"ဘွားမြေးဆိုရင် ဘာဖြစ်လို့ ရှင်က ချယ်ရီမြိုင်က လူတွေ မသိအောင် ဒီနေရာကိုတိတ်တိတ်လေး လာနေရတာလဲ"

"ဘာလဲ၊ သွန်းက ကိုယ် ဒီနေရာကို တိတ်တိတ်လေး လာနေတာ မသကာဘူးလား"

"အမှန်အတိုင်းပြောရရင် ဟုတ်တယ်လို့ပဲ ဖြေရမှာပဲ၊ သွန်းနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဆိုရင်လည်း သွန်းကို ဘယ်လို ရှင်ထင်မလဲ''

သွန်းစကားကြောင့် စက်က ခေါင်းကို ဆတ်ခနဲညိတ်သည်။

''ဟုတ်ပြီ၊ ကိုယ် နားလည်ပြီ၊ ဘာဖြစ်လို့ ချယ်ရီမြိုင်ကလူတွေ မသိအောင် ဒီနေရာလေးကို လာရသလဲဆိုတော့...''

စက်က စကားကို တစ်ဝက်မှာရပ်ပြီး သွန်းကို လှမ်းကြည့်သည်။ သွန်းက သူ့ထံမှအဖြေကို စိတ်ဝင်စားစွာ စောင့်နေဆဲ။

''ဘွားက ကိုယ်မယူချင်တဲ့ မိန်းမတစ်ယောက်နဲ့ ဖွတ်ပေးစားလို့''

''ရှင် တကယ်ပြောတာလား''

''တကယ်ပေါ့၊ အခု ကိုယ်ပြန်လာတာသိရင် ဘွား... သူ ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်ဦးမှာ အဲဒါကြောင့်''

''ရှင့်မှာ ချစ်သူမရှိဘူးလား''

''ရှိသားပဲ''

''ရှင့်ချစ်သူကို ဘွားနဲ့ မိတ်ဆက်ပေးလိုက်ရင်ရော''

''မင်းပြောသလောက် မလွယ်လို့ပေါ့ သွန်းရယ်၊ ဘွား ကျေးရွာ တွေက ကိုယ့်မှာ အများကြီး၊ ကိုယ့်ချစ်သူနဲ့ ကိုယ့်ကို ဘွားက သဘောမတူဘူးလေ''





''အခု ရှင့်ချစ်သူရော''

''ယောကျ်ား ယူသွားပြီ''

''ရှင်...''

အိမ်ကလေးထဲမှာ တိတ်ဆိတ်ငြိမ်သက်သွားသည်။ သူက ...န်းကို ငေးကြည့်နေ၏။

''သူ့အိမ်က သဘောတူတဲ့သူနဲ့ ယူလိုက်ရတာလေ၊ ချစ်တိုင်း ...ညားဘူးဆိုတာ ဒါပဲ ထင်တယ်''

ပြောပြီး စက်က နာနာကျင်ကျင် တစ်ချက် ရယ်သည်။ စက် ...က ဖြစ်ချင်တာ ဖြစ်ခွင့်မရလိုက်သော သူတစ်ယောက်၏ မခံချိ ...ခံသာ မျက်နှာမျိုးဖြစ်၏။

အသည်းကွဲနေသော စက်ဆိုသည့်လူကို ကြည့်ပြီး သွန်း တွေဝေ ...သွားသည်။ သူ့နေရာမှာ သွန်းဆိုလည်း သူ့လို ခံစားရမှာ သေချာသည်။

''ဘယ်လိုလဲ၊ ကိုယ့်အတွက် စိတ်မကောင်းဖြစ်သွားပြီလား''

''ကိုယ်ချင်းစာတာပါ''

''သွန်း သွားတော့မယ်''

''ကောင်းပြီ''



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းတစ်နေရာမှာ ရပ်လျက် သူ ကျန်ရစ်သည်။

"သွန်း..."

နောက်ပါးဆီမှ သူ့ခေါ်သံကြောင့် သွန်း လှည့်ကြည့်လိုက်သည်။

"ချယ်ရီမြိုင်က သွန်း ဘယ်တော့ပြန်မှာလဲဟင်"

"သွန်း မပြန်ဖြစ်သေးပါဘူး"

သူက သွန်းမျက်နှာလေးကို ငေးကြည့်ရင်း ရုတ်တရက် ငြိမ်သွားသည်။

"ဖြစ်နိုင်ရင် သွန်းနဲ့ နောက်တစ်ကြိမ် တွေ့ခွင့်ရချင်တယ်"

သွန်း သူ့ကို ဘာမှမပြောမိဘဲ နေရာက ထွက်လာခဲ့သည်။

သူ့အသံက ဆွတ်ပျံ့ကြေကွဲနေသလား သွန်း မသိ။ ရီဝေစိုရွှဲသော သူ့အကြည့်များကို ကျောခိုင်းပြီး အိမ်ဘက်သို့ ပြန်လျှောက်ခဲ့သည်။ နောက်သို့ လှမ်းမကြည့်သော်လည်း သူ သွန်းကို ငေးကြည့်နေမှန်း သွန်းသိသည်။

ဘာဖြစ်လို့မှန်းမသိ။ ထိုညက သွန်း ကောင်းစွာအိပ်မပျော်နိုင်ဘဲ စက်ဆိုသည့် သူ့အကြောင်းကို တွေးနေမိသည်။

■



အခန်း (၅)

"တူ... တူ... တူ"

နံနက်ခင်းစောစော သွန်းဖုန်းက အသံမြည်လာ၍ ကြည့်လိုက်သော့ ဖုန်းနံပါတ်က သွန်း မသိသော နံပါတ်ဖြစ်နေ၏။

"ဟဲလို"

"သွန်းလား... ဖေပါ"

ဖေ့အသံကြောင့် သွန်း စိတ်ရှုပ်ထွေးသွားသည်။

"ကိစ္စရှိလို့လား ဖေ"

"လွမ်းလို့"

"စကားကို ကောင်းကောင်းမပြောရင် ဖုန်းချလိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်… ဖုန်းမချနဲ့နော်၊ တကယ် ခံစားနေရတာကို ပြော တာ"

သွန်း မကြားချင်သည့်စကားကြောင့် သွန်း ဖုန်းကို ပိတ်ပ လိုက်တော့ ဇေက သွန်းဖုန်းကို ချက်ချင်း ပြန်ခေါ်သည်။

"မင်း ဘယ်လိုဖြစ်နေတာလဲ ဇေ"

"ချစ်နေတာ"

"ဘာ…"

"သွန်းကို ချစ်တယ်"

"သွန်းကလည်း မင်းကို မုန်းတယ်"

ဇေ ပြောချင်ရာပြောသမျှ နားထောင်ပြီး သွန်းကလည်း သူ ပြောချင်ရာပြော၍ ဖုန်းကို စက်ပိတ်ပစ်လိုက်သည်။ အခုမှ နားအေး သွားသည်။

အောက်ထပ် ထမင်းစားခန်းမှာ ဘွားရောက်နေပြီး သွန်းကို အပြုံးဖြင့် နှုတ်ဆက်သည်။

"ဘယ်လိုလဲ မြေးလေး၊ ဒီမှာနေရတာ ပျော်ရဲ့လား"

"ပျော်ပါတယ် ဘွား"





"ဒါဆို တစ်သက်လုံးနေ"

ဘွားစကားကြောင့် သွန်း ရယ်လိုက်သည်။

"ဖြစ်နိုင်ရင် နေချင်ပါတယ် ဘွားရယ်၊ ဒါပေမယ့် မေမေက ရှိသေးတယ်လေ"

"မြေးမေမေနဲ့ဆို အတူနေမယ်လား"

"ဘွားက မေမေ့ကို ခေါ်မလို့လားဟင်"

ဘွားမျက်နှာကို ကြည့်ပြီး သွန်းက အံ့သြစွာ မေးလိုက်တော့ ဘွားက ပြုံးသည်။

"နောက်တော့ ခေါ်တာပေါ့ကွယ်၊ ကဲ… ကဲ.. မြေးအကြိုက် ဟင်းစာ ပြင်ထားတာ စားလိုက်ဦး"

ဘွားက စကားစဖြတ်သွား၍ သွန်း ထပ်မမေးတော့ဘဲ ဘွား စိတ်အနှောင့်အယှက် မဖြစ်အောင် နံနက်စာကို တိတ်ဆိတ်စွာ စားလိုက် သည်။

"ဒီနေ့ ဘွား ရိပ်သာသွားမယ်၊ မြေးတစ်ယောက်တည်း ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် ဘွား၊ သွန်း နေတတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘွား စိတ်ချမယ်နော်၊ ခဏနေ အဖော်တွေ လာခေါ်တော့မှာ၊ ဘွား ယူစရာရှိတာလေးတွေ ယူလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဘွား"

ဘွား ထမင်းစားခန်းထဲက ထွက်သွားချိန်မှာ နေနန်းရောက်လာ၏။

"မမသွန်း… ဖုန်းလာနေပါတယ်"

"ဘယ်သူလဲ နေနန်း"

"နေနန်း မသိဘူး မမ"

သွန်းက ချထားသည့်ဖုန်းကို ကောက်ကိုင်လိုက်၏။

"ဟဲလို"

"ဖုန်းမချနဲ့နော် သွန်း၊ ပြောမရရင် ဘွားကို သွန်းကို ချစ်တဲ့အကြောင်း ဖွင့်ပြောလိုက်မှာ"

ဇေက အချစ်ဆိုတာမျိုးက ခြိမ်းခြောက်တိုင်း ရတာမျိုး မဟုတ်ဘူးဆိုတာ သိပုံမရ။

"ကဲ… ပြော၊ မင်း သွန်းကို ဘာဒုက္ခပေးဦးမလို့လဲ"

"ဒုက္ခရောက်နေတာ ဇေပါဗျာ၊ သွန်းအသံကို မကြားရရင် ရူးတော့မှာ"





"အပိုတွေ ပြောမနေနဲ့ ဇေ၊ မင်းပြောချင်တာ ဒါပဲဆို ဖုန်းချ တော့မယ်"

"သွန်း သိပ်ရက်စက်တယ်"

ဇေ ဘာပြောပြော သွန်း ဖုန်းချလိုက်သည်။ နောက်ထပ် ခေါ်ပေ ဖုန်းမကိုင်တော့။

ဘွားကို သူ့အဖော်တွေ လာခေါ်သွားမှ စက်ရှိရာ သစ်လုံးအိမ် းကို သတိရသွား၏။ အတွေးပေါင်းစုံနှင့် သွန်း သက်ပြင်းချမိ ည်။

သူ ပြန်သွားပြီလား သိချင်စိတ်ဖြင့် ခြံနောက်ဘက် သစ်လုံး လေးရှိရာသို့ သွန်း လျှောက်ခဲ့၏။

သွန်း ရောက်သွားတော့ သစ်လုံးအိမ်ကလေးမှာ ည်သူမှမရှိ။ ချောင်းလေးနားမှာလည်း သူ့ကို မတွေ့ရသဖြင့် သွန်းရင်ထဲ ဟာသွားသည်။

သူ ပြန်သွားပြီ ထင်ပါရဲ့။ သွန်းကို သူက ဒီမှာနေမယ်လို့မှ သွားတာမှ မဟုတ်တာ။ သွန်းတစ်ယောက်တည်း သစ်လုံးအိမ် းထဲသို့ ပြန်ဝင်ခဲ့သည်။ လူတစ်ယောက် နေသွားတဲ့အရိပ်



www.burmeseclassic.com

www.burmeseclassic.com



အယောင် တစ်ခုမှပင် မတွေ့ရ။

သွန်း သစ်လုံးအိမ်ကလေးထဲက ပြန်အထွက်မှာ သွန်း
ရပ်လာသူကြောင့် သွန်း အံ့သြသွားသည်။

“သွန်း”

“ဟင်… သူ”

ရုတ်တရက် စက်ကို တွေ့လိုက်ရ၍ သွန်း ဝမ်းသာသွားသည်
လှိုင်းရေးရေးထနေသည့် ဆံပင်၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေ
ရှည်မျောမျော ခရီးဆောင်အိတ်ကို လွယ်လျက် ကုတ်အင်္ကျီတစ်ထည်
အနက်ရောင် ဂျင်းဘောင်းဘီ အရောင်ခပ်မွဲမွဲကို ဝတ်ဆင်ထားသည်
သူ့ပုံစံက တည်ကြည်ခန့်ညားမှုတွေနှင့် ယောကျ်ားပီသစွာ ချော
နေ၏။

“ကိုယ့်ဆီလာတာလား သွန်း”

“ပြန်သွားပြီလား သိချင်လို့”

“ကိုယ်ကတော့ သွန်းကို တွေ့ရလို့ သိပ်ကို ဝမ်းသာမိတာ
ဗျာ”

တစ်ယောက်နှင့်တစ်ယောက် မည်သည့်စကားမှ မပြော





မျက်တောင်မခတ်စတမ်း ငေးကြည့်နေမိကြရာမှ မျက်နှာနီနီဖြင့် သွန်း
မျက်လွှာချလိုက်သည်။

“ရှင် ဒီမှာ နေဦးမှာလား”

“ကိုယ် ပြန်တော့မှာပါ”

“ဪ…”

“မပြန်ခင် သွန်းကို တွေ့ချင်တဲ့ ကိုယ့်ဆန္ဒပြည့်သွားပြီ”

သူက ခရီးဆောင်အိတ်ကို အခန်းထောင့်မှာ ချလိုက်ပြီး သွန်း
ဘက်သို့ လှည့်ကြည့်၏။

“ဘွားကို ရှင် ဖြစ်ချင်တာတွေ ရှင့်ကိုယ်စား သွန်း ပြောပေးရ
မလားဟင်”

“ကျေးဇူးတင်ပါတယ်ဗျာ၊ ကိုယ့်ဘဝနဲ့ကိုယ်ပဲ ရှိပါစေ”

“ရှင် ဒီလိုနေရင် ဘွားက ရှင့်ကို အထင်လွဲနေမှာပေါ့ စက်”

“ဒါလည်း တစ်မျိုးကောင်းတာပါပဲ၊ ချစ်သောသူနဲ့ ကွေကွင်းပြီး
မချစ်မနှစ်သက်တဲ့သူနဲ့ လက်ထပ်ရမှာထက်စာရင် အခုဘဝက
ပိုလွတ်လပ်ပါတယ်”

“ရှင်မှ သူ့ကို မယူနိုင်တာဘဲ၊ ဘွားက ဘာဖြစ်လို့ ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်လက်ထပ်ပေးတာလဲ"

"အဲဒီ မိန်းမအမေနဲ့ ဘွားက စီးပွားဘက်လေ၊ ဘွားကို ငွေတွေ အများကြီးပေးထားတာ သူ့သမီးနဲ့ကိုယ့်ကို ပေးစားချင်လို့၊ တစ်နည်း ပြောရရင် ကိုယ့်ကို အကြွေးနဲ့ သိမ်းချင်တာ"

"ရှင်ကလဲ"

"သြော်… အဟုတ်ပြောတာပါဆို၊ ဘွား ကျေးဇူးကို ဒီနည်းနဲ့ မဆပ်ချင်ဘူး၊ တခြားနည်းဆိုရင် ဘယ်လိုဟာပဲဖြစ်ဖြစ် ဘွားစိတ်ညစ် အောင် ကိုယ် မလုပ်ဘူး၊ အခုဟာက မဖြစ်နိုင်လွန်းလို့"

"သူက ရုပ်ဆိုးလို့လား"

"လှတယ်"

"ဒါနဲ့များ… ရှင်က"

"သြော်… သွန်းက ကိုယ့်စကားကို မကျေနပ်ဘူးလား၊ လှတာနဲ့ ချစ်တာ မတူဘူး သွန်းရဲ့"

"လှတာမြင်တိုင်း ချစ်နေရရင် ရုပ်ဆိုးတဲ့လူနဲ့ လှတဲ့သူ ဘယ်ညားပါ့မလဲ"

"ကိုယ် သူ့ကို မချစ်ဘူး သွန်း၊ ပြီးတော့ သူက မောက်မာတယ်၊





ရှင်းသီးတယ်"

"တော်ပြီကွာ၊ သူ့အကြောင်းမပြောဘဲ တခြားအကြောင်း ပြောရ အောင်၊ သွန်းမှာ ချစ်သူရှိလား"

"အို… ဘာတွေ မေးနေတာလဲ"

မျက်နှာလှလှလေး ပန်းရင့်ရောင် ပြောင်းသွားတော့ သွန်းကို ကြည့်ပြီး သူက ပြုံးသည်။

"ဒါဆို သွန်းမှာ ချစ်သူမရှိဘူးပေါ့"

သွန်း ဘာဖြေရမည်နည်း။

သွန်း သူ့ကို ဒီအတိုင်း ငြိမ်ကြည့်နေတော့ သူက ခေါင်းညိတ် သည်။

"ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းတဲ့၊ သိပ်လှတဲ့ သွန်းမှာ ချစ်သူမရှိသေးတာ သေချာပြီ"

"ကြိုက်သလို ထင်ပါ၊ သွန်း ပြန်တော့မယ်"

သွန်း သူ့ကို နှုတ်ဆက်လိုက်တော့ သူက သွန်းမျက်နှာလေးကို စိုက်ကြည့်သည်။

"သွန်းချစ်သူအကြောင်း မေးလို့ သွန်း ကိုယ့်ကို စိတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



တာလား"

"မဟုတ်ပါဘူး၊ ရှင် ဒီမှာ ရှိနေတာ တစ်ယောက်ယောက် သိသွားမှာစိုးလို့ပါ"

"ကောင်းပြီလေ၊ နှုတ်ဆက်တဲ့သူက နှုတ်ဆက်လာတော့လည်း လမ်းခွဲမှာ ဝမ်းနည်းစွာ ကျန်ခဲ့ရတော့မှာပေါ့ဗျာ"

"သွန်း သွားတော့မယ်"

"မနက်ဖြန် လာဦးမှာလား"

"ရှင် ပြန်တော့မယ်ဆို"

သွန်းစကားကြောင့် သူ ငြိမ်သွားသည်။

"သွန်း လာမယ်ဆို ကိုယ် မပြန်ဘဲ စောင့်နေမယ်"

သူ့စကားကြောင့် သွန်းကိုယ်လေး တွန့်ခနဲ ဖြစ်သွား၏။

"သွန်း လာမှာလား"

"သွန်း မသိဘူး"

သူ ပြုံးပါသည်။ သွန်းစိတ်ထဲမှာ စက်နှင့် ရင်းနှီးသွားသလို ခံစားရသည်။

"သွန်း ပြန်တော့မယ်နော်"





"ကိုယ် စောင့်နေမယ်"

"အို... မစောင့်ပါနဲ့"

"ဘာလို့လဲ သွန်း"

သွန်း ဘာဖြေရမှန်းမသိ။

"သွန်း လာမယ့်အချိန်ကို စောင့်နေမယ်"

သူက သွန်းမျက်နှာကို စိုက်ကြည့်ပြီး တိုးတိတ်စွာ ပြောလိုက်၍ သွန်း ဘာမှမပြောနိုင်ဘဲ သူ့နားက ထွက်ခဲ့သည်။

သွန်းစိတ်ထဲမှာ ရှုပ်ထွေးနေ၏။ စက်ထံမှ အကြည့်အပြောတွေက သွန်းအပေါ် ဘာလိုလို။

အို... သွန်း သူ့ကို သွားမတွေ့တာဘဲ ကောင်းပါတယ်။ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ပြီး အိမ်ထဲလှမ်းအဝင်...

"သွန်း"

"ဟင်... ဖေ"

ဖေ့ကို ရုတ်တရက် မြင်လိုက်ရတော့ သွန်း လန့်သွား၏။

"ဘယ်က ပြန်လာတာလဲ သွန်း"

"ခြံထဲ လမ်းလျှောက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ခြံထဲကို လိုက်ရှာတုန်းက မတွေ့ပါဘူး၊ သွန်းက ဘယ်နေရာသွားတာလဲ၊ သစ်လုံးအိမ်လေးဆီလား"

သစ်လုံးအိမ်ဆိုတာနှင့် သွန်း လန့်သွားကာ စက်ကို သတိရသွားသည်။

"မဟုတ်ပါဘူး၊ ဘာဖြစ်လို့ သွန်းက အဲဒီနေရာ သွားရမှာလဲ"

"ဖေလည်း ထင်ပါတယ်၊ အဲဒီနေရာက ဝေးတယ်၊ ချောင်လည်းကျတယ်ဆိုတော့ သွန်း သွားမှာမဟုတ်ဘူးလေ"

"သွန်း"

"ပြောပါ"

"ဖေ့ကို ဘယ်တော့ ပြန်ချစ်မှာလဲ"

"ဟင်"

"အံမယ်... မင်းကို ဘယ်သူက ချစ်တယ်ပြောလို့လဲ"

"တကယ် မချစ်ဘူးလား"

"မချစ်ဘူးလို့ ဘယ်နှခါ ပြောရမလဲ၊ ကဲ... အိမ်မှာ ဘွား မရှိဘူး၊ မင်းပြန်တော့"

"ကျွန်တော်လာတာ ဘွားဆီ မဟုတ်ဘူး၊ သွန်းဆီလာတာ"





"သွန်းကို ကျွန်တော့ဘဝမှာတစ်ခါမှ မဖြစ်ပေါ်ခဲ့ဖူးတဲ့ အချစ်နဲ့ ချစ်ခဲ့ရတဲ့ ကောင်ပါဗျာ၊ ကျွန်တော်ဆိုတာက ဘယ်မိန်းကလေးကိုမှ အခုလို အသည်းအသန် ဖြစ်ခဲ့ဘူးတာ မဟုတ်ဘူး၊ စိတ်လည်း မဝင်စားခဲ့ဘူး၊ အခု သွန်းနဲ့ကျမှ အားလုံးအရှုံးပေးနေရပြီ၊ အဲဒါ သွန်းကို သိပ်ချစ်လို့ သိလား၊ မေမေ့ကိုတောင် ကျွန်တော် ပြောလိုက်ပြီ"

"ဟင်... မင်းဘာတွေ လျှောက်ပြောနေတာလဲ ဖေ၊ ဒုက္ခပါပဲ"

ဖေ့စကားကြောင့် သွန်းမျက်နှာပျက်သွားကာ ဖေ့ကို မှန်းတီးစွာ ကြည့်လိုက်သည်။

"သားမှာ ချစ်သူရှိနေပြီလို့ ပြောလိုက်တာပါ၊ ကျွန်တော့် ချစ်သူက သွန်းပါလို့ ဖွင့်မပြောသေးပါဘူး"

အခုမှ သွန်းရင်ထဲက အပူလုံးကြီးကျသွားသည်။

"သွန်းကို ကျွန်တော် သိပ်ချစ်တယ်၊ သွန်းက သိပ်လှတော့ ကျွန်တော် စိတ်မချဘူး၊ စိုးရိမ်နေတယ်၊ ကျွန်တော့်လက်ထဲက သွန်းကို တခြားတစ်ယောက်က လုယူသွားမှာကို တွေးပြီး ကြောက်တယ်ဗျာ"

"စိတ်ကူးယဉ်ပြီး ဖြစ်ချင်တာတွေပဲ လျှောက်ပြောမနေနဲ့ ဖေ၊



www.burmeseclassic.com

www.burmeseclassic.com



သွန်းက မင်းချစ်သူ မဟုတ်ဘူး သိလား"

"လျှောက်ပြောနေတာ မဟုတ်ဘူး၊ တကယ် ခံစားရလို့ တကယ် ပြောနေတာ၊ သွန်းချစ်သူက ကျွန်တော်မဟုတ်ပေမယ့် ကျွန်တော့်ချစ်သူကတော့ သွန်းပဲ"

"မဖြစ်နိုင်တာ မပြောစမ်းနဲ့ ဇေ၊ မင်းကို သွန်း မချစ်ဘူး"

"မင်းရဲ့ တဇွတ်ထိုးစိတ်တွေကို ပြင်သင့်ပြီ ဇေ"

"အဲဒီစိတ်တွေကို ပြင်လိုက်ရင် ကျွန်တော့်ကို သွန်းချစ်မှာလား"

"သွန်း အဲဒီလို ပြောမိလို့လား"

"ညစ်တယ်ကွာ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ချစ်တာ သွန်း သိထားရင် ရပြီ၊ သွန်း ချစ်လာတဲ့အထိ ကျွန်တော် စောင့်မယ်"

"ကျွန်တော့်ကို ပြန်ချစ်ပါ သွန်းရယ်"

တစ်ချိန်လုံး သူ ပြောချင်ရာပြောပြီးမှ ဇေ ပြန်သွားသည်။ အိပ်မက်ထဲမှာ ဇေနှင့်အတူ ခြံထဲမှာ လမ်းလျှောက်နေကြသည်။ သူ့မျက်နှာကို သေချာကြည့်လိုက်တော့ ဇေမဟုတ်ဘဲ စက် ဖြစ်နေသည်။

■



## အခန်း (၆)

သစ်လုံးအိမ်ကလေးသို့ သွန်း ရောက်သွားချိန်မှာ စက် ရှိမနေပါ။ သို့သော် စာရေးစားပွဲပေါ်မှာ ဒိုင်ယာရီစာအုပ်လေး တစွန်းတစ ထွက်နေတာကို တွေ့လိုက်ရသည့်အတွက် သွန်း စိတ်ဝင်စားသွားသည်။

စာအုပ်ကို ညင်သာစွာ ကောက်ယူကြည့်လိုက်သည်။ ဆေးပညာဆိုင်ရာ ခန္ဓာဗေဒစာအုပ်တစ်အုပ်။ အားလုံး အင်္ဂလိပ်လို ရေးသားပြုစုထားသည့် ဆေးကျမ်းတစ်စောင်။ စာအုပ်၏ ရှေ့မျက်နှာစာကို ကြည့်လိုက်မိသည်။

ဒေါက်တာစက်မင်း။

သွန်း အံ့သြသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဆရာဝန်တစ်ယောက်ပါလား။ လုံး၀ ထင်မထားသေ

ကိစ္စဖြစ်၍ သွန်းစိတ်ထဲ တစ်မျိုးဖြစ်သွား၏။

"သွန်း"

ဘယ်လောက်များ အတွေးတွေ လွန်နေသည်မသိ။ နောက်

ဆီမှ သွန်းအမည်ကို ခပ်တိုးတိုး ခေါ်လိုက်သံကြားမှပင် သတိဝင်

နောက်သို့ ဖျတ်ခနဲ လှည့်လိုက်မိသည်။

"အို..."

နွေးထွေးကျယ်ပြန့်သည့် ရင်ခွင်တစ်ခုထဲမှာ သွန်းတစ်ကိုယ်

ရောက်သွားသည့်အတွက် သွန်း ရှက်လန့်တကြားလေးဖြစ်သွားသည်

"ဆောရီး သွန်း"

"သွန်း ဖတ်နေတာ ကိုယ့်စာအုပ်လား"

"ဟို... သွန်း ခွင့်မတောင်းဘဲ ရှင့်စာအုပ်ကို ယူကြည့်မိ

ခွင့်လွှတ်ပါ"

"သွန်းကို ကိုယ် အပြစ်မတင်ပါဘူး၊ ကိုယ့်ဆီ သွန်း လာ

ကိုပဲ ဝမ်းသာလှပါပြီ"

"သွန်း"





"ရှင်"

"ကိုယ် မနက်ဖြန် ပြန်တော့မယ်"

"ဘယ်ကိုလဲဟင်"

"ကိုယ့်အလုပ်ရှိတဲ့နေရာကို"

သူနှင့်သွန်း အကြည့်ချင်း ဆုံသွားသည်။

"ကိုယ် သွန်းကို ဘယ်တော့မှ မေ့မှာမဟုတ်ဘူး"

သူ့အသံက တိုးတိုးလေးဖြစ်ပေမယ့် သွန်းနားထဲမှာ ကျယ်လောင်

နေ၏။

"သွန်းကို ဘယ်လို ဆက်သွယ်လို့ရလဲဟင်"

သွန်းမျက်နှာလေးကို ငုံ့မိုးစိုက်ကြည့်နေသည့် စက်အကြည့်

တွေက နက်ရှိုင်းရှုရလွန်းသဖြင့် သွန်း ရင်တွေ ခုန်သွားသည်။

"သွန်း"

သူ ခေါ်သော်လည်း သွန်း မထူးမိ။

"ကိုယ်ဟာ ခံမှန်ဘူးတဲ့ စာသူငယ်ပါ သွန်း၊ ဒါပေမယ့်

နောက်တစ်ခါ ခံမှန်မှာကို မကြောက်ဘူးဖြစ်နေတယ်၊ ကိုယ် သွန်း

ကို..."



www.burmeseclassic.com

www.burmeseclassic.com



“မပြောပါနဲ့”

“ဗျာ”

“ရှင်နဲ့သွန်း တွေ့ကြတာ ဘာမှမကြာသေးပါဘူး ဒေါက်တာ”

“ဒေါက်တာတဲ့လား သွန်းရယ်”

“ဟုတ်ပါတယ်၊ ရှင်ကိုယ်တိုင် ပြောခဲ့တာပဲ မဟုတ်လား မိန်းကလေးလှလှမြင်တိုင်း မချစ်တတ်ဘူးဆိုတာလေ”

“အဲဒီအတွက် သွန်း ကိုယ့်ကို စိတ်ဆိုးလား”

“မဆိုးပါဘူး၊ အလှနဲ့အချစ်ကို ရှင်ကိုယ်တိုင် မခွဲခြားတတ်မှာ စိုးလို့ သွန်း သတိပေးတာပါ”

“သွန်းရယ်”

သူက သွန်းမျက်နှာကို ချစ်မြတ်နိုးစွာ ငေးစိုက်ကြည့်ရင်း ချစ်စနိုး ပြုံးသည်။

“ကိုယ့်အချစ်ကို သွန်းက မယုံဘူးပေါ့ ဟုတ်လား”

“ယုံစရာမှ မရှိဘဲ”

သွန်းပြောတော့ သူက ခေါင်းညိတ်သည်။

“ကိုယ် ဘယ်လိုလုပ်ရင် ကိုယ့်အချစ်ကို သွန်း ယုံနိုင်မလဲ”





သွန်း မဖြေနိုင်တော့ သူကပဲ ဆက်ပြောသည်။

“သွန်း ယုံချင်ယုံ မယုံချင်နေ၊ သွန်းကို ကိုယ့်ဘဝမှာ တစ်ခါမှ မချစ်ဘူးတဲ့ အချစ်နဲ့ ချစ်မိပြီ၊ ဒါကြောင့် ဒီနေရာက မပြန်နိုင်ဘဲ ဖြစ်နေတာ”

“သွန်းကို ကိုယ် ချစ်တယ်၊ လက်ထပ်ချင်တယ်”

“သွန်း ပြန်တော့မယ်”

သူက သွန်းကို လိုက်ပို့သည်။

“သွန်းအချစ်တွေကို ကိုယ် မျှော်လင့်နေပါရစေ”

လမ်းခွဲခါနီး ပြောလိုက်သည့် စကားများက သွန်း နှလုံးသားထဲမှာ ပွဲတင်ရိုက်ခတ်သွားသည်။

ဖေနှင့်စက်တို့ရှပ်သွင်းကြ သွန်းအတွေးထဲ ရောက်လာသည်။ သွန်း အိပ်ရာစောစီးစွာ ဝင်ခဲ့သော်လည်း အိပ်မပျော်နိုင်ဘဲ သက်ပြင်း ချနေမိသည်။ စက်ကို သွန်း ဘာတွေပြောလိုက်မိသနည်း။ သွန်းလည်း မသိတော့။

တစ်ညလုံး အတွေးများဖြင့် လုံးထွေးနေရာမှ မိုးလင်းခါနီးမှပင် နစ်မြုပ်စွာ အိပ်ပျော်သွားခဲ့သည်။ သွန်း အိပ်ရာနိုးချိန်မှာ မိုးစင်စင်



www.burmeseclassic.com

www.burmeseclassic.com



လင်းနေပေပြီ။ ရေချိုးပြီး မှန်တင်ခုံရှေ့မှာထိုင်ကာ အလှပြင်ကာ အောက်ထပ် ဆင်းခဲ့သည်။

မနက်စာကို ဒေါ်လေးက ပြင်ပေးသည်။ အိမ်ထဲမှာ ဘွားမရှိတော့ စကားပြောဖော်မရှိဘဲ ချယ်ရီမြိုင်က တိတ်နေ၏။

နေနန်းကိုလည်း မတွေ့ရ။ သွန်းက သူမအတွက် ပြင်ဆင်ပေးထား သမျှ တိတ်ဆိတ်စွာ စားသောက်ပြီး ခြံထဲဆင်းခဲ့သည်။ စက်ကို သတိရပေမယ့် သစ်လုံးအိမ်ရှိရာ မသွားတော့။

သူ ပြန်သွားပြီလား မပြောတတ်။ သွားကြည့်ချင်ပေမယ့် သွန်းကို တစ်မျိုးထင်မည်စိုး၍ မသွားတော့။

သွန်း ခြံရှေ့မှာ လမ်းလျှောက်နေဆဲ ကားဟွန်းသံသဲ့သဲ့နှင့်ဝင် ခဲ့သားရောင်တောက်ပနေသည့် ကားလေး မောင်းဝင်လာတာကို တွေ့ လိုက်ရသည်။

ဘယ်သူ့ကားမှန်းမသိ။

ဇေတို့အိမ်က ကားမဟုတ်တာတော့ သေချာသည်။ သွန်း ကြည့်နေဆဲမှာပဲ ကားက ချယ်ရီမြိုင်ရှေ့ ပေါ်တီကိုအောက်မှာရပ်သွားပြီး မိန်းကလေးတစ်ယောက် ဆင်းလာသည်။





အဝေးကဖြစ်၍ မျက်နှာကို သည်းကွဲစွာ မမြင်ရသော်လည်း ာ်စားပြင်ဆင်ထားပုံကို ကြည့်၍ ခေတ်ဆန်လှပသူဖြစ်ကြောင်း ာလိုက်သည်။

ဒေါ်စလော ထွက်လာပြီး နှစ်ယောက်အတူ စကားပြောနေတာ င်ရသည်။ သိပ်မကြာလိုက်။ မိန်းမလှလေးကား ချယ်ရီမြိုင်က ာထွက်သွားသည်။

လမ်းလျှောက်ပြီး သွန်း ပြန်လာတော့ ဒေါ်စလော သွန်းနား ာက်လာ၏။

"စောစောက ပြန်သွားတဲ့တစ်ယောက်ကို တွေ့လိုက်လား ာနီး"

"တွေ့လိုက်တယ် ဒေါ်စလော"

"အဲဒါလေ သွန်းဘွားရဲ့ မြေးချွေးမလောင်း ဝေမှီဆိုတာလေ၊ ားရဲ့မွေးစားမြေး ဒေါက်တာစက်မင်းဆိုတာကို အပိုင်ဖမ်းချင်နေကြ ာ မိန်းကလေးက လှလည်းလှ၊ ချမ်းလည်းချမ်းသာတော့ ပွေသလား၊ ာသလား မမေးနဲ့၊ စက်နဲ့က ပြဒါးတစ်လမ်း၊ သံတစ်လမ်းပါပဲ"

"ဒါကြောင့် စက် လုံးဝ ကြည့်မရတာ"

www.burmeseclassic.com



သွန်းက ဒေါ်ဇလာ ပြောသမျှကို ငြိမ်နားထောင်နေမိသည် ဘာမှ ဝင်မပြောမိ။

"ဘွားကလည်း သူတို့သားအမိ ကျေးဇူးရှိတော့ စက်မင်း ဝေမှီကို လက်ထပ်ပေးချင်တာလေ၊ စက်က မယူနိုင်၊ ထွက်သွား ဇာတ်လမ်းက တစ်ခန်းရပ်သွားတာ"

"အခု သူက ဒီကို ဘာလာလုပ်တာလဲဟင်"

"စက်မင်း ရောက်နေတယ်ကြားလို့ လာတွေ့တာတဲ့၊ သူ ဘယ်လိုလုပ် သတင်းရလာတယ် မသိပါဘူး၊ ဒေါ်ဇလာတို့တော သူပြောတာ မသိဘူး"

ဒေါ်ဇလာက ပြောလည်းပြော၊ လက်ကလည်း အလုပ်နှင့်မပြတ် အသီးအရွက်တွေ အများကြီး လှီးဖြတ်နေပုံက ကျွမ်းကျင်သော သည်။

"ဒီမုန့်ညင်းရွက်တွေ ဘာလုပ်ဖို့လဲ ဒေါ်ဇလာ၊ အများကြီးပဲနော်" စကားလမ်းကြောင်း ပြောင်းလဲပစ်လိုက်သည်။

"အဲဒါတွေက အချဉ်ဖတ်ထည့်ဖို့လေ"

"သြော်…"





သွန်း ခေါင်းညိတ်လိုက်သည်။ ပြောစရာစကားကလည်း ကုန် ပေပြီ။ ချွေးတစ်လုံးလုံးနှင့် ချက်ပြုတ်နေသည့် ဒေါ်ဇလာနှင့် ဇနန်းကို နှုတ်ဆက်ပြီး အိမ်ရှေ့ကို ပြန်အထွက် ကားတစ်စီး ရောက်လာပြီး ကားပေါ်က ဖေ ဆင်းလာ၏။

"သွန်း"

သွန်းမျက်နှာလှလှလေးကို မြင်လိုက်ရ၍ ဖေ ပျော်သွားပေမယ့် သွန်းကတော့ ဖေ့မျက်နှာမြင်လိုက်တည်းက စိတ်ညစ်သွားသည်။

"ကျွန်တော် အခုပဲ ဘွားဆီက ပြန်လာတာ သွန်း၊ ဘွားက သွန်းကို တွေ့ချင်တယ်၊ ခဏခေါ်ခဲ့ပါဆိုလို့ သွန်းကို ကျွန်တော် လာခေါ်တာ"

"သြော်… ဒေါ်ဇလာ၊ ဘွားက ဘုန်းကြီးအလှူဖို့ အချိုပွဲ မုန့်တွေ ရေခဲသေတ္တာထဲက ထည့်ပေးလိုက်လို့ ပြောတယ်"

"ထည့်ပေးလိုက်မယ် ဖေရေ၊ ခဏလေးစောင့်"

ပြောသည့်လူက အတည်ပေါက်ဆိုတော့ ယုံသည့် လူတွေက လည်း အဟုတ်ထင်ပြီး ယုံမိကြသည်။

ဖေ့အစီအစဉ်အတိုင်း ဒေါ်ဇလာ ထည့်ပေးသည့် မုန့်တွေယူပြီး



www.burmeseclassic.com

www.burmeseclassic.com



သွန်း ကားပေါ်ပါလာသည့်အတွက် အပျော်ဆုံးလူက ဖေ ဖြစ်သည်။ သွန်းက ဖေ့အကြံကိုမသိ။ ဘွားရှိသည့် ရိပ်သာကို သွားနေသည်ဟု ထင်၏။

"သွန်း"

ဖေက ခေါ်ပေမယ့် သွန်းက မထူးဘဲ ငြိမ်နေတော့ ဖေ့အကြည့်တွေက သွန်းထံ ရောက်လာ၏။

"သွန်း"

"သွန်း"

"ဘာဖြစ်လို့ သွန်းနာမည်ကို ခဏခဏ ခေါ်နေရတာလဲ"

"သွန်းကရော၊ ကျွန်တော် ခေါ်တာကို ဘာလို့ မထူးတာလဲ"

"မထူးချင်လို့"

"ကျွန်တော်ကလည်း သွန်းနာမည်လေးကို ခေါ်ချင်လို့"

ပြုံးနေသည့် ဖေ့မျက်နှာကို မကြည်သလိုလေး လှမ်းကြည့်တော့ သွန်းကိုကြည့်ပြီး ဖေက သဘောကျစွာ ခပ်တိုးတိုးရယ်သည်။

"သိပ်ချစ်တယ်"

"အရမ်းချစ်တယ်"





"အို... ဘာဖြစ်လို့ အရှက်မရှိ အသံကျယ်ကြီးနဲ့ အော်နေတာလဲ"

"သွန်း မကြားမှာစိုးလို့ပါဗျာ"

"ရူးနေလား မသိဘူး"

"ရူးနေတာလေ၊ သွန်းကို ချစ်နေတဲ့ အချစ်ရူး"

ဖေ့စကားကြောင့် သွန်းမျက်နှာလှလှလေး တင်းသွားသည်။

"ရူးနေရင် ကားကိုရပ်၊ သွန်းဘာသာ တခြားကားနဲ့ သွားမယ်"

"ဘယ်ကိုသွားမှာလဲ"

"ဘွားဆီကို"

"အဟွန်း... ဟွန်း... ဟွန်း"

"သွန်း အညာမိလာတာ မသိဘူးလား"

"ဘာ..."

ဖေ့စကားကြောင့် သွန်း လန့်သွားဟန်ဖြင့် ဖေ့မျက်နှာကို ကြည့်တော့ ဖေက ရယ်သည်။

"သွန်းကို သိပ်ချစ်လို့ ညာခေါ်လာတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း၊ မင်းကို အဲဒါတွေကြောင့် မုန်းတာသိလား၊ ကားကို အခုရပ်စမ်း"

"ရပ်မှာပေါ့၊ ဒီနေရာမှာ ကျွန်တော့်ရင်ဘတ်ထဲက ခံစားချက်တွေကို ရင်ဖွင့်မလို့"

"ကျွိ"

ဇော်ကားက သွန်းမသိသော လှပစိမ်းအုပ်ညို့မှိုင်းသည့် လူရှင်းပြတ်သော တောတန်းတစ်နေရာမှာ ရပ်သွား၍ သွန်း ဘာဆက်ပြောရမှန်းမသိဘဲ ကားတံခါးကို ဆွဲဖွင့်ဖို့ ကြိုးစားပေမယ့် ကားတံခါးက မပွင့်။

"သွန်း"

"မင်း ဘာလုပ်တာလဲ ဇော်၊ ကားတံခါးဖွင့်"

"သွန်း ဖွင့်နေတာပဲလေ၊ ကျွန်တော်က ဘာလုပ်လို့လဲ"

ဇော့အကြံကို သိ၍ သွန်း ဒေါသဖြစ်ဖြစ်နှင့် ဇော့မျက်နှာကို ကြည့်လိုက်သည်။

"မင်းကို သွန်း မုန်းတယ်၊ သိလား"

"ကျွန်တော်ကတော့ သွန်းကို ချစ်တယ်"





"အို… လွှတ်စမ်း"

"မလွှတ်ဘူး၊ သွန်းကြောင့် ကျွန်တော် သိပ်ခံစားနေရပြီ"

"အို…"

သွန်း ရုန်းပေမယ့် မလွှတ်။ တင်းကျပ်သော နှောင်ဖွဲ့မှုအောက်မှာ သွန်းစကားသံလေးတွေ ပျောက်ဆုံးသွားကာ လူတစ်ကိုယ်လုံး မွှန်းကြပ်သွား၏။

"အခုချိန်ကစပြီး သွန်းက ကျွန်တော့်ချစ်သူ"

"မင်း သွန်းနားကို မကပ်နဲ့"

"ကပ်တော့ ဘာဖြစ်လဲ၊ သွန်းကို ကျွန်တော် ချစ်တယ်"

"ဟဲ့… အို"

ဒုတိယအကြိမ် သူ့ရင်ခွင်ထဲမှာ သွန်း မွှန်းကြပ်လို့သွားသည်။ သူ့ကို သွန်း ထုရိုက်ကိုက်ဖဲ့ရင်း သူ့ရင်ခွင်ထဲမှ ရုန်းထွက်ရန် ကြိုးစားသော်လည်း တင်းကျပ်သည့် သူ့ရင်ခွင်ထဲမှာ သွန်းကိုယ်လေး ရုန်းထွက်ဖို့မပြောနဲ့ လှုပ်လို့ပင်မရ။

သူက သွန်းကို သူ့စိတ်ကြိုက် နမ်းပြီးမှ လွှတ်ပေးသည်။ သူ့လက်ကလွှတ်သည်နှင့် သူ့မျက်နှာကို တအား လွှဲရိုက်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ကဲဟယ်”

“ဖြန်း”

“မကျေနပ်ရင် ထပ်ရိုက်”

“သွန်း”

သွန်းကိုယ်လေး သိမ့်သိမ့်တုန်သည်အထိ ငိုချလိုက်သည်။ ဇေက သွန်းမျက်နှာလေးကို စိုက်ကြည့်ရင်း မျက်နှာပျက်လာသည်။ သွန်း ငိုနေတာမြင်ရတော့ သူကိုယ်တိုင်လည်း စိတ်မချမ်းသာ။

သွန်းကို မောင် သိပ်ချစ်တာ အပြစ်လား သွန်းရယ်။ ကိုယ့်ကို မချစ်ဘူးလို့ အကြိမ်ကြိမ် ပြောနေသူလေးကိုမှ မနာကျင်နိုင်အောင် အချစ်ကြီး ချစ်နေမိသူက ဇေ။ မရတာကိုမှ ပိုပြီး လိုချင်နေတာလား မပြောတတ်။ သွန်းကို ချစ်မိသည့် အချစ်တွေကတော့ တကယ့်ကို အရှုးအမူးဖြစ်သည်။

ဇေ့အတွက် သွန်းက အချစ်ဦး။ သွန်းဘက်က သူ့ကို အချစ်ဦး မဖြစ်ချင်တောင်မှ အချစ်ဆုံး ဖြစ်စေချင်မိသည်။ သွန်းမှာ ချစ်သူ မရှိတာကို ဇေ သိထားသဖြင့် ပျော်ရသည့်အပျော်တွေကို သွန်းက နည်းနည်းလေးမှ ဂရုမစိုက်။





ချစ်သူလည်း တစ်ယောက်မှ မရှိဘဲနှင့် ဇေ့ကို ဖွင့်ငြင်းနေတော့ သွန်းကြောင့် ဇေ့နှလုံးသားတွေက အခံရခက်အောင် နာကျင်နေသည်။ ချစ်သူ၏ အေးစက်စက် အမူအရာလေးများကို အသည်းယားစွာ ရင်ခွင်မှာ ထွေးပွေ့ရင်း အနမ်းပွင့်တွေ ခြွေချမိတော့ သွန်းက ဇေ့ကို စိတ်ဆိုးသည်။ သွန်း စိတ်ကျေနပ်အောင် သူ ဘာလုပ်ရမှန်း မသိတော့ စိတ်ညစ်လာ၏။

“မငိုနဲ့ကွာ၊ မောင် စိတ်ညစ်လာပြီ”

“စိတ်ညစ်ရင် သေလိုက်”

“သွန်းနော် … မောင့်ကို ရန်စကားမပြောနဲ့”

“ပြောမယ်၊ ပြောရုံမကဘူး ဟောဒီလိုလည်း လုပ်တယ်၊ ကဲဟယ်… ကဲ.. ကဲ”

သွန်းက လက်သီးဆုပ်လေးများဖြင့် ဇေ့ကိုယ်ကြီးကို ထုရိုက်သည်။ ဇေက ဘာမှ ပြန်မလုပ်။ သွန်း စိတ်တိုင်းကျ လုပ်သမျှ ငြိမ်ခံနေသည်။

“ကျေနပ်ပြီလား… ပြော၊ မကျေနပ်ရင် ထပ်ရိုက်ဦး”

နောက်ဆုံး သွန်းပဲ ငိုရသည်။ ဇေကတော့ သွန်း ဘာလုပ်လုပ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မမှုသည့်ပုံစံနှင့်ဆိုတော့ သူ့ကို သွန်းပဲ အရှုံးပေးလိုက်ရ၏။ အိမ်ပြန် ရောက်တာနှင့် သွန်း အိမ်ပေါ်တက်ခဲ့သည်။

အငိုမျက်နှာကို ဘယ်သူမှ မတွေ့စေချင်၍ ဖြစ်သည်။ ဖေဖေ ဘွားအတွက် မုန့်တွေယူပြီး သူတစ်ယောက်တည်း ရိပ်သာကို ထွက်သွား သည်။

ညရောက်တော့ သွန်း ကိုယ်တွေပူပြီး ဖျားသည်။ ဒေါ်လောက ဘာမှမလုပ်တတ်။ ဖေ့ကို လှမ်းဖုန်းဆက်တော့ ဖေက ဆရာဝန်ခေါ်ပြီး သူ့ကားနှင့် ချက်ချင်းရောက်လာ၏။

"သွန်း"

"ဟင်... မင်း သွန်းအခန်းထဲကို ဘာလာလုပ်တာလဲ"

"သွန်း နေမကောင်းဘူးဆိုလို့ ဆရာဝန်ခေါ်လာတာ၊ ဒေါက်တာ ကြွပါခင်ဗျာ"

"အို..."

သွန်း ငိုချင်သွားသည်။ ဆရာဝန်ကို အားနာသဖြင့် သွန်း ဘာမှ မပြောဘဲ ငြိမ်နေရပေမယ့် ဖေ့ကို ဒေါသထွက်နေသည်။

ဆရာဝန်ပြန်သွားမှ သွန်း ဒေါသကို သွန်ချလိုက်၏။



BURMESE CLASSIC .com



"မင်းကို ဘယ်သူခေါ်လို့ ဒီကို လာတာလဲ အခုပြန်"

"မပြန်ဘူး၊ အိမ်မှာ သွန်းတစ်ယောက်တည်းရှိတာ၊ သွန်းကို ဘယ်သူ လူနာစောင့်လုပ်မှာလဲ၊ သွန်းကို မောင်ပဲ စောင့်ပေးပါလို့ ဒေါ်လောကိုယ်တိုင် အကူအညီတောင်းထားတာ"

"သူ ဘာပြောပြော မင်း ပြန်၊ သွန်းဘာသာ နေမယ်"

"နေလေ၊ မောင်လည်း မောင့်ဘာသာ စောင့်မယ်"

"အို..."

စိတ်ညစ်လွန်း၍ သွန်း ဘာလုပ်ရမှန်းမသိ။ ဖေက သွန်း ဘယ်လိုနှင်နှင် ပြန်ရန် စိတ်ကူးပုံမရ။ ဒေါ်လောကလည်း သွန်းကို တိုင်ပင်ဘဲ ဘာဖြစ်လို့ ဖေ့ကို ခေါ်မှန်းမသိ။

"အိပ်ပျော်အောင် အိပ်နော် သွန်း၊ သွန်းနားမှာ မောင်ရှိနေတယ်"

ဟွန်း... ပြောတော့ လွယ်လိုက်တာ။ သွန်းကို အိပ်ပျော်အောင် အိပ်တဲ့။ သွန်းနားမှာ သူရှိနေတာ သွန်းက ဘယ်လိုလုပ် အိပ်ပျော်မှာလဲ။ သူ့မျက်လုံးလဲ့လဲ့တွေက သွန်း လှုပ်ရှားသမျှ လိုက်ကြည့်နေတာ မြင်ချင်မှအဆုံးဆိုတော့ သွန်း မျက်နှာလေးကို တင်းလိုက်သည်။

"ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ… သွန်း"

"မင်းအခန်း မင်းသွားနေပါ၊ သွန်းတစ်ယောက်တည်းပဲ နေချင်တယ်"

"သွန်း သဘောပါ၊ မောင် သွန်းအခန်းအပြင်မှာ ရှိနေမယ်"

"မောင် သွားပြီနော်"

"အို…"

သွန်းပါးလေးတစ်ဖက် နွေးခနဲဖြစ်သွား၍ ဖေ့ကို ဒေါသနှင့် ကြည့်လိုက်ချိန်မှာ သူက သွန်းအခန်းထဲက ထွက်သွားပြီဖြစ်သည်။

"အခန်းတံခါးကို ပိတ်မထားနဲ့နော် သွန်း၊ တစ်ခုခုဖြစ်ရင် မောင် ချက်ချင်း ဝင်လာလို့ရအောင် ဖွင့်ထား"

အခန်းပေါက်ရောက်မှ လှည့်ပြောသူကို ဂရုမစိုက်ဘဲ သူ အခန်း အပြင်ရောက်တာနှင့် သွန်း အိပ်ခန်းတံခါး ပိတ်ပစ်လိုက်သည်။

"ခေါက်… ခေါက်"

အခန်းအပြင်မှ တံခါးခေါက်သံကို ကြားပေမယ့် သွန်း မထူး

"သွန်း"

ဖေ့အသံကို ကြားရသည်။





"သွန်း အခန်းတံခါးပိတ်လည်း ရတယ်၊ ဒေါ်လောဆီမှာ သော့ပိုတစ်ချောင်းရှိတာ သွန်း သိအောင် ပြောပြတာ"

"ဒါပဲနော် ဗွတ်နိုက်"

သွန်း ဘာမှမတတ်နိုင်ပေမယ့် အဖျားရှိန်ဖြင့် အိပ်ချင်စိတ်က ကြီးစိုးလာ၍ အိပ်ရာပေါ် လှဲချလိုက်တာနှင့် ချက်ချင်း အိပ်ပျော်သွားသည်။ သွန်း အိပ်ရာကနိုးတော့ သွန်းအခန်းထဲမှာ ဖေ ရောက်နေတာ တွေ့ရသည်။

"သွန်း ဆေးသောက်ရမယ်နော်"

ဖေ့အသံက ညင်ညင်သာသာ။

"မင်း ဘယ်လိုလုပ်ပြီး သွန်းအခန်းထဲ ဝင်လာတာလဲ"

"သော့ပိုရှိပါတယ်ဆို၊ မယုံဘူးလား"

ရွှန်းလဲ့သော ဖေ့အကြည့်တွေကို ရင်မဆိုင်ချင်၍ သွန်း အရင် မျက်လွှာချလိုက်သည်။

"ဒီမှာ… သွန်း သောက်ရမဲ့ဆေးတွေ၊ မောင်ကိုယ်တိုင် တိုက်မယ်နော်"

"မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



“အဟွန်း··· ဟွန်း၊ မောင့်ကို တစ်ချိန်လုံး ဒေါသဖြစ်နေရ...
ထင်တယ်၊ အခုချိန်ထိ သွန်းအဖျားက မကျဘူး”

သူက သွန်းနဖူးကို သူ့ပါးဖြင့် လာထိတာနှင့် သူ့ကိုယ်ကြီး...
သွန်း တွန်းထုတ်ပစ်လိုက်ပေမယ့် သူကမသွား။ ချစ်သူမျက်နှာလေး...
မြတ်နိုးစွာ ငုံ့ကြည့်ရင်း သွန်းအမည်ကို တိုးတိုးလေး ခေါ်လိုက်သည်...

“သွန်း”

သွန်း သူ့ရင်ခွင်ထဲက ရုန်းထွက်ရန် ကြိုးစားသည်။

“သွန်း···မောင့်ကို စိတ်ဆိုးလားဟင်”

“မေးနေစရာတောင် မလိုဘူး၊ မင်းကြောင့် သွန်း အ...
ဖြစ်တာ”

“သွန်းရယ်··· မောင်လေ”

“ဘာမှ မကြားချင်ဘူးနော်၊ ဆေးတိုက်ပြီးရင် အခန်းထဲ...
အခု ထွက်သွားပါ”

“မသွားဘူး”

“အို···”

သူက သွန်းကိုယ်လေးကို ဖွတ်အတင်းပွေ့ဖက်ပြီး ဖွတ်အ...

...၍ သွန်း ထုရိုက်ပစ်သည်။

“သွန်း··· မောင့်ကို ဘာဖြစ်လို့ မုန်းနေတာလဲ”

“မုန်းတယ်ဆိုတည်းက မချစ်လို့ဆိုတာ ရှင်းနေတာပဲ”

“ဒါဆိုလည်း မုန်းလက်စနဲ့ မထူးပါဘူး၊ တစ်ခါတည်းပဲ···”

“မင်း··· မဟုတ်တာတွေ မပြောနဲ့နော်”

“သွန်းကို လွှတ်”

“ဆေးအရင်သောက်ဦး”

မကျေမနပ်နှင့် သူတိုက်သည့်ဆေးကို သောက်လိုက်ရသည်။

“ချစ်တယ် သွန်းရယ်”

“သွန်း နေမကောင်းဘူးဆိုတာ သိလျက်နဲ့ မင်းနော်”

“သွန်း အဖျားပျောက်အောင် မောင် ကုပေးနိုင်ပါတယ်”

“ဇေ”

သွန်း နှုတ်ခမ်းလေး အချိန်ကြာကြာ နွေးထွေးသွားသည်။
...ကိုယ်လေးကို ညင်သာစွာ ဖြေလွှတ်ပေးပြီးနောက် နေရာမှ ချာခနဲ
...ထွက်သွားသည့် ဇေ့ကိုကြည့်ကာ သွန်း အခန်းမီးလေး ငြိမ်း
...သည်။ အိပ်ရာထဲမှာ လဲလျောင်းနေပေမယ့် သွန်း တော်တော်...



www.burmeseclassic.com

www.burmeseclassic.com



အိပ်မပျော်။ ဖေဆိုသည့် အချစ်လူဆိုးလေးကြောင့် သွန်းရင်ထဲ
ခုန်နေမိသည့်အဖြစ်ကို ဘယ်သူမှ မသိ။

■



## အခန်း (၇)

သည်နေ့တစ်နေ့လုံး သွန်းကို ဖေ မကျေနပ်။ အသည်းယား နေမိသည်။ သွန်းကို သူ ဘယ်လိုပဲ အကြည့်ချင်းဆုံအောင် ကြိုးစား ပေမယ့် သွန်းက သူ့အကြည့်တွေကို မမြင်ဟန်ဆောင် အကြည့်လွှဲ သွားတာကို သူ့ရင်ထဲ မခံမရပ်နိုင် ဖြစ်နေ၏။

ရိပ်သာက ဘွား ပြန်ရောက်လာသည့်အတွက် သွန်းက ဘွားနားမှာပဲ အချိန်ကုန်နေ၍ ဖေပါ သွန်းနားမှာ အတူရှိနေရကာ သွန်းမျက်နှာလှလှလေးကိုသာ တစ်ချိန်လုံး လိုက်ကြည့်နေမိသည်။

ဘွား အိပ်ပျော်သွားမှ သွန်း ဘွားအခန်းက ထွက်ခဲ့သည်။ ဖေက သွန်းနားမှာ ပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"သွန်း"

"ဘာလဲ"

"သွန်း"

ခေါ်သံနှင့်အတူ သွန်းရှေ့က သူ ပိတ်ရပ်လိုက်၍ သွန်း လန့်သွား၏။

"မင်း… ဒါ ဘာလုပ်တာလဲ ဇေ"

"ချစ်တာ"

"ဘာ"

"အို"

"လွှတ်"

"မလွှတ်ဘူး"

သွန်းကိုယ်လေးကို သူ့ရင်ခွင်ထဲ ဖျတ်ခနဲ ဆွဲပွေ့ပြီး ရင်ချင်း အပ်ပစ်လိုက်သည်။ ဇေ့ကြောင့် သွန်း ရုန်းပေမယ့် မရ။ သွန်းလုပ်ပုံကို မခံနိုင်၍ သွန်းမျက်နှာလေးကို ဆွဲမော့ကာ စိတ်ရှိလက်ရှိ တအား နမ်းရှိုက်ပစ်လိုက်သည်။

"အို… ဟင့်အင်း"





သွန်းက သူ့အနမ်းများကို ဖွတ်အတင်း ရှောင်တိမ်းသည်။ သူ့အနမ်းတွေကို ငြင်းဆန်သည်။

"သွန်း… မောင့်ကို ချစ်တယ်လို့ပြောကွာ"

သွန်းကို သူက ဖွတ်အတင်း ကလေးဆိုးကြီးလို ပြောပေမယ့် သွန်းက သူ့စကား နားမထောင်။

"သွန်းကို လွှတ်စမ်း ဇေ၊ တော်ကြာ တစ်ယောက်ယောက် မြင်သွားရင် ဘယ်လိုလုပ်မှာလဲ"

မျက်နှာနီနီနှင့် သွန်း ပြောလိုက်တော့ သူက သွန်းကို စိုက်ကြည့် သည်။

"ဒါဖြင့် မောင် မေးတာ ဖြေ"

"ဘာမှ ဖြေစရာမရှိဘူး"

"ဖြေစရာမရှိရင် ဒီအတိုင်းနေ"

"မင်းနော်"

"မောင့်ကို ချစ်တယ်လို့ဖြေမှ လွှတ်မယ်၊ မောင့်ကို ချစ်တယ်လို့ ပြောရမှာ သွန်း ကြောက်နေလား"

တကယ်လည်း သူပြောသလို သွန်း ဘာကိုမှန်းမသိ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြောက်နေမိပါသည်။ သွန်း ဇော့ကို တကယ်ချစ်နေပြီလား။ သွန်းကိုယ် သွန်း မသိ။ မသေချာ မရေရာဖြစ်နေသည်။

"သွန်း"

"မမသွန်းရေ"

"ဟော… နေနန်းလာနေပြီ၊ သွန်းကို လွှတ်စမ်း ဇေ"

"ချစ်တယ်ပြောမှ"

"မမသွန်း"

"အို… ဟိုမှာ နေနန်း လာနေပြီ"

"ချစ်တယ်ပြောလေ"

"အင်း… အင်း"

"ဘာ… အင်းလဲ၊ ပါးစပ်က ပြော"

"ချစ်တယ်…. ချစ်တယ်၊ ကဲ… လွှတ်"

ဇေက သွန်းပါးကို တစ်ချက်နမ်းပြီးမှ အသာဖြေလွှတ် ပေးလိုက်၍ သွန်း အသက်ရှူချောင်သွားသည်။

"မမ အောက်မှာ မမကို တွေ့ချင်လို့တဲ့ ဧည့်သည် ရောက်နေတယ်"





"အေး… လာပြီ နေနန်း"

သွန်း အောက်ထပ်ဆင်းတော့ ဇေပါ အတူပါလာသည်။

"သွန်း"

"ဟယ်… ကိုဦး"

သွန်း အခင်ဆုံးသူငယ်ချင်း ကိုဦးဖြစ်နေ၍ သွန်း ဝမ်းသာသွားတာကြည့်ပြီး ဇေက သွန်းနှင့် ကိုဦးကို တစ်ချိန်လုံး အကဲခတ်နေ၏။ ကိုဦးပြန်သွားတော့ ဇေက သွန်းကို မနာလိုဝန်တိုသံကြီးနှင့် ခေါ်သည်။

"သွန်း"

"ဘာလဲ"

"နောက်တစ်ခါ မောင့်ရှေ့မှာ တခြား ယောကျ်ားလေးနဲ့ စကားပြောရင် မရယ်ရဘူး၊ ခပ်တည်တည်နေရမယ်၊ ဒါပဲ"

"ရယ်စရာရှိ ရယ်ရမှာပဲ၊ မကျေနပ်ရင် အခုတည်းက…"

"ဘာဖြစ်လဲ၊ ရည်းစားအဖြစ်က ပြတ်စဲလိုက်လို့ ပြောမလို့လား၊ စိတ်ချ၊ ရည်းစားအဖြစ်ကလည်း မရပ်စဲဘူး၊ တရားဝင်ဇနီးမယား ဖြစ်အောင် သိမ်းပိုက်ဦးမှာ၊ ဘွားကို ဖွင့်ပြောလိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို… ဒါ ဘာလုပ်တာလဲ၊ လွှတ်"

"မလွှတ်ဘူး"

သွန်းကိုယ်လေးကို သူ့ရင်ခွင်ထဲ ဖျတ်ခနဲ ဆွဲပွေ့ပြီး ရင်ချင်းအပ်ပစ်လိုက်သည်။ သူ့ရင်ခွင်ထဲက အလန့်တကြား ရုန်းထွက်နေသည့် သွန်းမျက်နှာလေးကို ဆွဲမော့ကာ နမ်းရှိုက်ပစ်လိုက်သည်။

"အို… ဟင့်အင်း"

သွန်းက သူ့အနမ်းများကို ဖွတ်အတင်း ရှောင်တိမ်းပါသော်လည်း မရ။

"ချစ်တယ် သွန်းရယ်"

"သွန်းကို လွှတ်ပါတော့၊ တော်ကြာ ဘွား ဆင်းလာလိမ့်မယ်"

သူ့ရင်ဘတ်ကြီးကို သူ့လက်ကလေးများနှင့် တွန်းရင်း မျက်နှာနီနီနှင့် သွန်းပြောလိုက်သည်။

"သွန်း မောင့်ကို လက်ထပ်မှာလား"

"အို… သွန်း မသိဘူး၊ သွန်းကိုသာ လွှတ်ပါ"

"လက်ထပ်မယ်လို့ပြော၊ အဲလို ပြောရမှာ ကြောက်နေလား"

တကယ်လည်း သူ ပြောသလို သွန်း ကြောက်သည်။ ဖေ့ကို





ကြောက်၍ ချစ်ပါသည်ဟု ပြောရသော်လည်း ဖေ့လိုကောင်လေးမျိုးကို သွန်း မချစ်ရဲပါ။

"သွန်း"

"သွန်းကို အကျပ်မကိုင်နဲ့ ဖေ"

သွန်းစကားကြောင့် သွန်းမျက်နှာလေးကို စိုက်ကြည့်လိုက်သည်။

"သွန်း မောင့်ကို တကယ်မချစ်ဘူး မဟုတ်လား"

"မင်းကြိုက်သလို ထင်နိုင်တယ် ဖေ"

ဖေ ချစ်တာ သွန်း သိသည်။ ဖွတ်တရွတ် လုပ်တတ်တာကိုလည်း သွန်း မုန်းသည်။

"သွန်း"

"မင်း သွန်းကို ဒီထက်ပိုပြီး အနိုင်မကျင့်နဲ့ ဖေ၊ သွန်း သွားတော့မယ်"

သွန်း စကားကြောင့် ဖေ သွန်းကို ထပ်မနှောင့်ယှက်တော့ဘဲ သွားခွင့်ပြုလိုက်သည်။

ဘယ်လိုပဲဖြစ်ဖြစ် သွန်းအချစ်ကို သူ ရပြီ။ သွန်းက သူ့ချစ်သူ။ ကိုယ့်ချစ်သူကို တစ်နေ့ပိုင်ဆိုင်ခွင့်ရလျှင် ကျေနပ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဇေ့စိတ်ထဲက ဆိုလိုက်ပေမယ့် သွန်းဘက်ကတော့ ဇေနှင့် ဆန့်ကျင်ဘက်။ ဇေ့ကို ကြောက်၍ အဖြေပေးလိုက်ရတာပဲရှိသည်။ ဇေနဲ့ပတ်သက်ပြီး သွန်းစိတ်ထဲ ဘာခံစားချက်မှမရှိ။

ထို့ကြောင့် မေမေ ဖုန်းဆက်လာချိန်မှာ ဇေ့ကို နှုတ်ဆက် အသိပေးခြင်းမပြုဘဲ ရန်ကုန်ကို တိတ်တိတ်လေး ပြန်ခဲ့သည်။

ဇေတစ်ယောက် သွန်းကို အကျပ်ကိုင် အဖြေတောင်းခဲ့သလို သွန်းကလည်း သွန်းကို ချစ်ပါတယ်ဆိုပြီး ညာပြီး အရူးလုပ်ခဲ့၍ ကျေနပ်နေမိသည်။

သွန်း ရန်ကုန်ရောက်တာနှင့် ဇေ ချက်ချင်း ဖုန်းလှမ်းဆက်သည်။

"မောင့်ကို ဘယ်လို လုပ်သွားတာလဲ သွန်း"

"သွန်း ဘာလုပ်လို့လဲ"

"သွန်းက မောင့်ချစ်သူ"

"သွန်းချစ်သူကတော့ မင်း မဟုတ်ဘူး"

"သွန်း"

"မင်းက သွန်းကို ဇွတ်အတင်းချစ် အဖြေတောင်းလို့ မင်း လက်ကလွတ်အောင် သွန်း အဖြေပေးခဲ့တာ၊ အဲဒါ တကယ်မဟုတ်ဘူး"





"မင်းကို သွန်း မချစ်ဘူး၊ သွန်းမှာ ချစ်သူရှိပြီးသား"

"သွန်း ညာတာ"

"မင်း မယုံတာ သွန်း မတတ်နိုင်ဘူး၊ ဖုန်းချလိုက်ပြီ"

"သွန်း"

ဇေ ဖုန်းထပ်ခေါ်ပေမယ့် သွန်း မကိုင်တော့။ သွန်းလုပ်ပုံကို ကြည့်ပြီး သူ့ အညာခံလိုက်ရတာရော သွန်းမှာ ချစ်သူရှိတယ်ဆိုတာရော ဘာတစ်ခုမှ လက်မခံနိုင်ဘဲ ဒေါသဆူဝေစွာ ကျန်ခဲ့ရသူက ဇေ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ထိုကဲ့သို့ လုပ်သွားလိမ့်မည်ဟု ထင်မထားခဲ့သဖြင့် ဖေ့ရင်ထဲ ပို၍ ခံစားနေပါသည်။ သွန်းရှိရာသို့ ဖေ လိုက်မလို့ပြင်နေတုန်းမှာပင် ဖေဖေက ရုတ်တရက် အစာအိမ်ပေါက်ကာ ဆေးရုံတက်လိုက်ရ၍ တသိမ့်သိမ့် ငိုရှိုက်နေသည့် မေမေ့ဘေးနားမှာ အားပေးနှစ်သိမ့်ရသည့် အချိန်။

သွန်းမေမေကလည်း သူ့ငယ်ချစ်ဦး ဦးမျိုးနှင့် နောက်အိမ်ထောင် ပြုပါသည်။ မေမေ့အချစ်ကို သွန်း မကန့်ကွက်။ ကြည်ဖြူစွာ လက်ခံ သဘောတူပေး၍ အားလုံး ပျော်ကြရသည်။

မေမေ့ဆန္ဒတိုင်း တခြား ကုမ္ပဏီမှာ အလုပ် မလုပ်တော့ဘဲ ဦးမျိုးကုမ္ပဏီမှာ အစုရှယ်ယာဝင်တစ်ဦးအဖြစ် ပါဝင်လုပ်ကိုင်ခဲ့သည်





ဦးမျိုးက နိုင်ငံခြားကို မကြာခဏ သွားရသူဖြစ်သဖြင့် မေမေ အဖော်ရအောင် သွန်းက တစ်ခါတလေ မေမေ့အိမ်မှာ ညအိပ်ပေး၍ မေမေ့မှာ ကျေနပ်ဝမ်းသာမဆုံး။ သွန်းကြိုက်နှစ်သက်တတ်သည့် အစားအစာများကို သူကိုယ်တိုင် မမောနိုင်၊ မပမ်းနိုင် ချက်ပြုတ်ကျွေးသည်။ တစ်နေ့ သွန်းအလုပ်အပြန် မေမေ့ကို အပေါ်ဝတ် အနွေးအင်္ကျီလေးနှင့် သွန်း တွေ့လိုက်ရသည်။

"မေမေ ဘာဖြစ်လို့လဲဟင်၊ နေမကောင်းဘူးလား"

"ဟုတ်တယ် သမီးရယ်၊ မေမေ ညက တော်တော် ဖျားလိုက်သေးတယ်"

သွန်း မေမေ့နဖူးလေးကို ညင်သာစွာ စမ်းကြည့်လိုက်သည်။

"ဟင်... ကိုယ်တွေ ပူနေတုန်းပါပဲလား"

"ဆေးခန်းသွားရအောင်နော် မေမေ"

"မေမေ ဆေးသောက်ထားပါတယ် သမီးရယ်၊ ပျောက်သွားမှာပါ"

စိတ်မပူပါနဲ့ဆိုသော်လည်း ဆေးရုံဆေးခန်းကြောက်တတ်သူ မေမေက ဆေးရုံဆိုတာနှင့် ကြောက်နေသူ။ မေမေ့ကို ဖျောင်းဖျောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖျဖျနှင့် ဆေးခန်း သွားချင်အောင် တိုက်တွန်းရသည်။ သွန်းမှာ ခင်တွယ်စရာဆိုလို့ ဖေဖေ့ကိုယ်စား မေမေ့ကိုသာ အတိုးချပြီး ချစ်နေရသူ မေမေ တစ်ခုခုဖြစ်သွားမှာကို သွန်း ကြောက်သည်။ နောက်ဆုံး သွန်းဆန္ဒကို လိုက်လျောသည့်အနေနှင့် မေမေက သွန်းနှင့် ဆေးခန်း သွားဖို့ သဘောတူ ခေါင်းညိတ်သည်။

"ဘယ်ဆေးခန်း သွားရမှာလဲ မေမေ"

"မေမေလည်း မသိပါဘူးကွယ်၊ ကောင်းမယ်ထင်တဲ့ ဆေးခန်း တစ်ခုခုသာသွားပါ"

သွန်း ခေါင်းညိတ်လိုက်သည်။

ဘယ်ဆေးခန်းကို သွားရမှန်းမသိဘဲ နာမည်ကြီး ဆေးခန်းတစ်ခု ရှေ့မှာ သွန်း ကားကို ရပ်လိုက်သည်။ တွန့်ဆုတ်ဆုတ်ဖြစ်နေသော မေမေ့ကို အားပေးနှစ်သိမ့်သလို လက်ကလေးမှ ဆွဲခေါ်ရင်း ဆေးခန်း ထိုင်မိကြသည်။

"ခဏနေဦးနော် မေမေ"

သွန်း မေမေ့ကို ထားခဲ့ကာ ဆေးပေးသည့် ကောင်တာဘက် လျှောက်ခဲ့သည်။ ထိုစဉ် ဆေးခန်း၏ လိုက်ကာကိုဖွင့်၍ အတွင်းမှ ထွက်လာသည့် တစ်စုံတစ်ယောက်နှင့် သွန်းကိုယ်လေးမှာ အင့်ခနဲ ပြည်အောင် တိုက်မိကြသည်။

"ဟာ... ဆောရီး"

"အို..."

တောင်းပန်စကားဆိုသူက ငုံ့အကြည့် သွန်းကလည်း တိုက်မိသူ၏ မျက်နှာကို မော့အကြည့် အကြည့်ချင်းဆုံသွားချိန်မှာ သွန်းရင်ခုန်သံတွေ တဒိုင်းဒိုင်းမြည်သွားသည်။ သွန်း ဘဝတစ်သက်တွင် နောက်တစ်ကြိမ် ဆုံတွေ့ခွင့်မရနိုင်တော့ဘူးလို့ ထင်ထားသည့် လူတစ်ယောက်။ သူကလည်း သွန်းမျက်နှာလေးကို အံ့သြမယုံနိုင်သော ရွှန်းလဲ့တောက်ပသော မျက်လုံးများနှင့် ငေးစိုက်ကြည့်နေသည်။

"သွန်း"

"စက်"

"တစ်နေ့နေ့ ပြန်တွေ့မယ်လို့ မျှော်လင့်ထားပေမယ့် အခုလို တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ခွင့်ရလိမ့်မယ်လို့ မထင်ထားခဲ့ဘူး။ ကိုယ် သွန်းကို ပြန်တွေ့ရတာ သိပ်ဝမ်းသာတယ်ဗျာ"

စက်အသံက တုန်ခါသလို သူ့မျက်လုံးတွေကလည်း သွန်းကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေ့ရလို့ သိပ်ပြီး ပျော်ရွှင်နေကြောင်း သွန်း သိလိုက်သည်။

"သွန်းလည်း စက်လိုပါပဲ"

ကြည်နူးခြင်းနှင့် ရှက်ရွံ့ခြင်းတို့ကို တစ်ပြိုင်တည်း ခံစား
သဖြင့် သွန်းမျက်နှာလှလှလေးက ပန်းနုသွေးကြွကာ တစ်မျိုးလှ
သည်။

"ဘာဖြစ်လို့လဲဟင်၊ သွန်း နေမကောင်းလို့လား"

"သွန်း နေကောင်းပါတယ်၊ မေမေ နေမကောင်းလို့
တာပါ၊ စက်ကရော ဒီမှာ ဘာလာလုပ်တာလဲဟင်"

"ကိုယ် ဒီဆေးခန်းမှာ အချိန်ပိုင်း တာဝန်ယူထားပါတယ် သွ

သူပြောမှ သူ့တစ်ကိုယ်လုံးကို သွန်း သေချာစွာ ကြည့်မိသ
အနက်ခံပေါ်မှာ အဖြူရောင် စကြာလေးတွေပါသော ပုဆိုးနှင့်
လည်ကတုံးကို ကြယ်သီးအစေ့ တပ်ပြီးဝတ်ထားသည်။ ကတ္တီပါ
အညိုနက်နက်မှာ ဖြူဖွေးသန့်ပြန့်နေသည်။ ခြေချောင်းများနှင့် ပန်း
ရောင်ထနေသည့် ဆရာဝန်တစ်ယောက်၏ သန့်ပြန့်သည့် လက်
များကို မြင်ရသည်။

မျက်နှာမှာ မည်သည့်အမွေးအမျှင်မှ မရှိတော့ပါသဖြင့်





လျှောက် စိမ်းဖန့်ဖန့်နှင့် ဆံပင်ကို သပ်ရပ်စွာ ညှပ်ထားသဖြင့်
မှုတို့ကို ပို၍ ထင်ရှားပေါ်လွင်နေသည်။

"သွန်းကို ကြည့်ရတာ ကိုယ့်ကိုကြည့်ပြီး သိပ်အံ့သြနေသလိုပဲ"

"ဟုတ်ကဲ့၊ သစ်လုံးအိမ်ကလေးမှာ တွေ့ရတဲ့ စက်ပုံစံနဲ့
ယောက်စီဆိုတော့လေ"

"အဟွန်း... ဟွန်း... ဟွန်း"

သူက သိမ်မွေ့နူးညံ့စွာ ပြုံးသည်။

"စက်ကို မေမေနဲ့ မိတ်ဆက်ပေးပါရစေ"

သွန်းတို့နှစ်ယောက်ကို အကဲခတ်သလို ကြည့်နေသည့် မေမေ့
သို့ လျှောက်ခဲ့သည်။

"မေမေ... ဒါ သမီးမိတ်ဆွေ ဒေါက်တာ စက်မင်းပါ၊
ဆေးခန်းမှာ အချိန်ပိုင်း တာဝန်ယူထားပါတယ်၊ ဒါက သွန်း မေမေ
သွန်းပါ"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် အန်တီ"

"ဝမ်းသာပါတယ် သားရယ်၊ သမီးမိတ်ဆွေဆိုတော့ အန်တီ
တိုးပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေက ဆေးရုံတို့ ဆေးခန်းတို့ကို သိပ်ကြောက်တာ
စက်က သွန်းမိတ်ဆွေ ဆရာဝန်ဆိုတော့ ဝမ်းသာနေတာ"

လွတ်လပ်ပေါ့ပါးစွာ သွန်းတို့ ရယ်မောမိကြသည်။ မေမေ့ရော
ကို သူကိုယ်တိုင် စမ်းသပ်ရှာဖွေ ကုသမှု လုပ်ပေးသည်။

"ရိုးရိုးဖျားတာပါ၊ စိုးရိမ်စရာ မရှိပါဘူး၊ ကျွန်တော်ပေး
ဆေးတွေကို သောက်လိုက်ပါ၊ ပျောက်သွားပါလိမ့်မယ်"

"နောက်ထပ် ဆေးခန်းကိုလာဖို့ လိုသေးသလားကွယ်"

"မလိုတော့ပါဘူး အန်တီ၊ ကျွန်တော်ပေးတဲ့ဆေးတွေနဲ့
ပျောက်သွားမှာပါ"

"ကျေးဇူးတင်ပါတယ် သားရယ်"

မေမေက ဆေးခန်းထဲက ထွက်သွားသည်။ သူနဲ့ သွန်း
ယောက်တည်း ကျန်ရစ်ခဲ့သည်။

"သွန်း"

"ရှင်"

"ကိုယ် သွန်းနဲ့ တွေ့ပါရစေ"

"ဟုတ်ကဲ့၊ သွန်း အားတဲ့ရက် ပြောပါ့မယ်"





"ဒါ ကိုယ့်လိပ်စာပါ သွန်း၊ ဖုန်းဆက်လာမယ့်နေ့ကို ကိုယ်
စောင့်နေပါ့မယ်"

သူပေးသည့် ကတ်ပြားလေးကို သွန်းယူလိုက်သည်။

"သွန်း သွားတော့မယ်နော် စက်"

"ကောင်းပါပြီဗျာ"

အပြန်လမ်းတစ်လျှောက်လုံး သွန်းရင်တွေ တသိမ့်သိမ့် လှုပ်ရှား
နေသည်။ ထိုညတစ်ညလုံးလည်း သွန်း အိပ်လို့မရ။ ခန့်ညား ချောမော
သွန်းသည့် သူ့မျက်နှာကိုသာ မြင်ယောင်နေမိသည်။ သွန်းတို့
ဆယောက် ဖူးစာမှန်လို့ ပြန်ဆုံရတာလား။

ဟယ်... သွန်း ဘာတွေ လျှောက်တွေးနေမိတာလဲ။

ရက်စိတ်နှင့် သွန်း မျက်နှာလှလှလေးကို ခေါင်းအုံးလေးပေါ်
မှောက်အိပ်ကပ်ထားလိုက်မိသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

စက်နှင့် ဆေးခန်းမှာ တွေ့ဆုံပြီး ဆယ်ရက်အကြာ သူ့ဆီကို သွန်း ဖုန်းဆက်လိုက်ပါသည်။

"အမိန့်ရှိပါ၊ ကျွန်တော် စက်မင်းပါ"

"သွန်း ပြောနေတာပါ စက်"

တစ်ဖက်မှ တိုးတိတ်သော အသံလေးကို ကြားလိုက်ရလျှင် စက်ရင်မှာ ပျော်ရွှင်မှုတို့ လျှင်မြန်စွာ စီးဆင်းသွားသည်။

"သွန်း"

"စက် အခု ဘာလုပ်နေတာလဲဟင်"

"ကိုယ် ဘာမှမလုပ်ပါဘူး၊ သွန်း ဖုန်းဆက်လာမယ့် အချိန်တွေ





ကို စောင့်နေတယ်"

တစ်ဖက်မှ ငြိမ်သွားသည်။

"သွန်း"

"ရှင်"

"ကိုယ့်ကို ဘယ်တော့ တွေ့ခွင့်ပေးမှာလဲဟင်၊ ကိုယ် သွန်းနဲ့ တွေ့ချင်တယ်"

"စက် သွန်းကို မတွေ့ရရင် ဘာဖြစ်သွားနိုင်သလဲဟင်"

သူပြုံးလိုက်သည်။

"ဘာမှတော့ ဖြစ်မသွားနိုင်ဘူးပေါ့၊ ဒါပေမယ့် သွန်းကို ကိုယ် သိပ်လွမ်းနေမှာ သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က သွန်းကို သိပ်ချစ်နေမိလို့လေ"

ရင်ထဲကစကားကို မမျိုသိပ်ဘဲ သူ ဖွင့်လိုက်တော့ တစ်ဖက်က ငြိမ်သွားသည်။

"သွန်း... ကိုယ့်ကို စိတ်ဆိုးသွားပြီလားဟင်"

"စိတ်ဆိုးတယ် အခုမှ"

"နောက်မှတွေ့လည်း သွန်းကို ချစ်တဲ့အကြောင်း ပြော

မိုးမိုးတာလေ

www.burmeseclassic.com



မှာပါပဲဗျာ၊ ဘာဖြစ်လို့လဲ… သွန်း သိလား"

သူ့အမေးကို သွန်း မဖြေပါ။

သူကပဲ ပြောစရာရှိတာ ဆက်ပြောသည်။

"ကိုယ် သွန်းကို စတွေ့တဲ့နေ့တည်းက ချစ်မိသွားခဲ့တာ၊ ဒီနေ့ ဒီအချိန်ထိ သွန်းကို တစ်နေ့တစ်ရက်မှ မမေ့ဘဲ သတိရနေ၊ လွမ်းနေခဲ့ရတာ သွန်းမှ မသိဘဲ"

"မယုံပါဘူး"

"ဘာဖြစ်လို့"

"စက် သွန်းနဲ့ ပြန်မတွေ့တော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှ လုပ်စရာမလိုဘူး၊ ကိုယ်တို့ဖူးစာမှန်ရင် တစ်နေ့ ပြန်တွေ့ကြမှာပဲလို့ ယုံထားပြီးသား၊ ချယ်ရီမြိုင်မှာ သွန်းနဲ့ကိုယ် ဆုံလိုက်တည်းက သွန်းဟာ ကိုယ် အသက်မကချစ်ရတဲ့ မိန်းကလေး တစ်ယောက်ဖြစ်နေမယ်လို့ ထင်မထားဘူး၊ စိတ်ကူးယဉ်မကြည့်မိဘူး ဆေးခန်းကို သွန်း ရောက်လာတော့ အဲဒီဆေးခန်းမှာ ကိုယ် ရှိလိမ့် မယ်လို့ သွန်း တွေးတောင် မတွေးမိဘူး မဟုတ်လား"

"အဲဒါတော့ ဟုတ်တယ်၊ သွန်း တစ်ခါမှ အဲလိုမျိုး မတွေး





ကြည့်မိဘူး"

တိုးတိတ်စွာ ဝန်ခံလိုက်သည့် အသံလေးကို ကြားရသည်။

"သွန်း"

"ရှင်"

"ကိုယ့်ကို ချစ်လားဟင်"

"သွန်း မသိဘူး"

"ကိုယ် သိပါတယ်၊ သွန်းလည်း ကိုယ့်ကို ချစ်နေတယ်"

"အံမယ်၊ ဟုတ်လည်း မဟုတ်ဘဲနဲ့"

"ဒါဖြင့် မှန်းတယ်ပေါ့"

"မှန်းတယ်"

နှစ်ယောက်အတူ ရယ်မိကြသည်။

"ကိုယ် မနက်ဖြန် နားရက်ရတယ်"

"ကိုယ်တို့ ဘယ်နေရာမှာ ဆုံကြမလဲ သွန်း"

"သွန်း မသိဘူး"

"ကိုယ် ဘာမေးမေး မသိဘူးဘဲ ပြောနေတော့မှာလား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



သွန်း သူ့ကို တမင်သစ်နေမှန်းသိ၍ သွန်းနဖူးပြင်လေးကို မနာအောင် ထုလိုက်ချင်သည်။

“သွန်း”

သူ့အသံ အနည်းငယ် ကျတ်ဆတ်သွားလျှင် တစ်ဖက်မှ တိုးတိတ်သော ရယ်သံသဲ့သဲ့လေးကို ကြားလိုက်ရသည်။

“သိပ်ချစ်လာပြီ သွန်းရယ်၊ ကိုယ် ဘာလုပ်ရမလဲ”

“ညအိပ်ရာဝင်ရမယ့်အချိန် ရောက်နေပြီ၊ အိပ်ပေါ့”

“ကိုယ့်အိပ်မက်ထဲကို သွန်း လာမှာလား”

“တခြား ကောင်မလေးတွေကိုလည်း ဒီလို ပြောတာပဲလား”

“ကိုယ့်မှာ တခြားကောင်မလေးမရှိဘူး၊ သွန်း တစ်ယောက်တည်း”

“အဲဒီလို ပြောကြတာပဲ”

“သွန်း”

“သွန်း အိပ်ချင်ပြီ၊ ဂွတ်နိုက်နော်”

တစ်ဖက်မှ ဖုန်းချသွား၍ စက် မချင့်မရဲနှင့် သွန်း ဖုန်းကို ထပ်ခေါ်သည်။





“ဟဲလို”

“မနက်ဖြန် ငါးနာရီ ဝါးရွက်စိမ်းအအေးဆိုင်မှာ ကိုယ်စောင့်နေမယ်၊ သွန်း မလာမချင်း ဟုတ်ပြီလား”

“စက်”

ဒီတစ်ခါ သွန်းအရင် ဖုန်းချလိုက်သူက စက်ဖြစ်နေ၍ သွန်း ပြုံးလိုက်သည်။

သူက သွန်း မလာမချင်း စောင့်နေမည်ဆိုမှတော့ သွန်းဘက်က မဖြစ်မနေ သွားရတော့မည်။

ငါးနာရီထိုးပြီး ဆယ်မိနစ်အလိုမှာ သူ၏ ကားဘေးသို့ သွန်း ကားလေးကို ညင်သာစွာ ထိုးရပ်လာသည်။ မမှိတ်မသုန် မျက်ဝန်းများနှင့် သူ ငေးကြည့်နေဆဲ ကားထဲမှ သွန်းဆင်းလာသည်။ မိုးပြာရောင်ဝတ်စုံလေးနှင့် သွန်းပုံစံလေးက ဖိုပြီး လှပနေသည်။

“လာ… သွန်း”

သွန်းက သူ့ရှေ့ကခုံမှာ မဝံ့မရဲနှင့် ဝင်ထိုင်ရင်း မျက်နှာလှလှလေးက ပန်းနုရောင်သမ်းနေသည်။

“ဘာစားမလဲဟင်”



www.burmeseclassic.com

www.burmeseclassic.com



"ချော့ကလက်ဖျော်ရည်ဆိုရင် ရပြီ"

သူ သွန်းအတွက် ဖျော်ရည်မှာပေးလိုက်သည်။ သွန်းကို သူက ငေးကြည့်သော်လည်း သွန်း သူ့ကို ကြည့်မနေပါ။

"သွန်း"

"ရှင်"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ဘာဖြစ်လို့"

"ကို ရှိတဲ့နေရာကို အရောက်လာလို့လေ"

"ဟွန်း... အဲဒါ သူ့ကို သနားလို့ သိလား၊ သွန်း မလာ မချင်း စောင့်နေမှာစိုးလို့"

"သနားလက်စနဲ့ မထူးပါဘူး သွန်းရယ်၊ ကိုယ့်အချစ် ကိုယ့် မေတ္တာကိုပါ သနားပြီး လက်ခံပေးလိုက်ပါ၊ သွန်းကို ချစ်တဲ့စိတ်နဲ့ ကိုယ် ရူးတော့မယ်"

"သွန်းကို ကိုယ် သိပ်ချစ်တယ်"

"အို... သွန်းလက်ကို လွှတ်ပါ"

စားပွဲပေါ်မှာရှိနေသည့် သွန်းလက်ကို ဆုပ်ကိုင်လာ၍ သွန်း





ရုန်းပေမယ့် သူက မလွှတ်။

"ချစ်တယ်ပြောမှ"

"ဟိုမှာ လူတွေ ကြည့်နေတယ်"

"ကြည့်ပါစေ၊ ချစ်သူနှစ်ယောက် စိတ်ကောက်လို့ ပြန်ချော့ နေတာလို့ပဲ ထင်ကြမှာ"

သွန်းမျက်နှာလှလှလေး နီရဲသွားကာ သူ့မလက်လေးကို ကျိတ် ရုန်းပေမယ့် မရ။

"ကဲ... လွှတ်ပါ"

"ချစ်လား"

"အင်း"

"ချစ်တယ်ဆိုရင်လည်း ကိုယ့်ချစ်သူ စိတ်ချမ်းသာအောင် ပါးစပ်က ပြောပါလား"

သူမက အားမွှေးလိုက်ဟန်ဖြင့် ငြိမ်သက်နေပြီးမှ...

"ကိုယ့်ကို သွန်း ချစ်တယ်"

"ဝမ်းသာလိုက်တာ သွန်းရယ်"

ချစ်သူတွေ ဖြစ်သွားကြတော့ ကလေးဆန်သလောက် ထိန်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com

နိုင်စွမ်းရှိသည့် ချစ်သူကို စက် ပိုလို့မြတ်နိုးမိသည်။

"ကို"

"ဗျာ"

"ချယ်ရီမြိုင်မှာ ပြဿနာတွေဖြစ်ပြီး ကို ဘယ်ပျောက်သွားလဲ ဟင်"

"မြန်မာနိုင်ငံ အစွန်အဖျားအနံ့ပဲဆိုပါတော့၊ သွန်းနဲ့တွေ့ပြီး ဘဝကို တည်တည်ငြိမ်ငြိမ်နေဖို့ ဆုံးဖြတ်လိုက်တာ"

"ဘွားသိရင် အံ့သြမှာပဲနော်"

"ဘွားက သွန်းနဲ့ကိုယ့်ကို သဘောမတူမှာဘဲ စိုးရိမ်တာပါ"

"ဟိုတစ်ယောက်က ကိုယ့်ကို အခုထိ စောင့်နေတုန်းနော်"

"ကိုကလည်း သွန်းကို စောင့်နေတာပဲ"

"သွား… အဲဒါ ကို ပိုတာ"

"ဩော်… တကယ်ပြောနေတာ၊ သွန်းအချစ်ကို မရရင် ဒီတစ်သက် အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားတာ"

"အခုကျတော့ရော"

"အခုတော့ သွန်းကို အမြန်ဆုံး လက်ထပ်ပါရစေလို့ ခွင့်တောင်း







ပါရစေဗျာ"

ချစ်မိပြီဆိုတော့ ပျော်ရွှင်မှုတွေက မိုးမမြင် လေမမြင်။ အရာအားလုံး မေ့ထားမိကြသည်အထိ ဖြစ်သည်။

"ကိုတို့ လက်ထပ်ကြရအောင် အချစ်ရယ်၊ သွန်းနဲ့ အတူတူနေချင်ပြီ"

"ချစ်သူတွေ ဖြစ်ကြတာ မကြာသေးဘူး၊ လက်ထပ်ဖို့က စောပါသေးတယ် ကိုရယ်၊ ကို အထူးကုဆရာဝန်ကြီးဘွဲ့ လိုချင်သေးတယ်ဆို"

"အဲဒါနဲ့ လက်ထပ်တာက တခြားစီပဲ"

"ကဲ… ပြော၊ ကိုယ့်ကို ဘယ်တော့ လက်ထပ်မှာလဲ"

"သွန်း အိမ်ထောင်မပြုချင်သေးဘူး ကို"

"ကောင်းပြီ၊ ဒါဆို သွန်းဆန္ဒအတိုင်း တစ်နှစ်စောင့်မယ်၊ တစ်နှစ်ပြည့်ရင် သွန်း ငြင်းလို့မရဘူးနော်"

"ကိုက သိပ်သဲတာပဲ"

သွန်းက သူ့ကို မျက်စောင်းလှလှထိုးရင်း မကျေမနပ်ကလေး ပြောတော့ သူ အသည်းယားစွာ ကိုယ်လေးကို ဖျစ်ညှစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သဲတာမဟုတ်ဘူးဗျာ၊ ချစ်တာ သိလား"

သွန်းမျက်နှာလှလှလေးကို ခွဲယူပင့်မော့ပြီး ချစ်အနမ်းေ ခြွေချတော့ သွန်းက သူ့ကို လက်သီးဆုပ်လေးတွေနှင့် မနာကျင်အေ ထုသည်။

"သွား... ကို သိပ်ဆိုးတယ် သိလား"

"သွန်းကို ချစ်လို့"

"တော်ပါ၊ လူကို ဖွတ်အတင်း..."

"ဘာဖြစ်လဲ"

"ဘာမှမဟုတ်ဘူး"

"မညာနဲ့နော် ကလေးမ"

"ကိုယ့်ကိုကြည့်ပြီး သွန်း ဘာတွေ သဘောကျပြီး ပြုံး တာလဲ"

သူ့အမေးကို သွန်း သဘောကျသလို အသံလေးထွက်ရယ်လိုက် သည်။

"ကိုယ့်ကို ချယ်ရီမြိုင်မှာ စတွေ့တုန်းက သွန်း သိပ်ကြောက် သွားတာကို တွေးမိလို့ပါ"





သူပြုံးလိုက်သည်။

"ဟုတ်ပါရဲ့၊ အဲဒီတုန်းက ကိုယ့်ပုံစံက သွန်း ကြောက်မယ်ဆို ည်း ကြောက်စရာပဲ၊ ကိုယ့်ဘဝကို ဖြစ်ချင်ရာဖြစ် ပစ်ထားခဲ့တာလေ"

"သွန်းကိုတွေ့တော့ ကို ဘာဖြစ်သွားလဲ"

"ကို မေ့ထားတဲ့ဘဝကို ပြန်သတိရလာတာပေါ့ အချစ်ရယ်၊ သွန်းကို ကို သိပ်ချစ်တာ၊ ကိုယ့်ချစ်သူနဲ့အတူ ဘဝကို ရင်ဆိုင်ဖြတ်သန်း ဖို့ ကိုယ့်မှာ သတ္တိတွေရှိလာတယ်"

"သွန်းကိုချစ်တဲ့ အချစ်စိတ်တွေကပဲ ကိုယ့်ဘဝကို ပြောင်းလဲ ခဲ့တယ်"

"သွန်းတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားပြီဆိုတာ ဘွားကို ပြောပြလိုက်ရမလား ကို"

သွန်းက အားတက်သရောလေး ပြောနေပေမယ့် စက်က မလှုပ်။ သွန်းကို ကြည့်ပြီး ပြုံးသည်။ ပြီးမှ သွန်းပါးလေးကို ဖွဖွနမ်းရင်း ဆက်ပြင်းချသည်။

"ဘွားက သူ့မြေးနဲ့ ကိုယ့်ကို သဘောတူပါ့မလား အချစ်ရယ်"

"ကိုက သိပ်အားလျော့တာပဲ၊ ဘွားက ကိုယ့်ကို ချစ်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အတိုးအကြောင်း ပြောပြရင် ဘွားက လက်ခံသဘောတူမှာပေါ့"

"သွန်းပြောသလို ဖြစ်လာရင် အကောင်းဆုံးပေါ့ အချစ်ရ… ဒါပေမဲ့ ဘွားအနားမယ် ကိုယ့်အချစ်ကို မရရင် သေတော့ပါ… ဆိုတဲ့ ဒီမိုင်းနဲ့ မိန်းမက ရှိနေတုန်းပဲ၊ အဲဒါ ဘယ်လိုလုပ်မလဲ"

"သူက ကိုယ့်ကို တကယ်ချစ်တာလား"

"အဲဒီလိုဆို ကိုယ့်ဘက်က တစ်မျိုး စဉ်းစားဦးမှာပါ၊ အရပ်… ငွေပေးပြီး ဝယ်ချင်တာ၊ ရယ်ရတယ်နော် သွန်း"

သွန်း ဘာပြောရမှန်း မသိတော့ပါ။

ကိုယ့်မျက်နှာကိုသာ ငေးငေးလေး ကြည့်နေမိ၍ ကိုက သွ… ဖြစ်နေပုံလေးကို ကြည့်ကာ သဘောကျစွာရယ်သည်။

"သိပ်ရိုးသားတဲ့ သွန်းပဲ၊ လူ့လောကအကြောင်း၊ လူ… အကြောင်း ဘာဆိုဘာမှ မသိဘူး"

"ကိုယ့်အကြောင်းတွေ သွန်း သိပါတယ်"

"ဘာတွေသိလဲ"

"ကိုက သွန်းကို ချစ်တယ်၊ သွန်းကလည်း ကိုယ့်ကို ချ… တယ်"

"သွန်းရယ်"

တင်းကျပ်စွာ ထွေးပွေ့လာသည့် ချစ်သူရင်ခွင်မှာ နိုးနားခွင့်… …ခြင်းကို သွန်း မငြင်းမိပါ။ မြတ်နိုးစွာ ကျရောက်လာသည့် ချစ်အနမ်း… …တွေကို မျက်ဝန်းလေး မှေးမှိတ်၍ ကျေနပ်နှစ်သက်စွာ ခံယူလိုက်မိ… …သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

သွန်း ရန်ကုန်ကို ပြန်ရောက်နေတာ အခုဆိုလျှင် နှစ်လတင်းတ... ပြည့်သွားပြီဖြစ်သည်။ ဘွားနှင့် အဆက်အသွယ်မပြတ်သလို လူ... ရှိရင် ရှိသလို ဘွားအတွက် သွန်းဘက်က လက်ဆောင်ပစ္စည်းများ... ဝယ်ပို့ပေးသည်။ ဘွားနှင့်လည်း ဖုန်းပြောသည်။ ထို့ကြောင့်ပင် ဇေ... အဖေ ဆေးရုံတက်ရကြောင်း၊ သက်သာလို့ ဆေးရုံက ပြန်ဆင်းသွား... သော်လည်း အိမ်မှာပဲ အနားယူသေးကြောင်းနှင့် ဇေ တစ်ယောက်လည်... ဖခင်အလုပ်တွေကို ကူလုပ်နေရကြောင်း မအားလပ်ကြောင်း သိခွ... ရခဲ့သည်။

ချယ်ရီမြိုင်က သွန်း ပြန်ခဲ့တုန်းက ဇေ့ကို သွန်း နှုတ်မဆက်... ခဲ့ပါ။ ဇေ ဘယ်လောက် ဒေါပွနေလိုက်မည်နည်းဟု တွေးပြီး ပြုံး...





...ည်။ လူဆိုးလေးမို့ သူ့ကိုတော့ သွန်း လန့်သွားသည်။ ဒါကြောင့် ...ည်း သွန်း ပြန်မည့်အကြောင်း သူ့ကို အသိမပေးခဲ့။ သူ သိသွားလို့ ...နိုင်းကြလျှင် သွန်းပဲ လူကြီးအလယ်မှာ အရှက်ရမှာ သေချာသည်။

ဇေက လူချောလေးဖြစ်ပေမယ့် သွန်းအပေါ် ဖွတ်တရွတ်နိုင် ...တော့ မကြိုက်။ ဇေက တကယ့်ကို မလွယ်။ အခုလောက်ဆို ...ူလည်း လုပ်ငန်းခွင်ထဲမှာ လှုပ်ရှားရင်း သွန်းကို မေ့လောက်ပြီ ...င်သည်။ ဒါမှမဟုတ် နောက်ထပ်ချစ်စရာတေစ်ယောက်များ ထပ် ...တွေ့နေပြီလား မသိ။ သွန်းကတော့ ချစ်သော ကို၏ လူကြီးဆန်သော ...သိမ်မွေ့နူးညံ့သည့် အချစ်မေတ္တာများဖြင့် ကြည်နူးကျေနပ်နေခဲ့သည်။

သွန်း လိုချင်သည့် ချစ်သူတစ်ယောက်၏ ပုံစံမှာ ကိုယ့်လို ...ချစ်သူမျိုးဖြစ်သည်။ အရာရာကို တတ်သိနားလည်သော၊ ခွင့်လွှတ် ...လိုက်လျော သည်းသည်းခံနိုင်သော၊ သဘောထားကြီးမှုအားလုံး ကိုယ့် ...မှာ ရှိသည်။ ဇေနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဇေက နေရာတကာ ...သွေးဆူပေါက်ကွဲလွယ်ရုံမျှမက မနာလိုဝန်တိုခြင်းနှင့် ယှဉ်သော ...သူ့အချစ်က တကယ့်ကို အရူးအမူးဖြစ်၍ ထိုအချစ်မျိုးကို သွန်း ...ယုံပါ။



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တုန်းတော့ သေမလောက်ဖြစ်နေသလို ထားပစ်ခဲ့လျှင် လည်း လှည့်မကြည့်တော့သည့် စိတ်ဓာတ်မျိုးက ကြောက်စရာ ကောင်း သည်။ မတည်ငြိမ်သော အချစ်များဟု သတ်မှတ်ရမည် ထင်သည်။

ကိုနှင့်သွန်းကတော့ အပေးအယူမျှသည့် ချစ်သူများဖြစ်သည်။ ကိုက ချစ်သူကို အရိပ်တကြည့်ကြည့် မြတ်နိုးသူတစ်ယောက်ဖြစ်သည်။ တစ်ခါတစ်ရံမှာလည်း ဆိုးနွဲ့တတ်သည့် ညီမဆိုးလေးကို ခွင့်လွှတ် သည်းခံနိုင်သည့် အစ်ကိုကြီးတစ်ယောက်လို သဘောထားကြီးသော အပြုံးမျိုးဖြင့် သွန်းအလိုကို လိုက်လျောပြန်သည်။

ကိုယ့်ချစ်သူဖြစ်ရတာ သွန်း ကံကောင်းတာပဲဟု သွန်းက ပြော လျှင် နူးညံ့သိမ်မွေ့သော မျက်ဝန်းများဖြင့် သွန်းကို ခပ်ပြုံးပြုံး ကြည့်နေ တတ်သည်။ ထို့နောက် 'ကိုယ့်ဘဝမှာ သွန်းမရှိလို့ မဖြစ်ဘူး' ဟု တိုးတိတ်ညင်သာစွာ ပြောတတ်သည်။ သွန်းတို့ ချစ်သူဘဝ ပျော်စရာကောင်းသည်ဟု သွန်း ထင်သည်။ အားလပ်ရက်များတွင် သွန်းနှင့်ကို ဘုရားအတူတူ ဖူးကြသည်။

မရောက်ဖူးသေးသည့် နေရာတွေကို ချစ်သူနှစ်ဦး အတူလျှောက် လည်ရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လို့ ကြည်နူးပျော်ရွှင်





မဆုံး။ သွန်းတို့ ချစ်သူနှစ်ဦး ပျော်နေချိန်မှာ မေမေလည်း မမျှော်လင့် သည့် စကားတစ်ခွန်းကြောင့် အသည်းဆတ်ဆတ်ခါ နာကျင်လျက် ရှိသည်။

"ဗျာ… သားကို ခင်လေးနဲ့ လက်ထပ်ပေးချင်တယ် ဟုတ် လား"

"ခင်လေးက လိမ္မာပါတယ်ကွယ်၊ သားကိုလည်း ချစ်ရှာ တယ်"

"ဟာ… မဟုတ်သေးဘူး၊ သားမှာ ချစ်သူရှိတယ် မေမေ"

"ဒါ ဘာများဆန်းလို့လဲကွယ်၊ လူတိုင်း ချစ်သူရှိတာပဲ"

"ခင်လေးကို သား လက်မထပ်နိုင်ဘူး မေမေ၊ သားချစ်သူကိုပဲ သား လက်ထပ်မယ်"

"အမယ်လေး၊ ဒီလောက်တောင် ဖြစ်နေတာ၊ သားချစ်သူက ဘယ်သူမို့လဲ"

"သွန်းပါ… မေမေ"

"ဟယ်… ဘွားမြေး လှလှလေးလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



“အို··· သွန်းလေးလား၊ စောစောက ဘာလို့ ဖွင့်မပြောရတာလဲ သားရယ်၊ ဒါဆို မေမေ ဘွားတို့ကို ဖွင့်ပြောပြီး သူ့အမေဆီမှာ သားအတွက် သွားတောင်းပေးမှာပေါ့၊ ကဲ··· ပြော၊ ဘယ်နေ့ သွားပြောရမှာလဲ”

“သွန်းနဲ့ အရင်ညှိဦးမယ် မေမေ”

“မြန်မြန်ပြောနော် သား၊ မေမေက မြေးချီချင်နေပြီ”

“သွန်းက ရှက်နေလို့ မပြောပါနဲ့ဦးဆိုလို့ပါ မေမေ”

“ဩော်ကွယ်··· ဒါ ရှက်စရာလား၊ စောစောသိတော့ စောစော ဝမ်းသာရတာပေါ့၊ ခင်လေးကို မေမေ စကားမလွန်ရသေးပါဘူး။ သားသဘောကို အရင် မေးကြည့်တာပါ”

မေမေ့စကားကြောင့် ဖေ့ရင်ထဲ ပေါ့ပါးပျော်ရွှင်သွားသည်။

“ဒါဆို သွန်းနဲ့သားကို မြန်မြန်လက်ထပ်ပေးနော် မေမေ”

“အေးပါ၊ သားနဲ့သွန်းသာ ဘယ်အချိန် မင်္ဂလာပွဲ ကျင်းပမလဲ ဆိုတာ တိုင်ပင်ကြ၊ မေမေတော့ ဘွားတို့ကို မင်္ဂလာသတင်း ပြောလိုက်ဦးမယ်”

ဘွားကို မေမေက ချက်ချင်း ဖုန်းဆက်သည်။ ပျော်ရွှင်နေသည့်





မေမေ့ကိုကြည့်ပြီး ဖေ သက်ပြင်းချလိုက်၏။

“မနက်ဖြန် သား ရန်ကုန်ကို သွားမယ်' မေမေ”

“မေမေတို့ကိုလည်း ဖုန်းဆက်ဦးနော် သား၊ ဘွားကတော့ သိပ်ဝမ်းသာနေရှာတယ်၊ သားတို့ မင်္ဂလာဆောင်ကို သူ အကောင်းဆုံး ဖြစ်အောင် စီစဉ်မယ်လို့ ပြောနေတယ်”

နှစ်ဦးနှစ်ဘက် မိဘတွေက သူနဲ့သွန်းကိစ္စကို သဘောတူ ပြေလည်နေသလို ပျော်လည်းပျော်နေကြသည်။ သွန်းသာ ခေါင်းညိတ် လိုက်လို့ကတော့ သူတို့မင်္ဂလာဆောင်ကြီး အခုပင် ကျင်းပတော့မည်။

“မေမေတို့ သွန်းကို ဘာမှကြိုတင်ပြီး သွားပြောမထားနဲ့ဦးနော်၊ တော်ကြာရှက်ပြီး သားကို စိတ်ကောက်နေလိမ့်ဦးမယ်၊ သား ဖုန်းဆက် လိုက်မှ စီစဉ်စရာရှိတာ စီစဉ်ပေးနော် မေမေ”

“အေးပါကွယ်၊ ဘွားတို့ကိုလည်း ကြိုပြီး ဘာမှ မပြောမိဖို့ မေမေ ပိတ်ထားလိုက်ပါ့မယ်၊ စိတ်ချလက်ချသာ သွား၊ သားနဲ့ သွန်းလေး ရောက်လာမှပဲ အားလုံးသဘောကျ စီစဉ်ပေးမယ်၊ မေမေ တို့လည်း လူကြီးချင်း တိုင်ပင်စရာတွေ ရှိပါသေးတယ်၊ စိတ်ချ သာသွား”



www.burmeseclassic.com

www.burmeseclassic.com



ဇေ အပျော်တွေနဲ့ ရန်ကုန်ကို ရောက်ခဲ့သည်။ ရောက်ရောက်ချင်း သွန်းသတင်းတွေကို သွန်းမေမေဆီကို လက်ဆောင်သွားပေးရင်း စုံစမ်းသည်။

သွန်း အလုပ် လုပ်သည့်နေရာ၊ သွန်းနေသည့် တိုက်ခန်းအားလုံး သူ သိခွင့်ရခဲ့သည်။ သူ မသိလိုက်တာက သွန်းမှာ သိပ်ချစ်ရတဲ့ ချစ်သူရှိနေပြီဆိုသည့်အကြောင်း ဖြစ်သည်။

"ဘွားကို အန်တီက ကျေးဇူးတင်တယ်ဆိုတဲ့အကြောင်း ပြောပြလိုက်ပါ သားရယ်၊ သမီးလာရင်လည်း အန်တီ ပြောပြလိုက်မယ်"

"ရပါတယ် အန်တီ၊ ကျွန်တော် ခုပဲ သွန်းအိမ်ကို သွားမှာပါ။ သွန်းအတွက် ဘွားက ပစ္စည်းတစ်ခု လူကြုံပါးလိုက်သေးလို့ပါ"

"သြော်… အေး… အေး၊ ကောင်းပါပြီ သားရယ်"

"သွားလိုက်ပါဦးမယ် ခင်ဗျာ"

တကယ်တော့ ဘွားက သွန်းကို ဘာမှမပေးလိုက်။ ဇေဘာသာ ပါးစပ်ထဲ တွေ့ကရာ ပြောလိုက်ခြင်းသာ ဖြစ်သည်။ ဇေ့ကိုတွေ့ရင် ဘယ်လောက်များ အံ့သြသွားလိုက်မလဲဆိုသည့် အတွေးနှင့် သူ ကျေနပ်စွာ ပြုံးလိုက်သည်။





သိပ်ချစ်တယ် မောင့်အချစ် သွန်းရယ်။ သွန်းထံမှ ချစ်အဖြေရရင် သွန်းနှင့် ဘယ်လိုဘယ်ပုံ မင်္ဂလာဆောင်ရင် ကောင်းမလဲဆိုသည့် အတွေးတွေနှင့် စိတ်ကူးတွေ ယဉ်ချင်တိုင်း ယဉ်နေသည့် ဇေ။ သွန်း အလုပ်လုပ်နေသည့် နေရာသို့ အပြေးအလွှားရောက်သွားခဲ့သည်။ ပြီးတော့ သွန်း မမြင်အောင် ချစ်သူ့မျက်နှာလေးကို တစိမ့်စိမ့်ငေးမောရင်း ရုံးဆင်းချိန်ကို စောင့်သည်။

သွန်း မတွေ့ရသည့် ရက်တွေအတွင်းမှာ ပိုပြီး ချောလှနေကာ ပိုပြီး ချစ်စရာကောင်းနေသည်။ ဇေ့မှာတော့ သွန်းကိုချစ်သည့်စိတ်နှင့် သွန်း စိတ်တိုင်းကျနေခဲ့သည်။ သွန်း စိတ်ညစ်မှာစိုးရိမ်လို့ သွန်း မကြိုက်တာမှန်သမျှကို ရှောင်ခဲ့သည်။ ဒါ သွန်းကို သိပ်ချစ်လွန်းလို့ ဆိုတာ သွန်း သိမည်မဟုတ်။ သူ့အပေါ် ရက်စက်စိမ်းကားမှုတွေနှင့် နှုတ်မဆက်ဘဲ ပြန်သွားသည်။

သွန်း ရုံးထဲက ထွက်လာသည်။ ရပ်ထားသည့် ကားလေးဆီ လျှောက်သွားပြီး ကားတံခါးဖွင့်ပြီး ဝင်ထိုင်လိုက်သည်အထိ သွန်း သူ့ကို မမြင်သေး။ ဇေ ကျေနပ်စွာပြုံးလိုက်ပြီး သွန်း၏ ကားတံခါးကို ရုတ်ခနဲ ဆွဲဖွင့်ကာ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သွန်း"

"ဟင်"

"မင်း...မင်း... ဇေ"

သွန်းမှာ မမျှော်လင့်ဘဲ ဇေ့ကို တွေ့လိုက်ရသဖြင့် ထိတ်လန့်ခြင်း နှင့်အတူ အံ့ဩသွားသည်။ ကြည့်ပါဦး။ လုပ်ပုံက ဘယ်လောက် ရဲတင်းလိုက်သလဲဆိုတာ။ သွန်းကားပေါ်ကို မပြောမဆို တက်လာပုံက ပိုင်စိုးပိုင်နင်း။

"သွန်း မောင့်ကို သိပ်ရက်စက်တယ်ဗျာ"

"အို... မင်းဘာတွေပြောနေတာလဲ ဇေ"

"စကားတွေ ပြောနေတာလေဗျာ၊ သွန်းကြောင့် မောင့်ရင်မှာ ဘယ်လောက်ခံစားနာကျင်ရတယ်ဆိုတာ သွန်းသိလား"

"မောင် ချစ်သလောက် သွန်းက မောင့်ကို မချစ်ဘူး၊ ရက်စက် တယ်၊ မောင်ကတော့ သွန်းကို ချစ်လိုက်ရတာ"

"ကဲ... တော်ပါတော့၊ မင်း ဒီကို ဘယ်လိုရောက်လာတာလဲ"

"မောင့်ကို မလွမ်းဘူးလား သွန်းရယ်၊ မောင် သွန်းကို အရမ်း လွမ်းနေတာ"





သွန်းမေးတာက တစ်မျိုး။ သူဖြေတာက တခြား။ သွန်း ဘာမှ မပြောဘဲ ကားပေါ်တက်ပြီး မောင်းထွက်ခဲ့သည်။

"သွန်း"

"အို... ဇေ"

သွန်းလက်ကလေးကို ညင်သာစွာ ငုံ့နမ်းလိုက်သဖြင့် သွန်း ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။

"သွန်းကို မောင် သိပ်ချစ်တယ်"

သူ့ပုံစံက တကယ့်ကို လှိုက်လှိုက်လှဲလှဲ။ ကားမောင်းနေသည့် သွန်းကို တသိမ့်သိမ့် စိုက်ကြည့်နေပုံကြောင့် သွန်းမှာ အနေရခက်ခက် အမှားမှားအယွင်းယွင်း ဖြစ်ရသည်။

"ချစ်သွန်း... မီးစိမ်းနေပြီလေ"

"သြော်... ဒုက္ခပါပဲ"

သူက ပြုံးပြီး သွန်းကို သတိပေးနေသည်။

"သွန်း ကားမောင်းလို့ဖြစ်ရဲ့လားဟင်၊ မောင် မောင်းခဲ့ရမလား"

"ရပါတယ်"

သွန်းအသံက ခြောက်ကပ်ကပ်။ မတွေ့ရသည့် ရက်အတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



နေ့ပုံစံက အရင်ကထက်ပိုပြီး တည်ငြိမ်ကာ လူကြီးဆန်လာသလို အရင်ကထက်ပိုပြီး ချောနေတာကိုလည်း သတိထားမိသည်။

သူ ဘာကိစ္စနှင့် ရန်ကုန်ကို လာတာပါလိမ့်။

အို… သူ့ဘာသာ ဘာကိစ္စနဲ့လာလာ သွန်းနဲ့ ဘာဆိုင်လို့လဲ။

"သိပ်ချစ်တယ် သွန်းရယ်၊ လက်ထပ်ရအောင်နော်၊ သွန်း မောင့်ကို ချစ်ပြီလားဟင်"

"ဘာတွေ လျှောက်ပြောနေတာလဲ ဖေ၊ သွန်းမှာ ချစ်သူရှိတယ်"

သွန်းစကားကို သူက မယုံသလို ပြုံးသည်။

"အဲဒါ သွန်း မောင့်ကို ညာတာ"

"သွန်းက မင်းကို ဘာလို့ ညာရမှာလဲ"

"ဒါဖြင့် သွန်းချစ်သူက ဘယ်မှာလဲ၊ ဘယ်သူလဲ"

အဲ… အဲဒါမှ တကယ့် ပြဿနာ။ ကိုယ့်နာမည်ကို သွန်း ဘယ်လိုလုပ်ပြီး ဖေ့ကို ပြောပြရမှန်းမသိ ဖြစ်သွား၏။ ကိုယ့်နာမည်ကို ကြားလိုက်တာနှင့် ဖေ ချက်ချင်းသိသွားပြီး ဘွားကို သွားပြောမှာကို စိုးကြောက်သွားကာ ပါးစပ်ပိတ်သွားသည်။ ကိုနှင့်သွန်းက ဘွားကိစ္စနှင့် ပတ်သက်ပြီး ခုချိန်ထိ ဘာတစ်ခုမှ သေချာမတိုင်ပင်ရသေး။ သွန်းနှင့်





တ်ကို ဘွားသဘောတူသလား။ မတူဘူးလားဆိုတာ သွန်းလည်း သိ။

"သွန်း"

"ဘာလဲ"

"သွန်းချစ်သူနာမည်ကို ပြော၊ သူ ဘာအလုပ်လုပ်လဲ"

"ဟို… သူ့နာမည်က … ဟိုဒင်း"

သွန်း ပြောချင်ပါလျက် အပြောခက်နေပြီး အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေတာကိုကြည့်ပြီး ဖေက ခပ်ဖွဖွရယ်သည်။

"ကိုယ့်ချစ်သူနာမည်ကိုတောင် မမှတ်မိဘူးလား သွန်းရဲ့၊ သွန်း မှတ်မိရင် မောင်ပြောမယ်၊ သွန်းချစ်သူနာမည်က ဖေတဲ့၊ ဟောဒီ သွန်းအနားမှာ ထိုင်နေတဲ့ မောင်ကိုယ်တိုင်ပဲ"

"ဒီမှာ သွန်း"

"မောင့်ကို ချစ်သူရှိနေပြီ ဘာညာနဲ့ မောင့်အချစ်ကို တားဆီးဖို့ ကြိုးစားရင် သွန်း သိပ်မှားသွားလိမ့်မယ်၊ သွန်းမှာ ချစ်သူရှိတော့ ဘာဖြစ်လဲ၊ မောင်က ဂရုစိုက်မယ် ထင်နေလို့လား"

"ဂရုစိုက်ရမှာပေါ့ ဖေ၊ သူများချစ်သူကို ပစ်မှားရင် ငရဲကြီး



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ မင်း မသိဘူးလား''

''သွားစမ်းပါဗျာ၊ ရဲကြီးရအောင် မောင်က ယောက်ျားရှိပြီး မိန်းမကို အပိုင်ကြံနေတာမှ မဟုတ်ဘဲ''

''မင်းကို ဘယ်ပို့ပေးရမလဲ ဇေ''

''မောင် သွားချင်တဲ့နေရာကို သွန်း တကယ်ပို့ပေးမှာလား''

''စကားကောင်းကောင်းပြောစမ်း ဇေ၊ သွန်း စိတ်ဆိုးအေ ဖြစ်အောင် လာလုပ်မနေနဲ့''

သူ ဘာမှမပြောတော့ဘဲ သွန်းမျက်နှာလေးကို စိုက်ကြည့် ငြိမ်သက်နေသည်။

''သွန်းနဲ့ တစ်နေရာရာမှာ စကားပြောချင်တယ်''

''ဘာပြောမှာလဲ''

''ပြောစရာတွေကတော့ အများကြီးပဲ၊ အရေးအကြီးဆုံးက မောင့်ကို ချစ်ဖို့ပဲ၊ သွန်း မောင့်ကို ချစ်လား''

ဇေက သွန်းနှလုံးသားကို ညှို့ယူတော့မည့် အကြည့်မျ မေးလျှင် သွန်းက ရင်မောစွာ ပင့်သက်ဖြာရသည်။

''ချစ်သူတစ်ယောက်လို မချစ်နိုင်တာကလွဲရင် မင်းကို





ယောဇဉ်ရှိပါတယ်''

သွန်းအဖြေကြောင့် ဇေ့မျက်နှာချောချောက သိသာစွာ ကျသွား၏။

''မောင်လိုချင်တာ အဲဒီအဖြေမဟုတ်ဘူး သွန်း၊ မောင့်ကို ချစ်ဘူးဆိုတာကလွဲပြီး ကျန်တာ သွန်း ကြိုက်သလို ဖြေနိုင်တယ်၊ သွန်း မောင့်ကို ချစ်ပါဗျာ၊ မောင့်မှာ သွန်းမကြိုက်တာ ဘာရှိလဲပြော၊ အားလုံး သွန်းစိတ်တိုင်းကျဖြစ်အောင် မောင် ကြိုးစားပြုပြင်မယ်''

''အချစ်ဆိုတာ ဖန်တီးလုပ်ယူလို့ရတာမျိုး မဟုတ်ဘူး ဇေ၊ မင်း နားလည်အောင် သွန်း ဘယ်လိုရှင်းပြရမလဲ''

''ဘာမှ ရှင်းပြမနေနဲ့ သွန်း၊ အဲဒါတွေ မောင် စိတ်မဝင်စားဘူး၊ မောင် စိတ်ဝင်စားတာ တစ်ခုတည်း၊ အဲဒါက သွန်း မောင့်ကို ချစ်လာဖို့ပဲ''

တဇွတ်ထိုးသမားကတော့ သူ ဖြစ်ချင်တာကိုပဲ ဇွတ်ထိုး ပြောနေသည်။ သွန်း သူနှင့် ဆက်ပြောနေလျှင်လည်း သူ့ကို နိုင်အောင် ပြောနိုင်မည် မဟုတ်။ ထို့ကြောင့် စကားလမ်းကြောင်း ပြောင်းရန် ကြိုးစားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘွားတို့ နေကောင်းရဲ့လား"

"ဘွားတို့မိသားစုအားလုံး နေကောင်းတယ်၊ သွန်းကိုလည်း သတိရနေကြတယ်၊ သစ္စာမြိုင်မှာဆိုရင်လည်း ဖေဖေလည်း နေကောင်းသွားပြီ၊ မေမေလည်း နေကောင်းတယ်၊ ချစ်သူပြန်သွားလို့ လွမ်း... လွမ်းနာကျပြီး ရင်ကွဲကျန်ခဲ့တဲ့သူဆိုလို့ ဟောဒီက မောင်တစ်ယောက် တည်း"

"ကဲ... ဘာမေးချင်သေးလဲ၊ ဘာသိချင်သေးလဲ"

ဧကေ သွန်း စကားလမ်းကြောင်း ပြောင်းချင်နေတာကို ကြို... သိထားပုံနှင့် အားလုံးပြောပြလိုက်၍ သွန်းမှာ ဘာမှဆက်မပြောနိုင်... ဖြစ်သွား၏။

"သွန်းကို မောင် သိပ်ချစ်တာကိုတော့ သွန်း မသိချင်... မရဘူးနော်၊ မောင်က သွန်းရဲ့ ချစ်အဖြေကို မရမချင်း ပြောနေမှာ... သွန်းကို မောင်ချစ်တယ်"

"ဘာလို့ ဒီလောက် အော်နေရတာလဲ ဧေ၊ သွန်း... နားမ... သေးဘူး သိလား"

စကားအကောင်းပြောနေရာမှ အသံကျယ်ကြီးနှင့် ထအော်...





...ဖြင့် ဘေးပတ်ဝန်းကျင်မှ ကားများက လှည့်ကြည့်သွားကြသည်။ ...စိတ်နှင့်အတူ ဒေါပွနေသည့် သွန်းမျက်နှာလေးကို ဧကေ စိုက် ကြည့်ရင်း ခပ်သဲ့သဲ့ရယ်သည်။ သွန်း သူ့ကို ကားပေါ်က တွန်းချ ...ချင်လာသည်။

"မသိပါဘူးဗျာ၊ တချို့က စကားပြောနေရင်း နားလေးသွား ...လိုလို၊ မကြားသလိုလို လုပ်တတ်လွန်းလို့၊ သွန်းများ နားလေး ...သွားပြီလားလို့ တမင် အော်ကြည့်တာ၊ ကဲ... မောင် မေးတာကို ...ဖြေ၊ သွန်း မောင့်ကို ဘယ်တော့ ချစ်မှာလဲ၊ မချစ်ဘူးလို့ မဖြေရဘူး ...နော်၊ သွန်း မောင့်ကို ချစ်လာမယ့်အချိန်ကို မေးနေတာ"

သြော်ကွယ် ဒုက္ခပါပဲလား။

သူက သွန်း သူ့ကို ဖြေမည့်အဖြေကို ကြိုတင်သိထားပြီးသားမို့ သွန်း မလှုပ်နိုင်အောင် ချည်ပြီးတုပ်ပြီးသား မေးနေသည်။ တကယ့် ...လေးဆိုးကြီးတစ်ယောက်လိုပုံစံမျိုးနဲ့ စိတ်ညစ်ပြီး ငိုချင်နေသည့် ...ကြားမှ သွန်း ပြုံးချင်လာသည်။

"သွန်း အနားယူချင်နေပြီ ဧေ၊ မင်းကို ဘယ်နေရာ ပို့ပေး ...ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက သွန်းမျက်နှာလေးကို တစ်ချက်စိုက်ကြည့်သည်။

"မနက်ဖြန် သွန်းနဲ့ တွေ့ချင်တယ်၊ မအားဘူးလို့ မပြောနဲ့ မနက်ဖြန် သွန်း နားရက်မှန်း မောင် သိတယ်"

သွန်း ရင်မောသွားသည်။

မနက်ဖြန် ကိုနဲ့ ရုံးအားရက် အတူလျှောက်လည်ဖို့ စီစဉ်ထားသည်။ အခုပုံစံအတိုင်းဆို ကိုနှင့်သွန်း အတူလျှောက်လည်ဖို့ ဆိုတာ ဇေ့ကြောင့် ပျက်ရတော့မည် ထင်သည်။

"သွန်းအိမ်ကို မောင် လာခဲ့ရမလား"

"အို… သွန်းတစ်ယောက်တည်းနေတာ မလာခဲ့ပါနဲ့"

"ဒါဖြင့် ပြောလေ၊ သွန်းနဲ့ ဘယ်နေရာမှာ တွေ့ရမှာလဲ"

"ဘယ်နေရာမှ မတွေ့ချင်ဘူး"

"အခုလိုပဲ ကားလျှောက်မောင်းရင်း ကားပေါ်မှာ စကားပြောကြမလား"

ဇေက သွန်းစကားကို ဂရုမစိုက် ဆက်ပြောသည်။

ဇေ ပြောတာကို သွန်း လက်ခံလိုက်လျှင် သောသောညံ ပြဿနာအေးသွားမှာမို့ သွန်း ခေါင်းညိတ်လိုက်သည်။





"ရွှေနားမှာ ကားရပ်လိုက်တော့၊ မနက်ဖြန် ကိုးနာရီတိတိ သွန်းတို့လမ်းထိပ်က စောင့်နေမယ်"

သူပြောသလို ကားကို ရပ်ပေးလျှင် ကားပေါ်မှဆင်း၍ ဇေ့နှုတ်ဆက်ရစ်ခဲ့သည်။ နောက်ကြည့်မှန်မှတစ်ဆင့် သွန်းကားလေးကို သူ ငေးကြည့်နေတာကို သွန်း မြင်နေရသည့်အခါ ရင်ထဲမှာ မောလျသွားသည်။ ညဘက်ကျမှ ကိုယ့်ဆီကို ဖုန်းဆက်လိုက်သည်။

"ကိုလား… သွန်းပါ"

"ပြော… သွန်း၊ ကို နားထောင်နေတယ်"

ကိုက ပြောဆိုပေမယ့် သွန်း ဘယ်ကစပြောရမှန်းမသိဘဲ ဖြစ်နေ၏။ ဇေ့ကိစ္စ ကိုယ့်ကို သွန်း ဖွင့်ပြောရန် သင့်မသင့် စဉ်းစားရင်း ငြိမ်သက်နေမိသည်။ တော်ပါပြီလေ။ ဇေ သွန်းကို ချစ်နေတဲ့အကြောင်း ကိုယ့်ကို သွန်း ဖွင့်မပြောတော့ပါဘူး။

"ကို"

"ဗျာ"

"ဟိုလေ… မနက်ဖြန် သွန်း မအားဘူးဖြစ်နေတယ်၊ အဲဒါ နောက်တစ်ပတ်မှပဲ ကိုနဲ့အတူ လျှောက်လည်ကြမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သွန်း သဘောပါ၊ သွန်းမှ မအားတာ၊ ကိုက နားလည်ပေး

မှာပေါ့"

"သွန်းကို ကို ချစ်တယ်"

"သွန်းလည်း ကိုယ့်လိုပါပဲ ကိုရယ်"

"ကိုယ့်ကို သွန်း ချစ်တယ်"

ကိုနှင့်သွန်း အတော်ညဉ့်နက်အထိ စကားပြောနေပြီးမှ ဖုန်း လိုက်သည်။ မျက်ဝန်းကိုမှိတ်ပြီး အိပ်စက်အနားယူလိုက်ချိန်မှာ ပုံရိပ်က သွန်းမျက်ဝန်းထဲမှာ သူ့အလိုလို ပေါ်လာ၏။ သူ့ကြောင့် သွန်း စိတ်ညစ်ရသည်က အခါခါ။ သွန်းမှာ ချစ်သူရှိပါတယ်ဆိုတာ လည်း မယုံ။

သွန်းက သူ့ကို မချစ်ပါဘူးဆိုတော့လည်း ခါးခါးသီးသီး ခက်ပဲခက်ရချည်ရဲ့ကွယ်။ သွန်း သည်တစ်ခါတော့ ပြတ်ပြတ်သားသား ပြောမည်ဟု ဆုံးဖြတ်ချက်ချပြီး နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။

■



## အခန်း (၁၀)

အိပ်ရာထက်မှာ ဟိုသည်လူးလိမ့်ရင်း အိပ်မပျော်နိုင်သည့်သူက ဇေ။ သူ့မျက်ဝန်းထဲမှာ သိပ်လှသည့် သွန်း၏ ပုံရိပ်တွေကသာ စိုးမိုးနေရာယူထားသည်။ မတွေ့ရသည့်ရက်တွေမှာ သွန်း သိပ်ပြီးလှနေသည်။ သိပ်လှသည့် သွန်းမှာ ချစ်သူရှိနေတယ်ဆိုတာ အမှန်တကယ်လည်း ဖြစ်နိုင်သည်။ သူကိုယ်တိုင် သွန်းကို သိပ်ချစ်နေခဲ့လျှင် သူ့လိုပဲ သိပ်လှသည့် သွန်းကို တခြားတစ်ယောက်ကလည်း အသည်းအသန် ချစ်နိုင်ခွင့်ရှိပါသည်။ ဒါမှမဟုတ် သူ့ကို သွန်း တမင်အရွဲ့တိုက်ပြီး ပြောတာလည်း ဖြစ်မည်။

ဘာပဲဖြစ်ဖြစ် သွန်းကို သူ အမြန်ဆုံး ပိုင်ဆိုင်ခွင့်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားမှုဖြစ်မည်။ သူ နောက်ကျလို့ကတော့ သွန်းက သူများလက်ထဲ ပါသွားမှာ သေချာသည်။

သိပ်ချစ်တယ် သွန်းရယ်။

မောင့်ကို ပြန်ချစ်လိုက်စမ်းပါဗျာ။

သွန်းအကြောင်းတွေးရင်း ညဦးနက်မှ အိပ်ပျော်သွားသော်လည်း သူ နံနက်ခင်းအစောကြီး အိပ်ရာမှ နိုးနေသည်။ အချစ်စိတ်ဖြင့် တက်ကြွ လှုပ်ရှားကာ သွန်းတို့လမ်းထိပ်မှာ အစောကြီး ကြိုရောက်နေသည်။ နံနက် ကိုးနာရီထိုးသည်နှင့် သွန်းကလေးကို တွေ့လိုက်ရသည့်အတွက် သူ ကျေနပ်စွာ ပြုံးလိုက်သည်။

သည်လိုဆိုပြန်တော့လည်း သွန်းက ချစ်စရာကောင်းနေပြန်သည်။ ပြောသည့်အတိုင်း အချိန်အတိအကျရောက်လာပေမယ့် သွန်းက သူ့ကို ချစ်လို့တော့ ဟုတ်ဟန်မတူပါ။ သူ့အနားမှာ ကားကို ထိုးရပ်လိုက်ပေမယ့် သူမမျက်နှာက တည်တည်လေးမို့ သူ့ကို ချစ်လို့ထက် သူ ဖွတ်တုရွတ်လုပ်တတ်သည့်အကျင့်ကို ကြောက်လို့ဆိုတာ ပို၍ သေချာသွားသည်။ ဇေ ကားပေါ်တက်လိုက်သည်။

"ကားကို မောင်ပဲ မောင်းမယ်"





ဇေ့စကားကြောင့် သွန်းက မျက်စောင်းတစ်ချက်ထိုးပြီး ကြည့်သည်။ ပြီးတော့ မကျေမနပ်ပုံစံလေးနှင့် တစ်ဖက်သို့ ရွှေ့သွားသည်။ ဇေ ကားလေးကို နေရာမှ မောင်းထွက်ခဲ့၏။

"မိန်းကလေးမောင်းတဲ့ကားကို မောင် မနေ့က တစ်ခါပဲ စီးဖူးသေးတယ်၊ ဒါတောင် ကိုယ့်ချစ်သူမောင်းတဲ့ကားမို့ မတတ်သာလို့ စီးရတာ၊ ဖြစ်နိုင်ရင် ဘယ်မိန်းကလေး မောင်းတဲ့ကားကိုမှ စီးချင်တာ မဟုတ်ဘူး"

"အမယ်လေး… ကြီးကျယ်လိုက်တာ"

"ကြီးကျယ်နေတာ မဟုတ်ဘူး၊ တကယ် ပြောတာ၊ မောင်က ယောကျ်ားလေး၊ မိန်းမသူမဟုတ်ဘူး၊ ဦးဆောင်သူဘဝမှာ မောင့်ချစ်သူကို မောင်ကပဲ ထာဝရ လက်တွဲဦးဆောင်ခေါ်ယူသွားမှာ၊ သွန်းက မောင့် လက်ကို တွဲပြီးလိုက်ခဲ့ပေါ့"

"စိတ်ကူးကလည်း ယဉ်လိုက်တာ"

"စိတ်ကူးယဉ်နေမှဖြင့် သွန်းရှေ့တည့်တည့်ကိုတောင် မောင် ရောက်လာမှာ မဟုတ်တော့ဘူး၊ မောင်က လက်တွေ့သမား၊ အရာရာကို လက်တွေ့ကျကျပဲ စဉ်းစားဆုံးဖြတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်လည်း ဆုံးဖြတ်တော့လေ"

"ဘာကိုလဲ"

"သွန်းမှာ ချစ်သူရှိနေပြီဆိုတော့ မင်း ဘာဆက်လုပ်မလဲ"

"သွန်းချစ်သူနဲ့ မောင့်ကို မိတ်ဆက်ပေး"

"တကယ်လား"

"တကယ်ပေါ့"

"သွန်းချစ်သူနဲ့တွေ့ပြီးရင် ဇေက နောက်ဆုတ်ပေးမယ်၊ ဒီလိုလား"

သွန်းက သူ့ကို အားတက်သရောလေးမေးတော့ ဇေ့မျက်နှာချောချောမှာ အပြုံးသဲ့သဲ့ ပေါ်လာသည်။ သိပ်အတဲ့ ကလေးပဲ။ ဇေ့အချစ်ဆိုတာက ရယူပိုင်ဆိုင်ခွင့်ရမှ အချစ်လို့ ယုံကြည်ထားတာ သွန်းမသိသေးဘူးထင်ပါရဲ့။ သွန်းမှာ ချစ်သူရှိနေလို့ ဇေက ကျေကျေနပ်နပ်နောက်ဆုတ်သွားမည်လို့ ထင်မြင်ယူဆနေပုံရသည်။

"သွန်းကို မောင် အဲဒီလိုမျိုး တစ်ခါမှ မပြောဘူးသေးဘူးနော်"

"ဟင်… ဒါဆို မင်းက သွန်းချစ်သူကို တွေ့ပြီး ဘာလုပ်မလို့လဲ"





"ကျွန်တော်ကလည်း ခင်ဗျားကိုပဲ သွန်းကို သိပ်ချစ်နေတဲ့သူပဲလို့ ပြောမှာပေါ့၊ အနည်းဆုံးတော့ သူနဲ့မောင် လက်သီးချင်းယှဉ်ထိုးကြရလိမ့်မယ်"

"အို… အဓိပ္ပာယ်မရှိတာတွေ"

"အဓိပ္ပာယ်ရှိစေချင်ရင် သွန်း မောင့်ကိုချစ်ပါလား"

"သွန်းမှာ ချစ်သူရှိတယ်လို့ ပြောပြီးပြီပဲ"

သည်တစ်ခါ ငြိမ်သွားရသူက ဇေ။ သွန်းမျက်နှာလှလှလေးကို တွေတွေကြီး တစ်ချက်စိုက်ကြည့်ပြီး ရင်ထဲမှာ ပူလောင်သွားသည်။

သေချာပါပြီ။ ဒါ သွန်း လိမ်ညာနေတာ မဟုတ်နိုင်တော့။ သွန်းမျက်နှာလေးက စိတ်ရှုပ်ထွေးနေတာကို သူမြင်တွေ့နေရသည်။ သွန်းမှာ သူ မဟုတ်တဲ့ တခြားသူတစ်ယောက်ကို ချစ်သူအဖြစ် ရွေးချယ်ထားပြီပြီ။ ဒါကြောင့် သူ့အပေါ်မှာ သွန်း သည်လောက်ကြီး တင်းမာပြတ်သားပြနေတာကိုး။ သူ့မှာတော့ သွန်းကို ချစ်လိုက်ရတာ။ သွန်းကတော့ သူ့အချစ်ကို နည်းနည်းလေးမှပင် ဂရုမစိုက်။ အသိအမှတ်ပြုပေးဖော်မရ။ သူ့ရင်ထဲမှာ မခံချင်စိတ်နှင့်အတူ ဝမ်းနည်းထိနိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ခင်ဗျားချစ်သူဆိုတဲ့ကောင်က ဘယ်သူလဲ"

အေးစက်စွာ သူ မေးလိုက်လျှင် သွန်းက သူ့ကို ထိတ်လန့်သလို ကြည့်၏။

"မင်း သူ့ကို ဘာလုပ်မလို့လဲ"

"သတ်မလို့"

"ဟင်…"

ဖေ အံကြိတ်လျက် တိုးတိတ်စွာ ဖြေလိုက်သည့်အခါ သွန်း မျက်နှာလေး သိသာစွာ ဖြူဖွေးသွားသည်။ ကားကို ကန်တော်ကြီးစောင်း တစ်နေရာတွင် ထိုးရပ်ပစ်လိုက်တော့ သွန်းက ဖေ့ကို မျက်ဝန်းပြာကြီးတွေနှင့် တစ်ချက်မော့ကြည့်သည်။

"မောင် ရန်ကုန်ကို ဘာကိစ္စနဲ့ လာတာလဲဆိုတာ သွန်း မမေးတော့ဘူးလား"

"ဘာကိစ္စနဲ့ လာတာလဲဟင်"

သွန်းအသံက အိပ်မက်ထဲက လမ်းလျှောက်နေသူလို ဖြစ်နေ၏။

"မောင် ဒီကို လိုက်လာတာ သွန်းကို လက်ထပ်ဖို့"

"မင်း ဘာပြောလိုက်တယ်"





သွန်းအသံက အလန့်တကြား။

"သွန်းကို မောင် သိပ်ချစ်လို့ သွန်းကို မောင်လက်ထပ်မယ်"

"အို… အဲဒါတွေက မင်းဆန္ဒတွေပဲ၊ သွန်းဆန္ဒ တစ်ခုမှမပါဘူး"

သွန်းပုံစံ အေးစက်စက်ကလေးကြောင့် သူ့ရင်မှာ နာကျင်သွားသည်။

"သွန်းက မောင့်ကို မချစ်ဘူးပေါ့"

ကြေကွဲစွာ သူ မေးလိုက်သည်။

"မင်းကို သွန်း ပြောပြီးပြီပဲ ဖေ၊ ချစ်သူတစ်ယောက်လို မချစ်နိုင်တာကလွဲရင်…"

"တော်စမ်းပါဗျာ"

"ကမ္ဘာပေါ်မှာ မောင် မကြားချင်ဆုံးစကားက အဲဒီအဖြေပဲ"

"သွန်း မောင့်ကို ချစ်ရမယ်"

သွန်းကိုယ်လေးကို သူ တင်းကျပ်စွာ ပွေ့ဖက်လိုက်သည်။

"အို… လွှတ်စမ်း ဖေ၊ အချစ်ကို ဖွတ်အတင်း တောင်းဆိုလို့ မရဘူးကွ၊ နားလည်လား၊ မင်းကို ငါ မချစ်ဘူး"

"သွန်း မောင့်ကို ချစ်ရမယ်၊ သိပ်ချစ်တယ်… သိပ်ချစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



သွန်းရယ်''

''အို... အို''

ရင်ခွင်ထဲမှာ သွန်းကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်ထားရင်း သွန်းမျက်နှာကို နူးညံ့သိမ်မွေ့သော ချစ်ခြင်းများစွာ ပျော်ဝင်နေသည့် မျက်လုံးများဖြင့် ငုံ့မိုးစိုက်ကြည့်လိုက်သည်။

''သိပ်ချစ်တယ် သွန်းရယ်၊ သိပ်ချစ်တဲ့သွန်းကို မောင် အဆုံးရှုံး မခံပါရစေနဲ့ဗျာ''

''သွန်းကို ခွင့်လွှတ်ပါ ဖေ၊ သွန်း... သွန်းရဲ့ချစ်သူကို ချစ်တယ်''

သွန်းအသံတိုးတိုးလေးက သူ့နားထဲမှာ ကျယ်လောင်စွာ ပေါက်ကွဲသွားသည်။ သူ့နှလုံးသားကို အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားစေ၏။ သူ သွန်းမျက်နှာလေးကို ကြေကွဲစွာ စူးစိုက်ကြည့်ရင်း သွန်းကိုယ်လေးအနှံ့ နောက်တစ်ကြိမ် ရွတ်အတင်း ပွေ့ဖက်နမ်းရှိုက် ပစ်လိုက်သည်။

သူ ဆုံးဖြတ်ချက်ချလိုက်သည်။ သွန်းကို သူ ပြန်းခနဲ လွှတ်ပေးလိုက်ပြီး ကားကို ခပ်ကြမ်းကြမ်း မောင်းထွက်ခဲ့သည်။ သည်လို





တော့တ်လျှင် သွန်းကို သူလက်လွှတ်ဆုံးရှုံးရတော့မည်။

''ဒါက ဘယ်ကို သွားမလို့လဲ ဖေ''

သွန်းမေးတာကို သူမဖြေ။ ကားကို ပို၍ အရှိန်မြှင့်ပစ်သည်။ အားတွေ တစ်စီးပြီးတစ်စီး ကျော်တက်နေသဖြင့် ဘရိတ်ဖမ်းသံတွေက ဆူညံစွာ ကျန်ရစ်ခဲ့သည်။

''ကားကို အခုရပ်လိုက်စမ်း ဖေ၊ ဒီလို မောင်းနေတာ သေကုန် ဘိမ့်မယ်၊ နားလည်လား''

''သိပ်နားလည်တာပေါ့၊ သေလည်း အေးတာပဲ၊ နှစ်လောင်းပြိုင် ပေါ့၊ ခင်ဗျားကို ကျုပ် ချစ်တယ်၊ အဲဒါကြောင့် ခင်ဗျားကို လက်လွှတ် ဆုံးရှုံးရမှာစိုးလို့ အခု ခိုးပြေးနေတာ''

''ဟင်''

သွန်း မျက်လုံးပြူးလေးနှင့် သူ့ကို ထိတ်လန့်တုန်လှုပ်စွာ မော့ကြည့်သည်။

''မင်း ထင်ရာတွေ လျှောက်လုပ်မနေနဲ့နော်၊ သွန်း အော် လိုက်မယ်... သိလား''

''အော်လိုက်လေ၊ ရှေ့ကလာတဲ့ကားနဲ့ ဝင်အောင်းလိုက်ရုံပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာ ကြာတယ်''

''အို… မလုပ်နဲ့၊ မလုပ်နဲ့ ဖေ၊ မင်း အလကားလူသိလား''

''သွန်းကို သိပ်ချစ်တာတော့ သိမှာပေါ့''

''မင်းကို ငါ မုန်းတယ်''

''မုန်း… ကြိုက်သလောက် မုန်း၊ သွန်းကို ချစ်နေရရင် မောင် ကျေနပ်ပြီ''

''ကားကို အခုရပ်စမ်း''

''မရပ်ဘူး''

''မင်းရူးနေပြီလား ဖေ''

''ဟုတ်တယ်၊ ရူးနေပြီ၊ အဲဒါ ခင်ဗျားကို ချစ်လို့ရူးတဲ့ အချစ်ရူး''

''သွန်းကို အိမ်ပြန်ပို့ပါ ဖေရယ်၊ သွန်း တောင်းပန်ပါတယ်''

''သွန်း မောင့်ကို အခုချက်ချင်း လက်ထပ်ပါ့မယ်လို့ ကတိ ပေးမလား''

''အို… အဲဒါကတော့''

သွန်းအသံလေး တိတ်သွားပြီး ငြိမ်သက်သွားလျှင် သူ ပြုံးသည်။





''သွန်း မောင့်ကို ဘာမှ ပြောမနေနဲ့တော့၊ သွန်းကို မောင် သိပ်ချစ်တယ်၊ မခွဲနိုင်ဘူး ပြန်လည်း မပို့နိုင်ဘူး''

သူ စကားဆုံးလျှင် သွန်း တသိမ့်သိမ့် ငိုရှိုက်လိုက်သည်။ ကားက မင်္ဂလာဒုံကို ကျော်လာသည်။ ကားကို ခြံဝန်းကျယ်ကြီးတစ်ခု ထဲကို မောင်းဝင်လိုက်သည်။ တစ်ထပ်တိုက်ပုလေးရှေ့မှာ ကာကို ရပ်လိုက်သည်။

''ဟာ… ဖေ… မင်း''

အိမ်ထဲမှ သူနှင့်ရွယ်တူ လူရွယ်တစ်ယောက် ထွက်လာပြီး သွန်းနှင့် ဖေ့ကိုကြည့်ကာ စကားတစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။

''ငါ မိန်းမခိုးလာတာ မင်းခန့်၊ အားလုံး အဆင်ပြေအောင် စီစဉ်ပေး၊ ရော့… ဒီမှာ ကားသော့၊ ဒီကားကို တစ်နေရာမှာ သိမ်းလိုက်တော့''

''အိုကေ''

သူပစ်ပေးလိုက်သည့် ကားသော့ကို လူငယ်လေးက ကျွမ်း ကျင်စွာ ဖမ်းယူလိုက်၏။

''ဆင်းလေ… သွန်း''



www.burmeseclassic.com

www.burmeseclassic.com



သွန်းက မဆင်းဘဲ ကားပေါ်မှာ ပေကပ်ထိုင်နေတော့ ရှ
သူငယ်ချင်း မင်းခန့်ကို အကူအညီတောင်းရန် သွန်းဆုံးဖြတ်ချ
ချလိုက်သည်။

"ဒီမှာ… ဒီမှာ… မင်းခန့်၊ သွန်းကို ကူညီပါ"

"ဘာလိုချင်လို့လဲ သွန်း၊ မောင်တို့ လိုအပ်တာအားလုံး မင်းခန့်
လုပ်ပေးလိမ့်မယ်"

"ငါ အပြင်ခဏသွားမယ် ဖေ"

"အိုခေ"

မင်းခန့်က သွန်းတို့နားက ရှောင်ထွက်သွားသည်။

"သွန်း"

"ကားပေါ်က ဆင်းလေ"

"မဆင်းဘူး"

"ကိုယ့်ဘာသာ မဆင်းချင်ရင် မောင်က ပွေ့ခေါ်မှာနော်"

ဖေ ဘာပြောပြော သွန်းက နေရာမှမရွေ့။ သူ အသည်းယားလာ
သည်။ ထို့ကြောင့် သွန်းကိုယ်လေးကို ကားထဲမှ ဖျတ်ခနဲ မယူပွေ့
ချီလိုက်သည်။





"အို… ဒါ ဘာလုပ်တာလဲ၊ လွှတ်… လွှတ်၊ သွန်းကို
အိမ်ပြန်ပို့ပေး… လွှတ်"

သွန်း ဘာတွေ ဘယ်လိုပြောပြော ဖေက နည်းနည်းလေးမှ
ဂရုမစိုက်။ သွန်းကိုယ်လေးကို ဧည့်ခန်းမှာ ညင်သာစွာ ချပေးလိုက်ပြီး
အိမ်တံခါးတွေ အကုန်ပိတ်ပစ်လိုက်သည်။

သော့တွေအားလုံး ဖေ့လက်ထဲမှာမို့ သူ့လက်ထဲက ဘယ်လိုမှ
လွှတ်နိုင်တော့မှာမဟုတ်မှန်း သွန်း သိလိုက်ပါပြီ။ သွန်း ဝမ်းနည်းအားငယ်စွာ
ဘာသိမ့်သိမ့် ငိုချလိုက်သည်။ ကိုရယ်… သွန်းအဖြစ်ကို မြင်လှည့်
မေးပါတော့။

"သွန်း"

"မခေါ်နဲ့၊ မင်းအသံကို ငါ မကြားချင်ဘူး"

သူက သွန်းကို အကြာကြီး ငေးကြည့်နေသည်။ ဖေ့မျက်နှာတွင်
သွန်းကို ပိုင်ဆိုင်ခွင့်ရပြီမို့ အကျေနပ်ကြီး ကျေနပ်လျက်ရှိကြောင်း
သက်သေခံနေသည်။ ဖေက သွန်းအနားကို မလာတော့ဘဲ သူ့
သူငယ်ချင်း မင်းခန့်ဆိုသည့်တစ်ယောက်နှင့် အလုပ်တွေရှုပ်ကာ တိုးတိုး
တိုးတိုးနှင့် ဘာတွေ တိုင်ပင်နေကြသည်မသိ။ အချိန်တွေ တရွေ့ရွေ့



www.burmeseclassic.com

www.burmeseclassic.com



ကုန်လာသည်။ သွန်းမှာလည်း ငိုရလွန်းလို့ မောနေပါပြီ။

"သွန်း မနက်ကတည်းက ဘာမှ မစားရသေးဘူး မဟုတ်လား ဆာနေမှာပေါ့ တစ်ခုခုစားဦးနော်"

"မစားဘူး၊ သွန်းကို အိမ်ပြန်ပို့ပေးပါ ဖေ၊ သွန်း အိမ်ပြန် ပါရစေ"

"အိမ်ကို ပြန်ပို့ကလွဲရင် ကျန်တာအားလုံး သွန်းသဘောအတိုင်း ဖြစ်စေရမယ်"

"ဟင်… မင်း… မင်း သိပ်ရက်စက်တယ် သိလား၊ သွန်းမှာ ချစ်သူရှိပါတယ်လို့ မင်းကို ဘယ်နှခါ ပြောရမလဲ၊ မင်း ငါ့ကို အခုလို ဖွတ်အတင်းခိုင်းလာလို့ရော မင်းကို ချစ်မယ် ထင်လို့လား"

"မောင့်ကို သွန်း မချစ်ဘူးလို့ ပြောမလို့ မဟုတ်လား"

"ဟုတ်တယ်… ဟုတ်တယ်၊ မင်းကို ငါ ဘယ်တော့မှ မချစ်ဘူး"

သွန်းအနားသို့ သူပြုံးခနဲ ရောက်လာပြီး ပခုံးနှစ်ဖက်ကို သူ၏ သန်မာသော လက်များနှင့် တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

"လွှတ်စမ်း၊ မင်း ငါ့ကို လွှတ်"





သွန်း သူ့ကို ထုရိုက်ကုတ်ဖဲ့သည်။ သူက သွန်းကို မလွှတ်ဘဲ သွန်းမျက်နှာလေးကို စူးစူးရှရှ နက်ရှိုင်းစွာ ငေးကြည့်နေ၏။ ထို့နောက် အေးစက်စွာ တစ်လုံးချင်း ပြောလိုက်သည်။

"မောင့်လောက် သွန်းကို ဘယ်သူမှ မချစ်နိုင်ဘူး သိလား၊ သွန်းကို မောင်ချစ်တယ်… သိပ်ချစ်တယ်"

ရုတ်တရက် သွန်းကိုယ်လေးကို ပွေ့ချီလိုက်လျှင် သွန်းနှလုံးသား တစ်ခုလုံး အေးစက်ထုံကျင်သွားသည်။ သွန်းက သူ့ကို စကားလုံး ရှာကြီးကြီးများနှင့် ပစ်ပေါက်ပါသော်လည်း သူက ခွံ့အနားမကြား သူတစ်ယောက်လို သွန်းထံမှ အချစ်ကို ရယူရန် ကြိုးစားသည်။ အိပ်ရာထက်တွင် သူနှင့်သွန်း အပြန်အလှန် ရုန်းထွေးရင်း သူ၏ ကြမ်းတမ်းသော အနမ်းများကြားတွင် သွန်းကိုယ်လုံး နစ်မြုပ်သွားသည်။ သွန်းသည် အဆုံးမရှိသော ချောက်ကမ်းပါးအတွင်းသို့ အရှိန်ပြင်းစွာ ထိုးကျသွားသည်။ သို့သော် သွန်းကို ကူညီကယ်ဆယ်မည့်သူ မည်သူ တစ်ဦးတစ်ယောက်မှ ရှိမနေခဲ့ချေ။

သွန်း ကိုယ့်အဖြစ်ကိုယ် ဝမ်းနည်းကြေကွဲစွာ တသိမ့်သိမ့် ငိုရှိုက် သည်။ မျက်ရည်တွေက သွန်းအတွက် မကုန်ဆုံးနိုင်တော့ဟု ထင်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက သွန်း၏ဘေးတွင် အလိုရှိရာကို ပိုင်ဆိုင်ခွင့်ရသွားသည့် ကလေးငယ်တစ်ယောက်၏ ကျေနပ်မှုမျိုးဖြင့် နစ်မြုပ်စွာ အိပ်ပျော်ရေ သည်။

ချောမောလွန်းသော ထိုယောက်ျားသည် သွန်း၏ ဘဝကို သွန်း၏ အလိုဆန္ဒတစ်စက်ကလေးမှမပါဝင်ဘဲ သူ၏ ဆန္ဒတစ်ခုတည်း ဖြင့် ရယူပိုင်ဆိုင်သွားခဲ့သည်။

ကိုရယ်…။

သွန်းချစ်သူကို တမ်းတပြီး ငိုရှိုက်သည်။ ကိုယ့်ဆန္ဒအတိုင်း သွန်း လိုက်လျောခဲ့လျှင် ကိုယ်နှင့်သွန်းသည် လက်ထပ်ပြီးလောက်ပေပြီ သည်လို အချစ်လူဆိုးတစ်ယောက်၏ လက်ထဲကို သွန်းရဲ့ ဖြူစင် သန့်ရှင်းသည့် ဘဝလေး ကျရောက်သွားစရာ အကြောင်းမရှိ။

"တိတ်ပါ အချစ်ရယ်၊ ငိုရလွန်းလို့ သွန်း ခေါင်းတွေသိပ်ကိုက် နေမယ်နော်၊ တိတ်တော့နော်"

သူက သွန်း ငိုရှိုက်သံကြောင့် နိုးလာဟန်ဖြင့် သွန်းကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်ရင်း ပါးပြင်ပေါ်မှ မျက်ရည်များကို သူ၏ လက်ချောင်းများနှင့် ညင်သာစွာ သုတ်ပေးရင်း ချော့သည်။





"ဖယ်… လွှတ်၊ သွန်းကို မထိနဲ့၊ သေသွားလည်း အေး တာပဲ"

သွန်းက သူ့လက်များကို ပုတ်ထုတ်ဖယ်ရှားရင်း ပြောပေမယ့် သူက လွှတ်မပေးသည့်အပြင် ပို၍ပင် တင်းကျပ်စွာ ပွေ့ဖက်ရင်း သွန်းမျက်နှာလေးအနံ့ကို ဇွတ်အတင်းနမ်းရှိုက်ဖို့ ကြိုးစားပြန်သည်။ သွန်း မျက်နှာလှလှလေးကို ဘယ်ညာခါယမ်းပစ်လိုက်သည်။ သူက သွန်းလက်မောင်းနှင့် ပခုံးလေးများကို ညင်သာစွာ ရှိုက်နမ်းရင်း ခပ်တိုးတိုးရယ်သည်။

"သွန်း… မောင့်ကို စိတ်ဆိုးနေတာလား"

အမယ်လေး… သူမို့ ဒီလိုမျိုး မေးရဲသေးသည်။ သွန်းမှာ သူ့ကို ဒေါသဖြစ်ရလွန်းလို့ ကိုယ့်ကိုယ်ကိုပင် ထိုဒေါသနှင့် ပြာကျ သွားတော့မလား ထင်ရသည့်အနေအထားမှာ သူက သွန်းကိုများ စိတ်ဆိုးနေသလားလို့ မေးနေသေးသည်။

"စိတ်ဆိုးနေတာ မဟုတ်ဘူး၊ မင်းကို သတ်ပစ်ချင်နေတာ"

သွန်းအသံက ဒေါသနှင့် ကျိတ်ဆတ်တုန်ခါနေသည်။ သူက သွန်းမျက်နှာလှလှလေးကို မရယ်မပြုံးနှင့် အပေါ်စီးမှ ငုံ့မိုးစိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကဲ… ဒါဖြင့် သွန်းဆန္ဒအတိုင်း မောင့်ကို အသေသတ်၊ သွန်းက လူသတ်ရဲလို့လား"

"သတ်ရဲတယ်… သတ်ရဲတယ်၊ ကဲ… ကဲ… ကဲ"

သွန်းတစ်ကိုယ်လုံး ဒေါသနှင့် အမုန်းတရားတို့ ဆူဝေစွာ သူ့တစ်ကိုယ်လုံးကို အားရှိသလောက် ထုရိုက်ကုတ်ဖဲ့နေမိ၏။ သူက သွန်း စိတ်ထင်တိုင်း ဝုန်းဒိုင်းကြဲနေသမျှကို ဘာမှလည်းမပြော။ တားမြစ် ပိတ်ပင်ခြင်းလည်း မရှိ။ သွန်းသဘောအတိုင်း လွှတ်ပေးထားပြီး သူ့ကို သွန်း စိတ်ရှိလက်ရှိ ထုရိုက်ကုတ်ဖဲ့နေတာကိုလည်း ပန်းနှင့် ပေါက်နေသည့်အလား မလှုပ်မယှက် ငြိမ်သက်စွာ ငုံ့ခံနေသည်။

"တော်ပါတော့ အချစ်ရယ်၊ သွန်း သိပ်ပင်ပန်းနေပြီ၊ မောင့်ကို သွန်း ကြိုက်သလို လုပ်နိုင်တယ်၊ မောင် ကျေကျေနပ်နပ် ခံမှာပါ၊ အခုဟာက ကြည့်စမ်းပါဦး၊ သွန်းတစ်ကိုယ်လုံး ချွေးတွေရွဲပြီး မောလည်း မောနေပြီ"

"သေပစေ၊ သေသွားတာမှ ကောင်းဦးမယ်"

မကျေမနပ် ပြန်ပြောရင်း သွန်း ဝမ်းပန်းတနည်း ကြေကွဲစွာ





ငိုချလိုက်သည်။ သွန်း ငိုရှိုက်သံက လှိုက်လှဲတုန်ခါနေ၏။

"မငိုပါနဲ့ သွန်းရယ်၊ သွန်းငိုရင် မောင် မနေတတ်ဘူး"

သူ့အသံက တိုးတိုးညင်ညင်ဖြစ်သော်လည်း သွန်း သူ့မျက်နှာ ချောချောကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ သွန်းအကြည့်က မုန်းတီး နာကျင်မှုဖြင့် စိမ်းလဲ့နေသည်။

"မင်းကို ငါ သိပ်မုန်းတယ် သိလား၊ မုန်းတယ်…"

ပြောရင်း သွန်း ငိုမိပြန်သည်။

သူက သွန်းကို စိတ်ဆင်းရဲစွာ ငေးကြည့်သည်။ သူ ဘယ်လိုပင် ချော့ချော့ သွန်းပုံစံက ပျော့မည့်ပုံမရတော့သဖြင့် သွန်းနှင့်အတူ သူပါ ရောငိုပစ်လိုက်ချင်စိတ် ပေါက်လာသည်။ သူ ဘာပဲပြောပြော၊ ဘာပဲ လုပ်လုပ် သူ့ကို ဒေါသနှင့်အမုန်းတို့ ပူးပေါင်းကာ ခါးသီးနေသော သွန်းက ဘယ်လိုမှ အကောင်းမမြင်။

သွန်းကို သူ သိပ်ချစ်သည်။ သူမြတ်နိုးအပ်သော ထိုမိန်းမအား သူ့ရင်ခွင်မှလွဲ၍ တခြား မည်သူ့ရင်ခွင်ထဲကိုမှ အရောက်မခံနိုင်သည်က သူ့အပြစ်ဖြစ်ကောင်းဖြစ်မည် မှန်သော်လည်း ချစ်သူကို သည်လိုနည်း နှင့်မှ ရယူပိုင်ဆိုင်ခွင့် မကြိုးစားခဲ့လျှင် သွန်းက သူ မဟုတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



တခြားယောကျ်ားတစ်ယောက်နောက်ကို ပါသွားတော့မည်။

အချစ်နဲ့စစ်မှာ မတရားတာ ဘာမှမရှိဟု သူထင်သည်။ ချစ်သူကို ရယူပိုင်ဆိုင်ခွင့်ရဖို့သာ အဓိကလိုရင်းဖြစ်သည်။ အခု စိတ်နှလုံးခင်းရဲ့ရွာ ကျနေသည့် မျက်ရည်များအတွက် နောင်တစ်ချိန်မှာ သူ့ဘက်က ဘာမဆိုပေးဆပ်ဖို့ အသင့်ရှိနေသည်။ ဒါကို သွန်းက နားမလည်။ မြတ်နိုးအပ်စရာ အဖိုးတန်ရတနာတစ်ပါး ပျောက်ဆုံးသွား သော လူတစ်ယောက်လို ကြေကွဲဝမ်းနည်းစွာ ရှိုက်ငိုလို့မဆုံးရှိသည်။ သွန်း ငိုနေတာက အရေးမကြီး။ သူ့မှာ သူမ ငိုသမျှကို အနားက ငုတ်တုတ်ထိုင်ကြည့်ရင်း နှလုံးသားတွေ တဆစ်ဆစ် ကျင်လာသည်။ ငိုရလွန်းသဖြင့် သွန်း သိပ်ပင်ပန်းနွမ်းဖျော့နေတာကိုလည်း သူ သိသည်။

သွန်းကို အမျိုးမျိုး နှစ်သိမ့်ချော့မော့ပါသော်လည်း သွန်းက နားမဝင်။ တစ်ချက် ဂရုစိုက်ဖော်မရ။ ငိုမြဲတိုင်း ငိုနေလျှင် သူ့မှာ သွန်း၏ မျက်ရည်တို့ဖြင့် စိုလူးနေသည့် မျက်နှာလှလှလေးကို ကြည့်ကာ စိတ်အကြီးအကျယ် ဆင်းရဲသည်။ သွန်း၏ ငိုရှိုက်သံက သူ့နားထဲကို သံရည်ပူနှင့် လောင်းထည့်လိုက်သလို ရှိနေသည့်အတွက် သူ သွန်းကို မငိုဖို့ တောင်းပန်မိသည်။ သွန်းက သူ့ကို အရေးပင်မလုပ်။





"သွန်း… မောင် တောင်းပန်နေတာ မရတော့ဘူးလားကွာ"

"မရဘူး၊ ဘယ်တော့မှ မရဘူး၊ ငါ မင်းကို မုန်းတယ်"

ငိုသံဖြင့် သွန်းအသံလေး ခပ်အစ်အစ် မာကျောကျော၊ သူ မကြိုက်သည့်စကားကို သွန်း တမင်ရွေးပြောမှန်း သူသိပါလျက် သွန်းက မချစ်ဘူး တစ်ခါအပြောခံရတိုင်း သူ့နှလုံးသားက ကွဲခတ်ခံရ သူထက်ပင် ဆိုးပါသေးသည်။

"သွန်း မောင့်ကို ဘယ်လောက်မုန်းမုန်း မောင်ကတော့ သွန်းကို… သွန်းကို သိပ်ချစ်တယ်… သိပ်ချစ်တယ်"

"ကဲ… ကဲ… အဲဒါ ချစ်ဦး"

"အချစ်ဦး…"

ထုရိုက်သူကို ရင်ခွင်ထဲ ကျုံးပွေ့ပစ်သည်။ အမုန်းစကားဆိုနေသို့က သူ့ထံမှ အတားအဆီးမဲ့ ပြုဆင်းလာသော ချစ်ခြင်းအောက်မှာ မွှန်းနစ် လျက်။ မည်သည့်စကားမှ ဆိုခွင့်မရအောင် အချစ်လှိုင်းထန်ထန် ကြားမှ မျောပါသွား၏။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

အချိန်တွေသာ လျင်မြန်စွာ ကုန်သွားသည်။ သူ့လက်ထဲက လွတ်မြောက်မှုကို သွန်း ဘယ်လိုမှ ကြိုးစား၍မရဘဲ ဖြစ်နေသည်။ ဖေက အိမ်တံခါးများကို သော့ခတ်ပြီး သိမ်းထားသလို ပြတင်းတံခါးများမှလည်း သံပန်းတံခါးများ သေချာကာရံထားသည့်အတွက် သွန်းတို့ လှောင်ပြောင်သရော်နေသလား ထင်ရသည်။

ထိုရက်များအတွင်း သွန်းနှင့်ဖေ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ရန်ပွဲဆင်ရင်း အချိန်များကို ကုန်လို့ကုန်မှန်းမသိ ဖြတ်ကျော်ခဲ့သည်။ ထိုအတွက် သွန်းမှာ မျက်ရည်ကျပြီး ဝမ်းနည်းစွာ ငိုရှိုက်ရုံမှ တစ်ပါး တခြားဘာမှ မတတ်စွမ်းနိုင်။ သွန်းက သူ့ရင်ခွင်တွင်းမှာ





အားခွန်ရှိသလောက် ရုန်းကန်ထုရိုက် ကုတ်ဖဲ့သော်လည်း နွေးထွေးကျယ်ပြန့်သည့် သူ့ရင်ခွင်အတွင်းမှ မလွတ်မြောက်နိုင်ခဲ့။ သွန်းကို သိပ်ချစ်တယ်ဆိုသည့် စကားများအောက်တွင် သွန်း၏ အမုန်းစကားများက အရာမထင်နိုင်ဘဲ ဖြစ်နေ၏။

အခုချိန်ဆိုလျှင် ကိုနဲ့မေမေတော့ သွန်း ပျောက်သွားလို့ ဘယ်လောက်များ စိတ်သောကတွေ ရောက်နေရှာလိုက်မလဲ။ ကို သိပ်ချစ်တဲ့ သွန်းတစ်ယောက် ဖေဆိုတဲ့ လူဆိုးတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ပိုင်ပိုင်နိုင်နိုင်ကြီး ရောက်နေခဲ့တာ ကို သိနိုင်ပါ့မလားကွယ်။

ကိုရယ်…။

သွန်း ကိုယ့်ကို တမ်းတမ်းတတ ခေါ်မိသည်။ သွန်း အခုမှ ကိုယ့်ကို ကိုချင်းစာနာတတ်လာသည်။ ကိုယ့်စကားကို နားထောင်ခဲ့မိလျှင်ဆိုသည့် အတွေးက နောင်တတရားအဖြစ် ပြောင်းလဲသွားချိန်မှာ အရာရာနှောင်းခဲ့ပြီ။ အခုချိန်ကြမှ ပြန်လည်တမ်းတနေ၍လည်း မရ။ မျက်ရည်သာ သွန်း အဖော်ဖြစ်လာ၏။ သွန်းကို ခွင့်လွှတ်ပါ ကိုရယ်။

သွန်း ငိုနေစဉ်မှာ အခန်းတံခါးပွင့်လာပြီး အခန်းထဲသို့ ဖေ ဝင်လာသည်။ သွန်းငိုနေတာကိုမြင်တော့ သူ့မျက်နှာချောချောမှာ



www.burmeseclassic.com

www.burmeseclassic.com



သိသိသာသာပင် ပျက်သွားသည်။ နေ့နေ့ညည သွန်းမှာ ငိုရလွန်းသဖြင့် မျက်လုံးလေးတွေ နီရဲမို့အစ်ကာ ရောင်ရမ်းနေတာကို မြင်တိုင်း သူနည်းနည်းမှ စိတ်မချမ်းသာနိုင်။ အကြီးအကျယ် စိတ်ဆင်းရဲနေသည့် သူ့ခံစားချက်ကို သွန်း နားလည်နိုင်မှာ မဟုတ်တာ သေချာသည်။

"သွန်း"

သွန်းဘေးမှာ ညင်သာစွာထိုင်ရင်း သွန်းအမည်လေးကို သူ ခေါ်လိုက်သည်။ သွန်းက လုံးဝမထူး။ သွန်း သူ့ကို မုန်းနေတာ သိပေမယ့် သွန်းကို အသက်မက ချစ်နေသည့် သူ့အဖြစ်ကိုလည်း မည်သူမှ ကူညီပေးနိုင်သူ မရှိ။ သွန်းကို ချစ်သည့်စိတ်တစ်ခုတည်းနှင့် ရူးမိုက်ခဲ့တာ မှန်ပေမယ့် ထိုအမှားအတွက် နောင်တမရသူလည်း ဖြစ်သည်။

"သွန်း မေမေ့ဆီကို မောင် ဖုန်းဆက်ထားတယ်"

"ဟင်..."

သွန်း သူ့မျက်နှာကို တအံ့တသြလေး မော့ကြည့်သည်။

"တကယ်ပြောတာလား၊ ဘယ်တုန်းကလဲ"

"မနေ့ညက ဆက်လိုက်တာ၊ သွန်းကို မောင် အတင်းခိုးပြေ





ပြေးကြောင်းနဲ့ ဘာမှ စိတ်မပူဖို့ ပြောထားတယ်၊ အန်တီက ဘယ်နေ့ ပြန်လာမှာလဲလို့ မေးနေတယ်"

"မင်း သွန်းကို ဘယ်နေ့ ပြန်ပို့မှာလဲ"

သူက သွန်းမျက်နှာလေးကို အကြာကြီး ငေးစိုက်ကြည့်နေရာမှ သွန်း နဖူးဝင်းလေးကို ညင်သာစွာ ငုံ့မွှေးနမ်းရှိုက်လိုက်သည်။

"သွန်း မောင့်ကို ပြန်ချစ်လာမယ့် တစ်နေ့နေ့ကြရင်ပေါ့၊ ဒါမှ မဟုတ် မောင်တို့ ပြန်သင့်ပြီလို့ ယူဆရမယ့်အချိန် တစ်ချိန်ကြရင် မောင်တို့ ပြန်ကြမယ်"

"ဘာ..."

"မင်း သွန်းကို ပြန်မပို့သေးဘူး ဟုတ်လား"

"သွန်းကို စိတ်မချလို့"

"မင်း နေချင်ရင် နေခဲ့၊ သွန်း ပြန်မယ်"

"ဘယ်ဖြစ်မလဲ၊ မောင်က သွန်းနဲ့အတူနေချင်လို့ ဖွတ်အတင်း ခိုးလာတဲ့ဥစ္စာ၊ သွန်း ပြန်တော့ မောင်က ဘယ်သူနဲ့ နေရမှာလဲ"

"အို... မင်းဘာသာမင်း နေချင်တဲ့သူနဲ့နေပေါ့"

"မောင် နေချင်တဲ့သူက ယောဒီက ချစ်သွန်းနဲ့ပဲ၊ သိပ်ချစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



သွန်းရယ်''

သူက သွန်းကိုယ်လေးကို ပွေ့ဖက်တော့မည်ပြုလျှင် သွန်းက သူနှင့် ဝေးနိုင်သမျှဝေးအောင် သွန်းကိုယ်လေးကို တိုးရွှေ့လိုက်သည်။ သူက သွန်းလုပ်ပုံလေးကို ကြည့်ကာ အသည်းယားစွာ ပြုံးလိုက်သည်။

''သွန်းကလဲကွာ၊ လင်မယားချင်းတောင် သိပ်တွန့်တိုတာပဲ''

''အို... ဘာတွေ လာပြောနေတာလဲ''

သူ့စကားကြောင့် သွန်းမျက်နှာလေးက ပန်းသီးတစ်လုံးလို ရဲရဲနီ တောက်သွားလျှင် သူ့မှာ သွန်းကို ပို၍ချစ်မြတ်နိုးသွားသည်။

''ဒီမှာ... ကြည့်စမ်း သွန်း''

သူက ဝတ်ထားသည့် ရှပ်အင်္ကျီကို ချွတ်ပြတော့ သွန်းက သူ့ကို လှမ်းကြည့်သည်။

ဖြူနုဝင်းဖန့်နေသည့် ဖွေးအသားရောင်ပေါ်မှာ သွန်း၏ လက်သည်း ရာ၊ ကုတ်ခြစ်ထားသည့် ဒဏ်ရာတွေက အညိုအမည်း စွဲထင်နေသလို သွန်း၏ သွားရာများဆိုတာလည်း တံဆိပ်ခပ်နှိပ်ထားသလို နေရာအနှံ့ အကွင်းလိုက် ညိုပုပ်နေ၏။

''သွန်း မောင့်ကို မသနားဘူးလား''





''မင်းကရော ငါ့ကို သနားလို့လား''

''သနားယုံ ဘယ်ကမလဲ၊ သိပ်ချစ်လွန်းလို့ အခုလို...''

''တော်... မင်းပါးစပ် ပိတ်ထား''

နူးညံ့သော မျက်လုံးများက သွန်းနှင့် အနီးကပ်ဆုံးနေရာသို့ ရောက်လာသည့်အခါတွင် ညို့ငင်ဖြားယောင်းတတ်သည့် မျက်လုံးများ ခ်၍သွားသည်။

''သွန်း... မောင်တို့ လက်ထပ်ကြရအောင်နော်၊ သွန်းကို မောင် သိပ်ချစ်တယ်''

သူ့ထံမှ တိုးတိုးတိတ်ညင်သာသော တောင်းဆိုမှုတိုင်း သွန်း နှလုံးသားကို ညင်သာစွာ ဖိအားပေးလျက်ရှိသည်။ အခုချိန်မှာ သွန်း အနေနှင့် သူ့ကို လက်မထပ်လို့မရသည့် အနေအထားကို ရောက်နေခဲ့ ပါပြီ။ သူ့တောင်းဆိုချက်ကို လိုက်လျောရုံမှလွဲ၍ တခြား ရွေးစရာလမ်း သွန်းမှာ မရှိတော့။ သို့သော် သွန်းအချစ်များကို ဖွတ်တရွတ်နည်းနှင့် ရယူသည့် သူ့ကိုတော့ မုန်းသည်။

''သွန်းကို လက်ထပ်ဖို့ မေမေတို့ရော၊ ဘွားတို့ကိုပါ အားလုံး ဖွင့်ပြောလိုက်ပြီ၊ သွန်းကို မောင် ခိုးထားတဲ့အကြောင်း''



www.burmeseclassic.com

www.burmeseclassic.com



"အို..."

"မောင်တို့ မင်္ဂလာပွဲကို အခမ်းနားဆုံးဖြစ်အောင် စီစဉ်ပေးမယ်တဲ့၊ လက်ထပ်ပြီးရင် မြန်မာပြည်အနှံ့ ဟန်နီးမွန်းထွက်ကြမယ်နော်"

ဖြစ်ချင်တိုင်း ဖြစ်ခွင့်ရသည့် ဇော့ကို သွန်း မကျေမနပ် တစ်ချက်စိုက်ကြည့်လိုက်သည်။

"မင်းကို သွန်း ပြောစရာရှိတယ်"

"ပြော... သွန်း၊ ဘာပြောပြော နားထောင်မယ်"

ရုတ်တရက် သွန်း ကိုနှင့် သွန်းတို့အကြောင်းကို သူ့အား ဖွင့်ပြောဖို့ စဉ်းစားလိုက်သည်။ နောက်တော့ ကိုယ့်အပေါ်မှာ ပိုပြီး အပြုံးပွဲ့ မုန်းတီးသွားမည့်အရေးကို တွေးမိကာ စိတ်ကိုလျှော့လိုက်သည်။

"သွန်းတို့ အိမ်ပြန်ကြမယ်"

"သွန်း မောင့်ကို လက်ထပ်မယ်ပေါ့... ဟုတ်လား"

သွန်း ခေါင်းညိတ်လိုက်လျှင် သူ့မျက်နှာက အပျော်များကို မြင်လိုက်ရသည်။

"ဝမ်းသာလိုက်တာ အချစ်ရယ်၊ ခဏနော်..."

သူသည် သွန်းကို ထားရစ်ကာ တစ်ခဏချင်း ဖုန်းတစ်လုံးနှင့်





အလုပ်ရှုပ်သွားသည်။ ပြုံးချိုရွှင်မြူးနေသည့် သူ့ထံမှ ရယ်မောသံနှင့် ပြောကြားသံများက သူက သွန်းထံမှ အချစ်ကို မရရသည့်နည်းနှင့် ယူမည့်အကြောင်း ဖော်ပြ၍နေသည်။ သွန်း မထင်မှတ်သော အပြောင်းအလဲတစ်ခုနှင့် ရင်ဆိုင်ခဲ့ရပြီဖြစ်သည်။ သွန်း ကိုယ့်အိမ်ကို ပြန်ရောက်သော်လည်း ဧည့်သည်တစ်ယောက်လို ဖြစ်နေသည်။

ထိုင်ရမလို ထရမလို သွန်းစိတ်တို့ မတည်ငြိမ်။ မှန်တင်ခုံရှေ့မှာ ထိုင်မိပြန်တော့ သွန်း ပိုပင် ဝမ်းနည်းရသည်။ သွန်းဆိုတာ ဟိုတုန်းက သွန်းမဟုတ်တော့။

ဖုန်းနီနီလေးနားသို့ အကြိမ်ကြိမ်ရောက်သော်လည်း ကိုယ့်ထံ သွန်း ဖုန်းဆက်ရမည့်အရေးကို ကြောက်ရွံ့တုန်လှုပ်နေသည်။ သွန်း အသံကိုကြားလျှင် ကို ဘယ်ပုံဘယ်နည်း ဖြစ်သွားနိုင်မှန်းမသိသော်လည်း ကိုယ့်အသံကို သွန်းကြားလျှင်တော့ သေချာပေါက် ငိုမိမှာဖြစ်ကြောင်း သွန်းဘာသာ သိသည်။

ဇော့ကို သွန်း အိမ်ရောက်ကတည်းက လုံးဝအတွေ့မခံတော့ဘဲ အခန်းတံခါးပိတ်၍ တိတ်ဆိတ်စွာနေခဲ့သည်။ မေမေနှင့် ဖေ ဘာတွေ ဘယ်လို စီစဉ်တိုင်ပင်နေကြသလဲမသိ။ သူ အကြောင်းကြားထားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဘွားနှင့် သစ္စာမြိုင်မိသားစုအားလုံး မကြာခင် ရောက်လာတော့မည်

မေမေကတစ်ဆင့် သိခွင့်ရသော်လည်း သွန်းပုံစံက ထူးခြားမလ

အေးစက်နေပါသည်။

နောက်ဆုံး သွန်း ဆုံးဖြတ်ချက် ချလိုက်သည်။ ကိုယ့်

အဖြစ်မှန်အတိုင်း သွန်း ရှင်းပြရန်ဖြစ်သည်။ ကိုယ့်အတွက် သွန်း

သစ္စာမဲ့သော မိန်းမတစ်ယောက် အဖြစ်မခံနိုင်။ သွန်းမှာ ကိုက

တခြားချစ်သူမရှိ။ ဒါကို ကို သိစေချင်သည်။ သွန်း ဖုန်း

ရပ်နေစဉ် ဖုန်းသံ ရုတ်တရက်မြည်လာ၍ ဖုန်းကလေးကို ညင်သ

ကောက်ယူနားထောင်လိုက်သည်။

"ဟဲလို"

"ကိုပါ... သွန်း"

"ကို"

စက်ကိုယ်တိုင်ပါပဲလား။ သွန်းရင်ထဲ နင့်ခနဲ ဖြစ်သွာ

"ကို"

"သွန်း"

ဖုန်းခွက်ကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်သည်။





"သွန်းကို ခွင့်လွှတ်ပါ"

"သွန်းရယ်"

သွန်းအသံက ခြောက်ကပ်နေသလို ကိုယ့်အသံကလည်း တုန်ယင်နေလေသည်။

"သွန်းသတင်းတွေကို အားလုံး ကြားပြီးပါပြီ ကလေးရယ်"

"သွန်း ကိုယ့်အပေါ်မှာ ဘယ်တုန်းကမှ သစ္စာမဖောက်ခဲ့ပါဘူး ကိုရယ်"

ပြောရင်း စိတ်မထိန်းနိုင်ဘဲ တသိမ့်သိမ့် ငိုရှိုက်မိသည်။

"မငိုပါနဲ့တော့ သွန်းရယ်၊ သွန်းကို ကို နားလည်ပါတယ်"

ကိုက သွန်း ငိုရှိုက်သံကြောင့် သွန်းကို နှစ်သိမ့်ဖို့ ကြိုးစားနေသော်လည်း ကိုယ့်အသံက ခပ်အက်အက်ဖြစ်နေကြောင်းကိုမူ မဖုံးထွယ်နိုင်ဘဲ ဖြစ်နေ၏။

"ကိုတို့ရေစက်က ဒီလောက်ပဲ ပါလာကြလို့ပေါ့ သွန်းရယ်၊ ကိုယ့်အပေါ်မှာ သွန်း ဘယ်လောက်သစ္စာရှိတယ်ဆိုတာ ကို သိပါတယ်"

"သွန်း သူ့ကို လက်မထပ်ဘူး ကို"



www.burmeseclassic.com

www.burmeseclassic.com



သွန်း ငိုရှိုက်သံဖြင့် ဗလုံးဗထွေးဖြင့် ကိုယ့်ကို ပြောလိုက်သေ

ကိုယ့်ထံမှ ရှည်လျားနင့်မောသည့် သက်ပြင်းရှိုက်သံကို ကြားလို

ရသည်။

''သွန်း ကိုယ့်ကို ချစ်လားဟင်''

''သိပ်ချစ်ပါတယ်၊ ကိုယ့်ကို သွန်း သိပ်ချစ်တယ်''

''ကိုလည်း သွန်းကို သိပ်ချစ်တယ်ဆိုတာ ယုံပေးပါကလေး

ကိုယ့်ကို ချစ်တယ်ဆိုရင် ကိုယ့်စကားကို နားထောင်ပါ''

''သွန်း''

''ရှင်… ကို''

''ကိုယ့်ကိုချစ်ရင် စိတ်လိုက်မာန်ပါ မဆုံးဖြတ်လိုက်ပါနဲ့

ရယ်''

''ကိုယ့်စကားကို သွန်း နားထောင်ပါ၊ သွန်း ခံစားချ

ကို နားလည်တယ်၊ ကိုယ်ချင်းလည်း စာတယ်၊ ဒါပေမယ့် သွန်

မိန်းကလေး၊ သွန်း မိဘအသိုင်းအဝိုင်းမျက်နှာကို ထောက်ထား

ငဲ့ညှာရမယ်၊ ကိုပြောတာ သွန်း နားလည်ပါတယ်နော်''

''သွန်း နားလည်ပါတယ် ကိုရယ်၊ သွန်းလေ…''





''ကိုယ့်စကားကို နားထောင်ပါ့မယ်လို့ ကတိပေးပါလားကွယ်''

''ကိုရယ်… အဟင့်… ဟင့်''

သွန်း ငိုမိသည်။ အဲဒါ ကိုယ့်ကို သွန်း သိပ်ချစ်လို့ပါရှင်။

''သွန်း ကိုယ့်စကားကို နားထောင်ပါ့မယ်''

''ကျေးဇူးတင်ပါတယ် သွန်းရယ်''

နောက်ထပ် ဘာစကားဆက်ရမှန်းမသိအောင် အတန်ကြာသည်

အထိ နှုတ်ဆွံ့အနေကြပြီးမှ…

''သွန်း''

''ရှင်''

''စိတ်ကိုတည်ငြိမ်အောင် ကြိုးစားပြီး အိပ်ပျော်အောင် အိပ်လိုက်

နော်၊ သွန်းနဲ့ကို ဖူးစာမပါလို့ လွဲရပေမယ့် သွန်းကို ကို မမေ့ပါဘူး''

''သွန်းမင်္ဂလာပွဲကို ကိုကိုယ်တိုင် ရောက်အောင်လာမှာပါ''

''မလာပါနဲ့ ကိုရယ်၊ ကိုလာရင် သွန်း ငိုမိလိမ့်မယ်''

''သွန်း မလာစေချင်ရင် မလာပါဘူး သွန်းရယ်၊ သွန်း စိတ်ချမ်း

သာအောင်သာ ကြိုးစားပြီးနေပါ''

''ဌတ်နိုက်နော် သွန်း''



www.burmeseclassic.com

www.burmeseclassic.com



"ငွတ်နိုက်ပါ ကို"

လက်ထဲက ဖုန်းချလိုက်သည်နှင့် သွန်း ရင်ကွဲမတတ် ငိုပစ်လိုက်သည်။

"ကိုရယ်"

ကိုရော သွန်းကို ငိုမနေပေမယ့် အသံတိတ်မျက်ရည်ကျနေမလား ကြေကွဲစွာ ငိုရှိုက်နေရာမှ စိတ်ကိုထိန်းလိုက်သည်။ သွန်း ကြေကွဲလျှင် ကိုယ့်ခမျာ ဘယ်လောက် အနေရခက်ပြီး ခံစားနေရရှာမလဲ။ သွန်း အငိုတိတ်ပြီး မျက်ရည်တွေကို သုတ်လိုက်သည်။

■



## အခန်း (၁၂)

မင်္ဂလာပွဲကို အကြီးကျယ်ဆုံး အခမ်းနားဆုံးဖြစ်အောင် နှစ်ဖက်မိဘတွေက ဖန်တီးစီရင်ခဲ့ကြသော်လည်း ထိုအတွက် သွန်းနှလုံးသားမှာ ထူးခြားမှုတို့ ဖြစ်ပေါ်မလာခဲ့ပါ။ မင်္ဂလာပွဲမှာ အပျော်ရွှင်ဆုံးသူကတော့ ဓေ ဖြစ်သည်။ ချစ်သူကို ထာဝရပိုင်ဆိုင်ခွင့်ရပြီမို့ ဓေ့မျက်နှာချောချောက ပြုံးချိုကြည်မြနေ၏။ သွန်းမျက်နှာလှလှလေးကိုသာ တစ်ချိန်လုံးလိုလို မြတ်နိုးရိပ်တို့ ဖိတ်ဖိတ်လဲ့နေသော ချစ်မျက်လုံးများဖြင့် အသေးစိတ်မှတ်စ၍ ဂရုစိုက်လို့မဆုံးနိုင်အောင် ရှိနေသည်။

ဓေနှင့်သွန်းကို လက်ဖွဲ့အဖြစ် ပေးထားသည့် သံလွင်လမ်းက တိုက်မှာ နေကြသည်။ သူ စီးနေကြကားနှင့် သွန်း၏ ကားတို့ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကားကိုဒေါင်ပြည့်သွားသည်။ ဇေက သွန်းကို နူးညံ့သိမ်မွေ့စွာ ယုယ

ကြင်နာစွာ နွေးထွေးလှိုက်လှဲစွာ ဆက်ဆံသော်လည်း သွန်းစိတ်တို့က

သူ့အပေါ်မှာ ညွတ်ပျောင်းမလာခဲ့။

ဘွားနှင့်မေမေက သွန်းအတွက်ဟုဆိုကာ လက်ဝတ်ရတနာများကို

သီးခြားလက်ဖွဲ့ထားသလို ဇေ့မိခင်ကလည်း သွန်းအတွက်ဟုဆိုကာ

ရွှေငွေရတနာ မြောက်များစွာ ပေးအပ်ခဲ့သည်။

ဟန်းနီးမွန်းခရီးအဖြစ် ဇေ့ဆန္ဒအရ သွန်းတို့ နေရာဒေသ အတော်

များများကို သွားသော်လည်း ဇေ့ကို မကျေမနပ်သည့် သွန်းမှာ သူ့ကို

ထင်သလောက် လွတ်လပ်စွာ ပျော်လို့မရဘဲ ဖြစ်၍နေသည်။

"သွန်း"

"ဘာလဲ"

"မောင့်ကို မချစ်ဘူးလား"

"ဘယ်တော့မှ မချစ်ဘူး"

ဇေက သွန်း၏ မာကျောကျွတ်ဆတ်သည့် စကားကို ဒေါ

ကျင်ဘဲ နွေးထွေးလှိုက်လှဲစွာ ရယ်သည့်အခါ သွန်းက မကျေမနပ်နှင့်

မျက်စောင်းရွယ်သည်။



"မောင့်ကို တကယ် မချစ်တော့ဘူးလား၊ မောင်ကတော့

သွန်းကို ချစ်တယ်"

သိပ်ချစ်သည့် ဇေနှင့် ဇေ့ကိုမုန်းသည့် သွန်းတို့အိမ်ထောင်ရေးက

နေ့ထဲမှ အချစ်များကြောင့် နွေးထွေးခဲ့သည်။

ဇေက သူ့အဖေကုမ္ပဏီမှာ ဒါရိုက်တာအဖွဲ့ဝင်တစ်ယောက်

ဖြစ်လာသည်။ တစ်နေ့ သွန်းတစ်ယောက်တည်း အလုပ်မှ သူငယ်ချင်း

တစ်ယောက်နှင့်အတူ ဈေးသို့အသွား…

"သွန်း"

"ဟင်… ကို"

မမျှော်လင့်ဘဲ ကိုနှင့်သွန်းတို့ ဆုံမိကြသည်။ ကွဲကွာသွားသည့်

နှစ်များစွာအတွင်းမှာ ကိုယ့်ပုံစံက သိသိသာသာ ပိန်ကျသွားသလို

ဆံပင်ကလည်း ရှည်လျက်၊ အနည်းငယ် ဖရိုဖရဲနိုင်နေတာကို တွေ့လိုက်

ရတော့ သွန်းရင်ထဲမှာ လှိုက်ခနဲ ဆို့နစ်ကြေကွဲသွားသည်။

"သွန်း ဈေးလာတာလား"

"ဟုတ်ကဲ့"

"ကို နေကောင်းရဲ့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



စက်က သွန်းမျက်နှာလေးကို ငေးကြည့်ရင်း ပြုံးသည်။

"လူကတော့ နေကောင်းပါတယ်"

ဟု ခပ်တိုးတိုးဖြေသည်။

"သွန်းကို တစ်ခါတည်း နှုတ်ဆက်ခဲ့တယ်နော်၊ ကို ပြောင်းရတော့မှာမို့ ပစ္စည်းတွေလာဝယ်တာ"

"အို..."

ဒုတိယအကြိမ်မြောက် လွင့်မျောသွားသည့်အဖြစ်မှာ သွန်းရဲ့ အပြစ်တွေပါဝင်နေမှန်းသိ၍ မျက်လုံးမှာ မျက်ရည်တွေ ချက်ချင်း ပြည့်လျှံလာသည်။

"မငိုနဲ့လေ၊ ကိုယ့်အတွက် ချစ်စရာတူ၊ တူမလေးတွေ လက်ဆောင်ပေးနော်၊ အဲဒီအခါကျမှ ကို ပြန်လာခဲ့မယ်"

"ဟင်... အကြာကြီး"

မပြောတော့ပါဘူးဟု ရည်ရွယ်ထားကာမှ ထိုစကားကို လွှတ်ခနဲ ပြောဖြစ်သွားတော့ ကိုက ညင်သာနွေးထွေးစွာ ရယ်သည်။

"မကြာပါဘူး၊ ကို ဟိုမှာ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေရဲ့ ကျန်းမာရေးကို တတ်စွမ်းသမျှ ကူညီပေးချင်လို့ပါ၊ သွန်းသာ





ကိုယ့်ကိုယ်ကို ကျန်းမာအောင်နေ သိလား၊ ကဲ... ကို သွားမယ်"

ကို နှုတ်ဆက်ကျောခိုင်းသွားလျှင် မျက်ရည်များက သူ့အလိုလို သွန်းပါးပြင်လေးပေါ်သို့ စီးကျလာသည်။

ထိုမြင်ကွင်းများအားလုံးကို အစမှအဆုံး တွေ့မြင်နေရသူက ဖေ။ ရင်ထဲမှာ ခံပြင်းစိတ်နှင့် လူက ထူပူနေသည်။ သွန်းမှာ ချစ်သူရှိတာ သိပ်ပေမယ့် ဘွားရဲ့မွေးစားမြေး စက် ဖြစ်နေမည်ဟု မထင်ခဲ့။

အခုတော့ ဖေ မျက်မြင်ကိုယ်တွေ့။ အလွမ်းဇာတ်ခင်းနေကြသည့် ချစ်သူနှစ်ဦးအဖြစ်ထဲမှာ ဖေက လူကြမ်းမင်းသားဖြစ်မှန်း သိလိုက်၏။ ဒီစိတ်တွေ လွင့်နေသည်။

အိမ်ကို သူပြန်ရောက်တော့ အတော်လေး မိုးချုပ်နေပြီ။ သွန်း အခန်းတံခါးပိတ်ကာ တိတ်ဆိတ်ငြိမ်သက်နေတာ မြင်ရတော့ ဖေ့ ဆုံးသား ဘယ်နေရာဆီကမှန်းမသိအောင် နာကျင်သွားသည်။

အခုချိန်မှာ သွန်းအတွေးတွေက သူ သိပ်ချစ်ရတဲ့ ချစ်သူဆီမှာ ရောက်နေမှာလား။ အခန်းတံခါးကို ညင်သာစွာ ဆွဲဖွင့်လိုက်သည်။ ခေါင်းရာထက်မှာ သွန်း ရှိနေပေမယ့် မျက်ဝန်းလေးတွေမှာ မျက်ရည် ...လေးတွေ ခိုတွဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇေ အနားရောက်တော့ သွန်းက မျက်လုံးလေးတွေကို ညင်သာစွာ ဖွင့်ကြည့်သည်။ နီရဲနေသည့် မျက်လုံးလေးတွေက ဘယ်အချိန်ကတည်းက ငိုနေမှန်းမသိ။

"ထမင်းစားပြီးပြီလား"

သူ မေးလိုက်သည်။

"ဟင့်အင်း"

"ဘာဖြစ်လို့ မစားတာလဲ"

သူ မျက်ခုံးကျုံ့သွားသည်။ ဘယ်အချိန်ရှိပြီလဲ။ အခုချိန်ထိ ထမင်းမစားရသေးဘူးဆိုတော့ သူ့ရင်ထဲမှာ စိုးရိမ်သောကနှင့်အတူ မနှာလိုဝန်တိုမှုကိုပါ ပြင်းစွာခံစားလိုက်ရသည်။

"နေမကောင်းလို့"

သွန်းနှဖူးပြင်လေးကို ညင်သာစွာ စမ်းသပ်ကြည့်လိုက်သည်။

"ကောင်းပါတယ်၊ ဘာမှ စားချင်စိတ်မရှိလို့ပါ"

ဇေ့စိတ်ထဲ တင်းခနဲဖြစ်သွားသည်။ ဘာကိုမှ မစားနိုင် မသောက်နိုင်လောက်အောင် လွမ်းနာကျနေတာမျိုးကို သူက ဘယ်လိုပုံစံမျိုးနှင့် ကျေကျေနပ်နပ် လက်ပိုက်ကြည့်နေရမလဲ။





"ဘာလဲ လွမ်းနာကျနေတာလား"

"ဘာပြောတယ်..."

သူက သွန်းမျက်လုံးထဲကို စိုက်ကြည့်ရင်း မခံချိမခံသာပုံစံမျိုးနှင့် ပြုံးလိုက်သည်။

"ကြားတဲ့အတိုင်းပဲ၊ ခင်ဗျားတို့ချစ်သူနှစ်ယောက် အလွမ်းသည်နေတာ ကျုပ်ကိုယ်တိုင် မြင်ပြီးသား၊ မျက်ရည်ကျနေတာလည်း အဲဒီလူကြောင့် မဟုတ်လား"

ပြောရင်း ဇေနှလုံးသားတွေ တဆစ်ဆစ်နာကျင်လာကာ မနာလိုခြင်းပြင်းစွာ မေးလိုက်လျှင် သွန်းက သူ့ကို နာကြည်းသလို တစ်ချက် မော့ကြည့်သည်။

"ဟုတ်တယ်၊ သူ့ကြောင့် မျက်ရည်ကျနေတာ ဘာဖြစ်လဲ"

"ဟင်"

သွန်းထံမှ ထင်မှတ်မထားသည့် အဖြေက အေးစက်စွာပေါ်သည့်အတွက် မခံမရပ်နိုင်ဘဲ ဖြစ်သွားသည်။

"ခင်ဗျား... ခင်ဗျား... ကျုပ်ရင်ခွင်ထဲမှာနေပြီး တခြားယောကျ်ားတစ်ယောက်ကို တမ်းတနေတာ ကောင်းသလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း သွန်းကို မစော်ကားနဲ့၊ သွန်းချစ်သူနဲ့ တွေ့ခဲ့တယ်။ မင်းကို လက်ထပ်ခဲ့တဲ့အချိန်ကစပြီး သူ့ကို အစ်ကိုတစ်ယောက် အဖြ ထက် မပိုတော့ဘူးဆိုတာ နားလည်ရဲ့လား၊ သွန်း မင်းကို လက်ထ ဖြစ်အောင် တိုက်တွန်းပေးခဲ့တဲ့သူထဲမှာ သူက ထိပ်ဆုံးက၊ သူ့ကြောင့် သွန်း မင်းကို လက်ထပ်တာ"

"ဩော်… သူတော်ကောင်းကြီးပေါ့"

ဇေ့ထံမှ ဟားတိုက်ပြီး ရယ်မောလိုက်သံက တိတ်ဆိတ်သည် ညမှာ ကျယ်လောင်စွာ ထိုးဖောက်သွားသည်။ သွန်း အံကြိတ်လိုက် သည်။

"မင်း သွန်းကို မလှောင်နဲ့၊ မကျေနပ်ရင် အခု ကွာရှင်းလို့ ရတယ်"

"ဟား… သတ္တိတွေ သိပ်ရှိနေပါလား၊ ခင်ဗျားက ကွာရှင် ချင်နေပေမယ့် ကျွန်တော်က ခင်ဗျားကို ဒီတစ်သက် ဘယ်တော့ ကွာရှင်းပေးမှာမဟုတ်လို့ ဆောရီးပဲ"

"ခင်ဗျား ချစ်ချစ် မချစ်ချစ် ကျွန်တော်ချစ်နေသ၍ ခင်ဗျ ကျွန်တော်နဲ့ပဲ နေရမယ်"





ဇေ့ထံမှ ခနဲ့တဲ့တဲ့လေသံကြောင့် သွန်းရင်ထဲမှာ အောင့်ခနဲ ဖြစ်သွားသည်။ သွန်းသည် သူနှင့် ရှေ့ဆက်ပြီး စကားပြောလို့ မရတော့မှန်း သိလိုက်သည်။ ထို့ကြောင့် သူ့ကို ကျောခိုင်းပြီး တစ်ဖက်သို့ လှည့်နေလိုက်သည်။ အခုချိန် သူမ ဘာပြောပြော သူ့ဘက်က မနာလိုဝန်တိုစိတ်ဖြင့် အကောင်းမြင်နိုင်တော့မည် မဟုတ်။

ကျောခိုင်းနေသည့် သွန်းကို တစ်ချက်စိုက်ကြည့်ပြီး သူ ထမင်း စားခန်းဘက်ဆီသို့ ထွက်ခဲ့သည်။ အရက်ပုလင်းကို ဖွင့်၍ အရက် သောက်မိသည်။ သူ သွန်းနှင့် ရန်မဖြစ်ချင်။ အရက်သောက်မိတာကလည်း သွန်းနှင့်လက်ထပ်ပြီး ဒါပထမဆုံးဖြစ်သည်။

သွန်းကတော့ သူ့ရင်ထဲက ခံစားချက်တွေကို နားလည်ရဲ့လား မသိ။ သူ သွန်းအခန်းထဲကို ပြန်ဝင်ခဲ့ချိန် သွန်းက နှစ်ခြိုက်စွာ အိပ်ပျော်၍ နေသည်။ သူ သွန်းနားမှာ ညင်သာစွာ လှဲဝင်အိပ်စက် လိုက်သည်။ ထိုညသည် နာကျင်ခြင်းများဖြင့် ခက်ခဲစွာ ဖြတ်သန်း လိုက်ရသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဒီမှာ ဒေါက်တာ"

"ဩော်... ဓေပါလား"

နောက်ပါးသီမှ ခေါ်သံကြောင့် စက် လှည့်ကြည့်လိုက်တော့ သွန်း၏ခင်ပွန်း ဓေ့ကို တွေ့လိုက်ရသည့်အတွက် စက် အံ့ဩသွားသည်။

လေဆိပ်အဆောက်အဦထဲမှာ လူရှင်းနေသည့်အတွက် သူတို့ နှစ်ယောက် အေးဆေးစွာ စကားပြောခွင့်ရနေ၏။

"ခင်ဗျားက ကျွန်တော့်ကို သိနေပါလား"

"မင်းလည်း ကိုယ့်ကို သိနေတာပဲ မဟုတ်လား ဓေ"

ကိုယ့်စကားနှင့်ကိုယ် ပြန်ပြောခံလိုက်ရတော့ ဓေ့ရင်ထဲ တင်း...





ဖြစ်သွား၏။

"ကောင်းပြီလေ၊ ဒါဆို လိုရင်းပဲ ပြောကြတာပေါ့၊ နောက် ဘယ်တော့မှ ကျွန်တော့်မိန်းမနဲ့ မပတ်သက်ပါနဲ့"

"မင်းပြောချင်တာ ဒါပဲလား"

"ဟုတ်တယ်၊ ဒီတစ်သက် သွန်းကိုရဖို့ မမျှော်လင့်နဲ့၊ သွန်းကို ဘယ်တော့မှ ကွာရှင်းပေးမှာ မဟုတ်ဘူးဆိုတာ ခင်ဗျားသိထား အောင်လို့"

ဒေါသနှင့် တင်းမာနေသည့် ဓေ့ကို ကြည့်ပြီး စက် ပြုံးလိုက် သည်။

"သွန်းအတွက် ကိုယ် စိတ်ချသွားပြီ"

"ဘာဗျာ"

"သွန်း တကယ့်မေတ္တာစစ်နဲ့ ချစ်တဲ့သူလက်ထဲ အပ်ခွင့်ရခဲ့တာ ဆိုလေ၊ စိတ်ချပါ... မင်းရဲ့သွန်းကို ကိုယ် ဘယ်တော့မှ မပတ်သက် ဘူးလို့ ကတိပေးတယ်"

"မင်းလည်း သွန်းကို ဘယ်တော့မှ စိတ်ညစ်အောင် မလုပ် ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်လို့ယူထားတဲ့ မိန်းမဗျာ၊ ကျွန်တော့်လောက် သွန်းကို ဘယ်သူမှ မချစ်နိုင်ဘူးဆိုတာ သဘောပေါက်"

ယောကျ်ားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် စူးစိုက်ကြည့်လိုက်ကြသည်။ ဘယ်သူမှ အကြည့်ကိုမလွှဲ။ လေယာဉ် ပေါ်သို့ ခရီးသည်များ တက်နိုင်ပြီဖြစ်ကြောင်း ကြေညာသံထွက်လာ စက်က အရင် ဇေ့ကို နှုတ်ဆက်လိုက်သည်။

"မင်းက ကံကောင်းတဲ့လူပါ ဇေ၊ ကိုယ်သွားမယ်"

ကျောခိုင်းသွားနေသူ၏ ကျောပြင်ကို ငေးကြည့်ရင်း ဇေ ကျန် သည်။ သူ အခုလို လုပ်မိတာ မှားသလား၊ မှန်သလားဆိုတာ သူ ကိုယ်သူလည်း မသိ။

သူ့စိတ်ထဲရှိသည့်အတိုင်း ရင်ထဲက ခံစားချက်တွေ ပြောချ သူကို ပြောခွင့်ရလိုက်တာကိုပဲ ကျေနပ်နေမိသည်။

ဇေ အခုလိုလုပ်တာ သွန်းသိရင် သူ့ကို ခွင့်လွှတ်မှာမဟုတ် သူကတော့ သွန်းကိုချစ်စိတ်နှင့် စက်ကို မရရအောင် စုံစမ်းရှာဖွေ လူချင်းတွေ့ကာ သွန်းနှင့်ပတ်သက်ပြီး သတိပေးခဲ့သည်။

စက်က ဇေ ထင်သလိုမဟုတ်။ စိတ်သဘောထားကြီးသော





ယောကျ်ားတစ်ယောက်ဖြစ်နေ၍ လူကြီးဆန်တာကိုပါ တွေ့လိုက်ရတော့ စိတ်ထဲ နည်းနည်းတော့ တစ်မျိုးဖြစ်သွားသည်။

အပြန်လမ်းတစ်လျှောက်လုံး စက်အကြောင်းတွေ တွေးနေမိသည်။ သွန်းအနေနဲ့ စက်လိုလူတစ်ယောက်ကို ချစ်မိတာ အပြစ်တင်လို့မရ။ တည်ငြိမ်အေးချမ်းသော စက်အသွင်က ကမူးရှူးထိုးဖြစ်တတ်သည့် ဇေနှင့် ဆန့်ကျင်ဘက်ဖြစ်နေတာကို ဝန်ခံရမည်။

သွန်း လိုချင်တာ တည်ကြည်ငြိမ်းချမ်း၍ စိတ်သဘောထားကြီး သော ချစ်သူ။ ဇေက သွန်းကို ချစ်စိတ်နှင့် အမြဲပူလောင်နေတာ အခုမှ ပြန်တွေးမိသည်။

အခုချိန်ကစပြီး သူ့ကိုယ်သူ သွန်း နှစ်သက်သဘောကျသော ပုံစံပြောင်းပြီး သွန်းလိုချင်သော အေးချမ်းသည့်အချစ်မျိုး ပေးတော့မည် ဟု ဆုံးဖြတ်လိုက်သည်။

မောင့်ကို ခွင့်လွှတ်ပါ သွန်းရယ်။

အခုချိန်ကစပြီး မောင့်ကြောင့် သွန်း စိတ်မညစ်စေရဘူး။ အိမ် ပြန်ရောက်တော့ တံခါးကို သော့ပိတ်လျက်သား တွေ့လိုက်ရတော့ သူ့မျက်ခုံးများ တွန့်ကုတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သွန်း ဘယ်ကိုသွားနေပါလိမ့်။ သော့ကို ဖန်အိုးအောက်မှ ထုတ်ပြီး သော့ဖွင့်ကာ အိမ်ထဲသို့ဝင်ခဲ့သည်။ ခါတိုင်း တစ်နေရာကို သွားမည်ဆိုလျှင် သူ့ကို တစ်နည်းနည်းဖြင့် အသိပေးသွားတတ်သည်။

မှန်တင်ခုံရှေ့သို့ ရောက်သွားသည်။ စာခေါက်လေးတစ်ခု။

**ခရီးထွက်သွားတယ်၊ လိုက်မရှာပါနဲ့။**

စာက တိုရှင်းပြတ်သားလှသည်။ ခရီးထွက်သွားသည်လို့ ရေးထားပေမယ့် ဘယ်ကိုရယ်လို့ အတိအကျ ရေးမထားသည့်အပြင် လိုက်မရှာပါနဲ့ဟု ရေးထား၍ သွန်း ဘယ်ကိုထွက်သွားမှန်းမသိ။ ဖွေ့ရင်ထဲမှာ စိုးရိမ်စိတ်ဖြင့် ပူလောင်သွားသည်။

သေချာပါပြီ။ သူ့ကို စိတ်ကောက်သွားမှန်း သူ သိလိုက်သည်။

သွန်းအမေကို ဖုန်းဆက်ပြီးမေးတော့ သွန်း မလာကြောင်း ပြောသည်။ နီးစပ်ရာများကို စုံစမ်းတော့လည်း သွန်းမရှိ။ သူ့ရင်ထဲ ပိုပူလာ၏။ တစ်နေ့လုံး သွန်း သွားတတ်သည့်နေရာများကို ရှာပေမယ့် သွန်းကို အရိပ်အယောင်ကိုမျှပင်မတွေ့။ သူ့ရင်ထဲမှာ ကြေကွဲလာသည်။

သွန်းရယ်။

သွန်းနာမည်လေးကို ဖွဖွခေါ်မိသည်။ သွန်းကို သူ သိပ်ချစ်





သည်။ ဘယ်လောက်အထိ မြတ်နိုးတွယ်တာသလဲဆိုတာ သူသာလျှင် အသိဆုံးဖြစ်သည်။ သွန်းနှင့်လက်ထပ်ပြီးသည့်အချိန်မှစ၍ သွန်း မျက်နှာတစ်ချက်မညိုးအောင် အလိုလိုက် ယုယကြင်နာခဲ့သော်လည်း သွန်းကိုချစ်သည့်စိတ်နှင့် မနာလိုဝန်တိုစိတ်ဖြင့် သွန်းအပေါ်မှာ ရန်လို ခဲ့တာ ဝန်ခံသည်။

တကယ်တော့ သွန်းမှာလည်း အပြစ်မရှိ။ ကိုယ့်ချစ်သူကိုပစ်ပြီး သူ့ကို လက်ထပ်ခဲ့ရသည့်အတွက် သူမနှလုံးသားမှာလည်း ခံစားချက် ဝေဒနာများရှိနေမှာ သေချာသည်။

ချစ်သူနှစ်ယောက်ကို နာကျင်စေသူက သူကိုယ်တိုင် ဖြစ်နေ သည်။ ထိုအခြေအနေကို ဖန်တီးခဲ့လျှင်တောင် သူနောင်တမရ။ သိပ်ချစ် သည့်သွန်းကို သူသာလျှင် ရယူပိုင်ဆိုင်ချင်သည်။ စက်လို ချစ်သူကို သဘောထားကြီးကြီးနှင့် နှလုံးသားအက်ကွဲခံပြီး စွန့်လွှတ်မနေနိုင်။

အခုလည်း သွန်းက သူ့ကိုထားခဲ့ပြီး တစ်နေရာကို ထွက်သွား သည်။ သွန်းကို သူ မတွေ့တွေ့အောင် ရှာရပေဦးတော့မည်။ သွန်းကို နေရာအနှံ့မှာ ရှာပါသော်လည်း မတွေ့ရပြန်တော့ လွမ်းစိတ်ဖြင့် သောကဝေဒနာတို့ ဖိစီးကာ လူက အစားမမှန်၊ အအိပ်မမှန် ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ချစ်လွန်းလို့ ရအောင်ယူထားရသည့် ချစ်သူ။ တစ်ခါမှ မခွဲဘူး ပြန်တော့ တစ်ယောက်တည်း ကျန်ရစ်ခဲ့ချိန်မှာ ရင်ထဲ မီးတောင် ပေါက်ကွဲနေသလား ထင်ရသည်။ ဖေတစ်ယောက် သွန်းအတွက် အရှုံးအမူး ခံစားကျန်ရစ်ခဲ့ချိန်မှာ…

သူငယ်ချင်းတစ်ယောက်အိမ်မှာ ရောက်နေသည့် သွန်းမှာလည်း မနက်အိပ်ရာက ထကတည်းက ကိုယ်လက်မအီမသာနှင့် နေထိုင် မကောင်း ဖြစ်နေသည်။ ရင်ထဲမှာ တလှပ်လှပ်တုန်ယင်ကာ မူးနောက် ရာမှ တစ်စုံတစ်ခုကို သိလိုက်၏။

သွန်းမှာ သူနဲ့ပတ်သက်ပြီး ရင်သွေးလေးရှိနေပြီ။ သွန်းအခြေ အနေကို အတူနေ သူငယ်ချင်းက သဘောပေါက်သည်။

"ဘယ်လိုလဲ သွန်း၊ ဖေ့ကို အကြောင်းကြားပေးရမလား၊ သူသာ ဒီသတင်းကြားရင် သိပ်ဝမ်းသာသွားမှာ သေချာတယ်"

သွန်းက သူငယ်ချင်းစကားကို မကြားသလို နေရာမှ မတုန်လှုပ် ငြိမ်သက်နေမိသည်။ သူငယ်ချင်းက သွန်းနှင့် ဖေ့အကြောင်း ဘာမှ သေချာမသိ။ သွန်း စိတ်ကောက်ပြီး သည်မှာ တမင်လာနေတာလောက်သာ သိထားသည်။





"စိတ်ကောက်နေရင်လည်း ပြေလိုက်ပါဟယ်၊ ဟိုနေ့က တိုယ် ဖေ့ကို တွေ့ခဲ့တယ်၊ ဝတ်စားတာကအစ ဖရိုဖရဲနဲ့၊ လူကလည်း သိသိ သာသာ ပိန်သွားလိုက်တာ၊ သွန်းကို သိပ်လွမ်းနေပြီ ထင်တယ်၊ သနားပါတယ်"

"သွန်း သူနဲ့ မတွေ့ချင်သေးဘူး"

သွန်းအသံ တိုးတိုးလေးဖြစ်သည်။ ရင်ထဲမှာ ဖေနဲ့ပတ်သက်ပြီး အခံရခက်နေသည်။ သူနဲ့ တစ်လတိတိ ခွဲနေပေမယ့် သွန်း သူ့ကို တစ်နေ့မှ မမေ့ခဲ့။ စက်ဆိုတာ သွန်းရဲ့ ချစ်သူမှန်သော်လည်း သူနဲ့ လက်ထပ်ပြီးသည့်အချိန်မှစ၍ သွန်းဘဝထဲကချစ်သူကို ဖယ်ထုတ်ခဲ့သည်။ ဒါတွေကို သူက မသိ။ နားမလည်ဘဲ ပြောချင်ရာတွေ ပြောနေသည်။ သူ့ရင်ခွင်ထဲမှာနေပြီး တခြားယောကျ်ားကို တမ်းတနေရအောင် သွန်း ကိုယ်ကျင့်တရားမမဲ့။

သွန်း သူငယ်ချင်း ညိုက သွန်းကို တစ်ချက်စိုက်ကြည့်ပြီး သက်ပြင်းချသည်။

သူ့ထံသို့ သွန်း ရောက်လာခဲ့သည့်အချိန်မှစ၍ သွန်း နေ့တိုင်း ကျိတ်ပြီး မျက်ရည်ကျနေတာကို ညိုသိသည်။ ထို့ကြောင့်ပင် ဖေ့ထံ



www.burmeseclassic.com

www.burmeseclassic.com



သွန်းမသိအောင် ဖုန်းဆက်လိုက်သည်။

ဇေ မမျှော်လင့်ဘဲ သွန်းသတင်းကို ရလိုက်သည့်အတွက် သွန်း သူငယ်ချင်း ညို့ကို ကျေးဇူးတင်၍မဆုံး။ ညိုက အလုပ်မှ ဖုန်းလှမ်း ဆက်ပေးတာမို့ သွန်းနေသည့် အိမ်လိပ်စာကို ဝမ်းသာစွာ ရေးမှတ်ရင်း ဖုန်းချသည်နှင့် ကားကို တရကြမ်း မောင်းထွက်ခဲ့သည်။

သွန်းရယ်… သူ့မှာတော့ အရူးကြီးလိုဖြစ်ကာ မအိပ်နိုင် မစားနိုင်။ သွန်းကို ချစ်သည့်စိတ်၊ လွမ်းသည့်စိတ်နှင့် လူရုပ်ပင် မပေါက်ချင်တော့။ သူ ခံစားနေရတာကို သူ့သာမက သူ့ပတ်ဝန်းကျင် ကပါ သူ့အတွက် စိတ်မချမ်းမသာ ဖြစ်ကြသည်။ သူ ထင်နေသလို သွန်းက အဝေးကြီးကို ထွက်သွားတာမဟုတ်ဘဲ တစ်မြို့တည်းမှာ အတူရှိနေခဲ့သည်။ သွန်းသတင်းကို ကြားရလျှင် ရင်ထဲမှာ ကြည်နူး ချမ်းမြေ့သွား၏။

ဟော… တွေ့ပါပြီ။ ပွင့်နေသည့် တံခါးအတိုင်း ကားကို မောင်းဝင်ခဲ့သည်။ ကားကို တိုက်ရှေ့တည့်တည့်မှာ ရပ်လိုက်ပြီး ကားပေါ်မှ ဆင်းလိုက်သည့်အချိန်ထိ အိမ်ကြီးက တိတ်ဆိတ်နေ၏။

"တီ… တောင်"





ဘဲလ်သံကြောင့် အိမ်ဖော်မလေး ပြေးထွက်လာ၏။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်"

"သွန်းရဲ့စည်သည်လို့ ပြောလိုက်"

"ဟုတ်ကဲ့၊ ထိုင်ပါဦးနော်… အပု မမသွန်းကို သွားခေါ်လိုက် ဦးမယ်"

အိမ်ပေါ်မလေး အပုက သွက်လက်စွာ အိမ်တံခါးဖွင့်ပေးပြီး သွန်းရှိရာ အပေါ်ထပ်သို့ ပြေးတက်သွား၏။

"မမလေး‥ စည်သည်ရောက်နေပါတယ်"

"ဘယ်သူလဲ အပု"

"အပု မသိဘူး မမ"

"အေး… အေး၊ သွန်း အခု ဆင်းခဲ့မယ်"

သွန်း အပေါ်ထပ်လှေကားအတိုင်း ဆင်းလာရင်း ဧည့်ခန်းကို လှမ်းအကြည့်…

"သွန်း"

"ဟင်… မင်း ဒီကို ဘာလာလုပ်တာလဲ၊ အခုပြန်ပါ"

"သွန်း"



www.burmeseclassic.com

www.burmeseclassic.com



ဇေ လှမ်းခေါ်ပေမယ့် သွန်းက ဇေ့ကို မကြည့်။ အပေါ်ထပ်ကို ပြန်တက်သွားရန် ခြေလှမ်းပြင်နေ၍ ဇေကပဲ သွန်းရှိရာ အပေါ်ထပ် လှေကားပေါ် လှွားခနဲ ခုန်ကျော်ရောက်လာကာ သွန်းရှေ့က ပိတ်ရပ်လိုက်သည်။

"သွန်း"

"မင်း ဘာလုပ်တာလဲ၊ သွန်းရှေ့က ဖယ်စမ်း"

"ဖယ်စေချင်ရင် သွန်း မောင်နဲ့ပြန်လိုက်မယ်လို့ ကတိပေး။ သွန်းကို မောင် သိပ်လွမ်းနေပြီ၊ မောင့်ကို နည်းနည်းမှ မသနားတော့ဘူးလား အချစ်ရယ်၊ မောင့်ရုပ်ကို ကြည့်ပါဦး၊ အရင်နဲ့ တူသေးရဲ့လားဆိုတာ၊ နောက်ကို သွန်း စိတ်သဘောအတိုင်းဖြစ်အောင် မောင် ကြိုးစားပါ့မယ်၊ မောင့်ကြောင့် သွန်း နောက်ထပ် စိတ်မဆင်းရဲစေရဘူး၊ မောင်နဲ့ ပြန်လိုက်ခဲ့နော် အချစ်"

သွန်း သူ့မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

အမျှင်မပြတ် စကားတွေပြောပြီး တောင်းပန်နေသူ မျက်နှာမှာ နောင်တကို တွေ့ရသည်။

"မောင့်ကို ခွင့်လွှတ်တယ် မဟုတ်လားဟင်"





"ခွင့်မလွှတ်ဘူး"

သွန်းအသံက ညင်သာတိုးတိတ်သော်လည်း နာကြည်းမှုတို့ မပါဝင်ဘဲ နွေးထွေးနေသည့်အတွက် သူ သွန်းမျက်နှာလေးကို ငုံ့ကြည့်လိုက်သည်။ သွန်းကလည်း သူ့ကို မော့ကြည့်လာလျှင် အကြည့်ချင်း ဆုံမိကြသည်။

"မင်းကို သွန်း မုန်းတယ်... သိလား"

"သိတယ်၊ မောင့်ကို သွန်း ဘယ်တော့မှ မချစ်တော့ဘူးဆိုတာ၊ မောင် သွန်းကို အရှုံးပေးတယ်၊ သွန်း ကျေနပ်ပါ"

ဇေက သွန်းမျက်နှာလှလှလေးကို ရင်နာစွာ ငေးစိုက်ကြည့်ရင်း သူ့ရင်ထဲက ခံစားချက်ကို ဆိုလိုက်သည်။

"မောင်နဲ့ ပြန်လိုက်ခဲ့နော် သွန်း"

"မလိုက်"

"မလိုက်ရင် သွန်းကို ဟောဒီလို ပွေ့ခေါ်သွားမယ်၊ ကဲ..."

"အို... သွန်းကို လွှတ်စမ်းပါ၊ အောက်ကို ချဆို"

ဘယ်လိုရုန်းရုန်း ဇေက မလွှတ်။ ဖွတ်တာရွတ် သူ့အကျင့်အတိုင်း သွန်းကိုယ်လေးကို ဖွတ်ပွေ့ချီလာ၍ သွန်း သူ့ကိုယ်ကြီးကို လက်သီး



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်လေးများဖြင့် ထုရိုက်ပစ်မှ သူက သွန်းကိုယ်လေးကို ညင်သာစွာ ချပေးသည်။

"အို... မူးလိုက်တာ"

"သွန်း"

ယိုင်ခနဲဖြစ်သွားသည့် သွန်းကိုယ်လေးကို ဧ သူ့ရင်ခွင်ထဲ သိမ်းပွေ့လိုက်၏။

"ဖယ်ပါ၊ မုန်းစရာကောင်းတဲ့လူ၊ ပြောနေတဲ့ကြားက လူကို ဖွတ်အတင်း... ဝေါ့"

"ဟာ... သွန်း"

သွန်းက ဧကို တွန်းဖယ်ကာ ဘေစင်ရှိရာ ပြေးသွား၍ သွန်းနောက်က ဧ လိုက်လာပြီး သွန်းကို ကူညီဖို့ ကြိုးစားသည်။

"ဝေါ့"

"မောင် ဘာလုပ်ပေးရမလဲ သွန်း၊ ဆရာဝန် ခေါ်ရမလား ဟာ... ဟုတ်ပြီ၊ ဟို... သွန်းမှာ... သွန်းမှာ ဟိုဒင်း... မောင့်ရင်သွေး လေးရှိနေပြီထင်တယ်၊ ဟုတ်လားဟင်"

"ဟုတ်တယ်... ဟုတ်တယ်"





"ဟေး... ကလေးအဖေဖြစ်ပြီကွ"

"အို... ဘာလို့အော်ရတာလဲ"

"ပျော်လို့၊ သိပ်ပျော်လို့"

"သွန်း နေကောင်းအောင်နေနော်"

"မင်းကြောင့် အခုလိုဖြစ်နေမှ ဘယ်လိုလုပ် နေကောင်းမှာလဲ၊ ကဲ... ကဲ"

သွန်းက အပျော်လွန်နေသော ဧကို ထုရိုက်တော့ သူက ရယ်မောပြီး သွန်းကိုယ်လေးကို ရင်ခွင်မှာ ကြင်နာစွာ သိမ်းယူပိုက်ထွေး လျက် သွန်းပါးလေးကို ဖွဖွရှိုက်နမ်းလိုက်သည့်အတွက် အချစ်ရည်တူ ကြည်ဖြူစွာ ဒီဘဝမှာ ချစ်သူ့ရင်ခွင်မှတစ်ပါး...။

နှလုံးစိတ်ဝမ်း ငြိမ်းချမ်းပါစေ

ဆုအဥ္ဂလီ



BURMESE CLASSIC .com
www.burmeseclassic.com